
http://swanbros.blogspot.com



http://swanbros.blogspot.com

# နိုင်ငံရပ်ခြားခရီးနှင့်ဗေဒင်ပညာ

သိန်းပိုင် (M.Engg.Geol)

ဖြန့်ချိရေး

**ဒေါ်ဒဂုန်ခင်သင်**

**သမီးဇောတိကစာပေ**

အမှတ် (၁၇၅)၊ သိမ်ဖြူလမ်း၊

ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့၊

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://swanbros.blogspot.com

ဗေဒင်ပညာရပ်နှင့်တကွ
လောကီ၊ လောကုတ် နှစ်ဖြာသော
ပညာရပ်တို့အား
သင်ကြားပြသပေးခဲ့သော
ကျွန်ုပ်၏လက်ဦးဆရာ
ကျေးဇူးရှင်ကြီး ဦးကိုလေး
(ပျော်ဘွယ်) ကွယ်လွန်အား
ဤစာအုပ်ဖြင့်
ရှိခိုးပူဇော်
ကန်တော့အပ်ပါသည်။

သိန်းပိုင် (M.Engg.Geol)

---

သ မီး ဇေ ယိ ဏ ဆဝေ

http://swanbros.blogspot.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူကြိုတင်ခွင့်ပြုချက်အမှတ် | ၁၄၉ / ၂၀၀၃ (၂) |
| မျက်နှာဖုံးကြိုတင်ခွင့်ပြုချက်အမှတ် | ၁၇၄ / ၂၀၀၃ (၃) |
| အကြိမ် | ပထမအကြိမ် |
| အုပ်ရေ | ၁၀၀၀ အုပ် |
| တန်ဖိုး | ၄၀၀ ကျပ် |
| ပုံနှိပ်လ | ၂၀၀၃၊ နိုဝင်ဘာလ |
| ကွန်ပျူတာ | တင်တင်ဌေး |
| အတွင်းဖလင် | အောင်တင်အေးနှင့်သမီးများ |
| မျက်နှာဖုံး | ဥက္ကာ (Hetea) |

# ဆရာမဒေါ်ပုန်ခင်သစင် စီစဉ်သည်

| | |
|---|---|
| မျက်နှာဖုံးပုံနှိပ် | ဦးကျော်စိန် (၂၉၀၉)<br>ကျောက်စိမ်းပုံနှိပ်တိုက်<br>၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | ဦးကံအောင်(ခ) ဦးအောင်အောင်<br>ဂုဏ်ထွန်းပုံနှိပ်တိုက် (၀၆၁၂၃)<br>အမှတ် (၁၁၇၃)၊ သုခမွှာ ၂-လမ်း၊<br>(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးသန်းဆွေ၊<br>စစ်သည်တော်စာပေ၊ (၀၁၄၇၃)<br>အမှတ် ၁၁၃၁ / က၊ ဥယျာဉ်လမ်း၊<br>၁၉ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်)ရန်ကုန်။ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | နိဒါန်း | |
| ၁။ | ပညာထူးချွန်သဖြင့် နိုင်ငံရပ်ခြားသို့ ပညာတော်သင်သွားရောက်ရခြင်း | ၃ |
| ၂။ | သင်္ဘောသားအဖြစ် နိုင်ငံရပ်ခြားသို့ သွားရောက်လုပ်ကိုင်ခြင်း | ၆ |
| ၃။ | ကုမ္ပဏီကိစ္စ၊ စီးပွားရေးကိစ္စဖြင့် နိုင်ငံရပ်ခြားသို့ သွားရောက်ရခြင်း | ၁၀ |
| ၄။ | ပညာရှင်အဖြစ် နိုင်ငံရပ်ခြားတွင်သွားရောက်လုပ်ကိုင်ခြင်း | ၁၄ |
| ၅။ | ဘုရားဖူးရန် (သို့) ဘာသာရေးကိစ္စများနှင့် စပ်လျဉ်း၍ နိုင်ငံရပ်ခြားသို့သွားရောက်ရခြင်း | ၁၈ |
| ၆။ | အားကစားထူးချွန်၍ နိုင်ငံရပ်ခြားသို့ သွားရောက်ရခြင်း | ၂၂ |
| ၇။ | နိုင်ငံရပ်ခြားသို့ သွားရောက်ရသော်လည်း အဆင်မပြေ၍ အမိနိုင်ငံသို့ ပြန်လာရခြင်း | ၂၆ |
| ၈။ | အနုပညာယဉ်ကျေးမှုတို့ကို အကြောင်းပြု၍ | ၃၁ |

နိုင်ငံခြားရပ်သို့ သွားရောက်ရခြင်း
၉။ နိုင်ငံရပ်ခြားတွင် နှစ်ရှည်လများသွားရောက် ၃၆
အခြေချနေထိုင်ခြင်း
၁၀။ ကျန်းမာရေးအတွက် ဆေးကုသမှုခံယူရန် ၄၀
နိုင်ငံရပ်ခြားသို့ သွားရောက်ရခြင်း
၁၁။ သံတမန်အဖြစ် နိုင်ငံရပ်ခြားတွင် သွားရောက် ၄၄
တာဝန်ထမ်းဆောင်ခြင်း
၁၂။ နိုင်ငံရပ်ခြားခရီးနှင့် သက်ဆိုင်သော ဗေဒင်ပညာ ၄၈
ရပ်ပိုင်းဆိုင်ရာ အရေးကြီးသော အချက်အလက်များ

http://swanbros.blogspot.com

# နိဒါန်း

လူသားတို့သည် လူ့သမိုင်းစတင်ခဲ့သည့် ကျောက်ခေတ်၊ သမိုင်းဦး ဘုံမြေခေတ်မှ စတင်၍ မိမိတို့၏ ဘဝအသက်ရှင်ရပ်တည် နေထိုင်နိုင်ရေး အတွက် ရေကြည်ရာမြက်နုရာသို့ လှည့်လည်သွားလာ နေထိုင်ခဲ့ကြပေသည်။ ယနေ့အရှိန်အဟုန်ဖြင့် ခေတ်မီတိုးတက်လျက်ရှိသော ကွန်ပျူတာ့ကမ္ဘာမြေကြီးတွင် ရေမြေရပ်ခြား တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် ကူးလူးဆက်ဆံမှုများ ပိုမိုများပြားလာသည့်အားလျော်စွာ လူသားတို့သည် ပင်လယ်ရပ်ခြားတိုင်း တပါးသို့ ပိုမိုလျင်မြန်လွယ်ကူစွာ ရောက်ရှိနိုင်ခဲ့ကြပေသည်။ ထိုနည်းတူစွာပင် ယနေ့ခေတ်ကျွန်တော်တို့ မြန်မာနိုင်ငံတွင်လည်း အထူးသဖြင့် ခေတ်လူငယ် လူရွယ်တို့သည် မိမိတို့၏ ဘဝရှေ့ရေး အောင်မြင်တိုးတက်မှုအတွက် နိုင်ငံ ရပ်ခြားသို့ စွန့်စားသွားရောက်ကြသူများ၊ တစ်နေ့တစ်ခြား များပြားလာရုံမက ခေတ်အခြေအနေအရ နိုင်ငံရပ်ခြားခရီးကိုလည်း လူအများက ပိုမိုစိတ်ဝင် တစား ရှိလာခဲ့ကြပေသည်။

ထို့ကြောင့် နိုင်ငံရပ်ခြားသွားရောက်ရခြင်း၏ အကြောင်းတရားကို ဗေဒင်ပညာရှုထောင့်မှနေ၍ ကျွန်တော်လေ့လာတွေ့ရှိခဲ့ရသမျှ အတွေ့အကြုံ များနှင့် စုစည်း၍တင်ပြရန် စိတ်ကူးပေါ်ပေါက်လာရပါသည်။ သို့ပါ၍ နိုင်ငံ

http://swanbros.blogspot.com



ရပ်ခြားသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်ခဲ့ရသောသူများထံမှ ဇာတာများနှင့်တကွ သက်ဆိုင်ရာအချက်အလက်များကို တောင်းခံပြီး စုစည်း၍ တင်ပြရခြင်းဖြစ်ပါသည်။

ရှေးဟောင်းဟိန္ဒူကျမ်းအချို့၏ အယူအဆများအရ နိုင်ငံရပ်ခြားခရီးသွားခြင်းကို ၈ တန့်၊ ၉ တန့်၊ ၁၂ တန့်ဘာဝတို့နှင့် ဆက်နွယ်မှုရှိနေကြောင်း ဖော်ပြခဲ့ကြသော်လည်း ယျွခေတ်အခါတွင် တိုးတက်ပြောင်းလဲလာခဲ့သော ခေတ်အခြေအနေနှင့် အကြောင်းအရပ်ရပ်တို့ကို သုံးသပ်လျက် လက်တွေ့ဖြစ်ရပ်များနှင့် နှိုင်းယှဉ်ကာ တိုးတက်သောအယူအဆသစ်တို့ဖြင့် ထပ်မံထည့်သွင်းစဉ်းစားသင့်ပေသည်။

နိုင်ငံရပ်ခြားသို့ သွားရောက်ရခြင်းနှင့် အဓိကသက်ဆိုင်နေမှုမှာ လဂ်၊ လဂ်သွင်၊ စန်းသွင်၊ ၉ တန့် သွင်ဂြိုဟ်နှင့် အခြားသက်ဆိုင်ရာ အကြောင်းအရာများနှင့် ဆက်နွယ်လျက်ရှိသည့် ဘာဝသခင်ဂြိုဟ်များဖြစ်ပြီး၊ အတန့်ဘာဝများအနေဖြင့် ၇ တန့်၊ ၉ တန့်၊ ၁၁ တန့်နှင့် ၁၂ တန့်ဘာဝတို့ပင်ဖြစ်ပါသည်။ ၎င်းပြင် အခြားအတန့်ဘာဝများနှင့် ဆက်စပ်ပြီး မည်သည့်အကြောင်းကြောင့် သွားရသည်ဆိုသည်ကိုလည်း ပြောပြနိုင်ပါသည်။ မူလဇာတာခွင်တွင် လဂ်နှင့်စန်းသည် စရလဂ်၊ စရစန်းများဖြစ်ပြီး စရနဝင်းများကိုသာ စီးထားပါက နိုင်ငံခြားသို့သွားရောက်ရန်အတွက် အခွင့်အရေးအများဆုံးနှင့် အလွယ်တကူနှင့်ပင် နိုင်ငံရပ်ခြားသို့ သွားရောက်ရတတ်ပါသည်။ အခြားထိရလဂ်၊ ထိရစန်းများနှင့် ဒွေးဒဟလဂ်၊ ဒွေးဒဟစန်းများသည်လည်း နိုင်ငံရပ်ခြားသို့ သွားစေနိုင်သော အမြင်အယှဉ်များရှိပါက သွားရောက်ရမည်ဖြစ်ပါသည်။ ဥပမာ-လဂ်သည် ထိရလဂ်ဖြစ်သော်လည်း လဂ်သွင်သည် ၉ တန့်၊ ၁၁ တန့်ဘာဝများတွင် အားရှိစွာရပ်တည်ပြီး ၎င်းအတန့်သွင်ဂြိုဟ်များသည်လည်း ကောင်းသောအတန့်ဘာဝများတွင် အားရှိစွာရပ်တည်ခဲ့ပါက နိုင်ငံရပ်ခြားနှင့် ပတ်သက်သော အကျိုးအမြတ်များ

http://swanbros.blogspot.com



ကိုခံစားခွင့်ရှိပါသည်။ အမှန်တကယ်သွားဖြစ်မည်၊ မသွားဖြစ်မည်။ မည်သည့်အချိန်တွင် သွားရောက်ရမည်ဆိုသည်များကို အခြားအချက်အလက်များနှင့် ဆက်စပ်ပြီး ကြည့်ရှုစစ်ဆေးရန် လိုအပ်ပါသည်။

ကောဇာဂြိုဟ်စီး၊ ဂြိုဟ်နင်းများနှင့် ပတ်သက်၍လည်း ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုနှင့်ကိတ်တို့သည် အဓိကတွန်းအားပေးသော သရုပ်ဆောင်ဂြိုဟ်များဖြစ်ပြီး၊ ကျန်ဂြိုဟ်များနှင့်လည်း အနည်းနှင့်အများဆိုသလို ဆက်စပ်မှုရှိပါသည်။

ကာလအပိုင်းအခြားများနှင့် ပြောရပါကလည်း ၇ တန့်၊ ၉ တန့်၊ ၁၁ တန့်သွင်ဂြိုဟ်များ ဒသာစားချိန် (သို့) ၎င်းအတန့်ဘာဝများတွင် ရပ်တည်နေသော အားရှိသည့်ဂြိုဟ်များ ဒသာစားချိန်၊ မူလဇာတာတွင်လည်း ရာဟု၊ စနေ၊ ကြာသပတေးဂြိုဟ်တို့သည် အားကောင်းစွာဖြင့် အတန့်ကောင်းများဖြစ်သော စရရာသီများတွင် ရပ်တည်ပြီး ၇ တန့်၊ ၉ တန့်၊ ၁၁ တန့်သွင်ဂြိုဟ်များနှင့် ဆက်သွယ်နေပါက ၎င်းဂြိုဟ်များ ဒသာစားချိန်မျိုးတွင်လည်း နိုင်ငံရပ်ခြားသို့ သွားရောက်ရစေတတ်ပါသည်။ ၎င်းပြင် နိုင်ငံရပ်ခြားသို့သွားရောက်ပြီးနောက် ယခုခေတ်တွင် ငွေကြေးနေဥစ္စာတိုးတက်မှုကိုလည်း ဖြစ်ပေါ်စေသည့် ဓနဘာဝဖြစ်သော ၂ တန့်ဘာဝနှင့် ၂ တန့်သွင်ဂြိုဟ်ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

နိုင်ငံရပ်ခြားသွားရောက်ခြင်းနှင့် သက်ဆိုင်သောအကြောင်းအမျိုးမျိုး၊ ကိစ္စအမျိုးမျိုးရှိသည့်အနက် အကြောင်းအရာအချို့ကို တင်ပြပြီး မည်သည့်အတွက်ကြောင့် သွားခဲ့ရသည်ဆိုသည်ကို ဥပမာဇာတာများနှင့်တကွ ရှင်းလင်းဖော်ပြပါမည်။

နိုင်ငံရပ်ခြားသို့သွားရောက်ရခြင်း အကြောင်းအရာများကို အကြမ်းအားဖြင့် အောက်ပါအတိုင်း ခွဲခြားဖော်ပြနိုင်ပါသည်။

(က) ပညာထူးချွန်သဖြင့် နိုင်ငံရပ်ခြားသို့ ပညာတော်သင်သွား

http://swanbros.blogspot.com



ရောက်ရခြင်း။

(ခ) သင်္ဘောသားအဖြစ် နိုင်ငံရပ်ခြားသို့ သွားရောက်လုပ်ကိုင်ခြင်း။

(ဂ) ကုမ္ပဏီကိစ္စ၊ စီးပွားရေးကိစ္စများဖြင့် နိုင်ငံရပ်ခြားသို့သွားရောက်ရခြင်း။

(ဃ) ပညာရှင်အဖြစ် နိုင်ငံရပ်ခြားတွင်သွားရောက်လုပ်ကိုင်ရခြင်း။

(င) ဘုရားဖူးရန် (သို့)ဘာသာရေးကိစ္စများနှင့် စပ်လျဉ်း၍ နိုင်ငံရပ်ခြားသို့ သွားရောက်ရခြင်း။

(စ) အားကစားထူးချွန်၍ နိုင်ငံရပ်ခြားသို့ သွားရောက်ရခြင်း။

(ဆ) နိုင်ငံရပ်ခြားသို့သွားရောက်ရသော်လည်း အဆင်မပြေ၍ အမိနိုင်ငံသို့ပြန်လာရခြင်း။

(ဇ) အနုပညာ၊ ယဉ်ကျေးမှုတို့ကို အကြောင်းပြု၍ နိုင်ငံရပ်ခြားသို့ သွားရောက်ရခြင်း။

(ဈ) နိုင်ငံရပ်ခြားတွင် နှစ်ရှည်လများ သွားရောက်အခြေချ နေထိုင်ခြင်း။

(ည) ကျန်းမာရေးအတွက် ဆေးကုသမှုခံယူရန် နိုင်ငံရပ်ခြားသို့ သွားရောက်ရခြင်း။

(ဋ) သံတမန်အဖြစ် နိုင်ငံခြားတွင် သွားရောက်တာဝန်ထမ်းဆောင်ခြင်းတို့ပင် ဖြစ်ပါသည်။

---

**သ မီး ဇေ တိ ဏ ဆာဃ**


http://swanbros.blogspot.com




# (က)ပညာထူးချွန်သဖြင့်နိုင်ငံရပ်ခြားသို့ပညာတော်သင် သွားရောက်ရခြင်း


**ဥပမာဇာတာ (၁)**


၁၃၁၆ ခု၊ နတ်တော်လပြည့်ကျော် (၃) ရက် (၁၃. ၁၂. ၁၉၅၄) တနင်္လာနေ့ မြန်မာစံတော်ချိန်နံနက် ၃ နာရီ တိတိတွင် ရန်ကုန်မြို့၌ မွေးဖွားသည်။




**စောင့်ရင်းဒသာ** - စနေဂြိုဟ် ၁၅ နှစ် ၁၁ လ ၁၆ ရက်




## (၁၈-၆-၁၉၈၈) နိုင်ငံခြားသို့ စတင် ထွက်ခွာသောနေ့ရှိ ကောဇာဂြိုဟ်ခွင်

ဇာတာရှင်မှာ B.V.S ဘွဲ့ရတိရိစ္ဆာန်ဆေးကု ဆရာဝန် (အမျိုးသမီး) ဖြစ်ပြီး စိုက်ပျိုးရေးနှင့် တိ-မွေး-ကုဆိုင်ရာ အစိုးရဌာနတစ်ခုမှနေ၍ နယ်သာလန်နိုင်ငံသို့ ပညာတော်သင်စေလွှတ် ခြင်းခံခဲ့ရသူဖြစ်ပါသည်။ ဇာတာရှင်နိုင်ငံခြားသို့ သွားရောက်ရခြင်းအကြောင်းကို ဗေဒင်ပညာရှင် ရှုထောင့်မှ လေ့လာသုံးသပ်ကြည့်ပါက-

မူလဇာတာရာသီခွင်တွင် ဇာတာရှင်သည် စရလဂ်၊ စရစန်း ဖြစ်နေသဖြင့် အမြဲတန်းသွားလာ လှုပ်ရှားနေရပြီး ခရီးသွား ဝါသနာပါသူဖြစ်သည့်အားလျော်စွာ လဂ်သခင်သောကြာဂြိုဟ်သည်လည်း စရရာသီ (တူရာသီ) တွင်ပင် လဂ်နှင့်ပူးယှဉ်ရပ်တည်ပြီး စရနဝင်း (မိဿနဝင်း) စီးထားခြင်း၊ စန်းသည်လည်းကသစ်ရပြီး ဥစ်သခင် ကြာသပတေးဂြိုဟ်နှင့် ပူးယှဉ်နေခြင်းတို့ ကြောင့် ခရီးသွားလာခြင်းဖြင့် ဇာတာရှင်၏ ဘဝအောင်မြင် တိုးတက်မှုနှင့် အကျိုးအမြတ်တို့ကို ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် လဂ်၊ လဂ်သခင်နှင့် စန်းတို့သည် စရရာသီများတွင်ပင် ရပ်တည်ကာ လဂ်သည် ဒွေးဒဟနဝင်း၊ လဂ်သခင်သည် စရနဝင်းနှင့်စန်းသည် ထိရနဝင်းစီးသော်လည်း နဝင်းလဂ်မှ

http://swanbros.blogspot.com



၉ တန့်တွင် ရပ်ခြင်းတို့က နိုင်ငံရပ်ခြားသို့သွားရောက်ရအောင် အဓိက တွန်းအားပေးနေသကဲ့သို့ ရှိပါသည်။

၎င်းပြင် ကိတ်သည် ၉ တန့် ဘာဝတွင် ရပ်တည်နေခြင်း၊ စနေဂြိုဟ်သည် ဥစ်မူ၍ လဂ်နှင့် လဂ်သခင် သောကြာဂြိုဟ်ကို ပူးယှဉ်နေခြင်းက နိုင်ငံရပ်ခြားလူမျိုးခြားများနှင့် အကျိုးပေးသည်ကို ဖော်ပြလျှက် ရှိပါသည်။ စနေဂြိုဟ်သည် နိစ်နဝင်း စီးထားသော်လည်း နိစ်ပျက်ကာ နိစ္စဘင်္ဂရာဇယုဂ်ကိုရရှိထားခြင်းကြောင့်အစပိုင်းတွင်အခက်အခဲ အနှောက်အယှက်များနှင့် တွေ့ကြုံပြီးမှ အောင်မြင်မှုရခြင်းကို ဖြစ်စေပါသည်။ ၎င်းပြင် စနေဂြိုဟ်သည် တူလဂ်အတွက် ယောဂကာရက ဂြိုဟ်ဖြစ်သလို ၅ တန့်သခင်လည်း ဖြစ်နေသဖြင့် ဇာတာရှင်အား ပညာရေးနှင့်ပတ်သက်၍ ကံကောင်းစေပြီး အောင်မြင်ကျော်ကြားမှုကို ဖြစ်ပေါ်စေပါသည်။ ၎င်းပြင် ကြာသပတေးဂြိုဟ်သည်လည်း ဥစ်မူကာကသစ်ဂြိုဟ် တနင်္လာနှင့်ပူးယှဉ်ပြီး ၁၀ တန့် ဘာဝတွင် ရပ်တည်နေသဖြင့် အားကောင်းသော ဂဇကေသရီ ယုဂ်ကို ရရှိထားသဖြင့် ပညာရေးတွင် အောင်မြင်ရုံမက ငွေကြေးမနေလည်း ပြည့်စုံချမ်းသာစေပြီး ရာထူးဌာနန္တရတို့ကို ပေးစွမ်းနိုင်သဖြင့် ဇာတာရှင်သည် တိရစ္ဆာန် ဆေးကုဆရာဝန်ဘွဲ့ (B.V.S) ကို ရရှိပြီးနောက် အစိုးရဌာနတစ်ခု တွင် ဝင်ရောက်လုပ်ကိုင်ကာ နိုင်ငံတော်မှ ပညာတော်သင်စေလွှတ် ခြင်းခံခဲ့ရသဖြင့် ၁၈. ၆. ၁၉၈၈ မှ ၁၈. ၁၂. ၁၉၈၈ အတွင်း နယ်သာလန်နိုင်ငံ Onkerk Practical School မှ Daing Husbandry & Milk Processing ဘာသာရပ်အတွက် Diploma ဘွဲ့ကို ရရှိခဲ့ပြီး အမိမြန်နိုင်ငံသို့ ပြန်ရောက်ရှိကာ အလုပ်တာဝန် ဝတ္တရားများကို ဆက်လက်ထမ်းဆောင်လျှက်ရှိပါသည်။

ဇာတာရှင် နိုင်ငံခြားသို့ သွားရောက်ခဲ့သော ကာလအပိုင်းအခြားကို

http://swanbros.blogspot.com



ဝိသောတ္တရီဒသာ စနစ်ဖြင့် တွက်ချက်စစ်ဆေးကြည့်ပါက နိုင်ငံရပ်ခြားသို့ ထွက်ခွာသွားစဉ်-

- ထူလဒသာသခင်ဂြိုဟ် ၉ တန့် ဘာ၁၀တွင် ရပ်တည်နေသော ကိတ်ဒသာအတွင်း ကျရောက်နေခြင်း။
- ၎င်းကိတ်ကိုယ်တိုင် စနေနဝင်း၊ စရနဝင်း စီးထားခြင်း။
- အန္တရဒသာသခင်ဂြိုဟ်သည် လဂ်သခင်သောကြာ ကသစ်ဂြိုဟ်ဒသာအတွင်း ကျရောက်နေခြင်းဖြင့် မိမိ၏ အလုပ်အကိုင် အကြံအစည်နှင့် လိုအင်ဆန္ဒကို ပြည့်ဝစေနိုင်သော ကာလ အပိုင်းအခြားဖြစ်နေခြင်း
- ၎င်းပြင်သောကြာဂြိုဟ်သည် တူရာသီ၊ စရရာသီ၊ ဝါယောရာသီတွင် ရပ်ပြီး စရနဝင်းစီးထားခြင်း။
- ပြတျန္တဒသာသခင်ဂြိုဟ်သည်လည်း ၎င်းသောကြာဂြိုဟ် ဒသာအတွင်းတွင်ပင်ကျရောက်နေခြင်း။
- ၎င်းသောကြာဂြိုဟ်ကို ဥစ်မူလျက်ရှိသော ၅ တန့်သခင် စနေ ဂြိုဟ်မှ ပူးယှဉ်ထားခြင်းတို့က ဇာတာရှင်အား နိုင်ငံရပ်ခြားသို့ သွားရောက်၍ ပညာတော်သင်အဖြစ် စေလွှတ်ခြင်းခံရသော အကြောင်းအချက်များ ဖြစ်ပါသည်။

ကောဇာဂြိုဟ်စီး ဂြိုဟ်နင်များနှင့် အမြင်အယှဉ်များကို ကြည့်ရှုစစ်ဆေး သုံးသပ်ကြည့်ပါက ဇာတာရှင်နိုင်ငံခြားသို့ ထွက်ခွာမည့်နေ့တွင် -

- ကောဇာရာဟုသည် လဂ်နှင့် လဂ်သခင်သောကြာဂြိုဟ်၊ စနေဂြိုဟ်တို့ကို ၅ တန့် အထူးမြင်ထားခြင်း။
- ကောဇာ ကြာသပတေးဂြိုဟ်သည်လည်း လဂ်၊ လဂ်သခင်သော

http://swanbros.blogspot.com



ကြာဂြိုဟ်နှင့် စနေဂြိုဟ်တို့ကို သမသတ်မြင်ထားခြင်း။

- မူလရာဟုကို ကောဇာစနေဂြိုလ်မှ စီးနင်းထားခြင်း။
- ကောဇာစန်းသည် မူလစန်းကို စီးနင်းထားခြင်း။
- ၉ တန့်သခင် ဗုဒ္ဓဟူးဂြိုဟ်နှင့် ၁၁ တန့်သခင် တနင်္ဂနွေဂြိုဟ်တို့ကို ကောဇာဗုဒ္ဓဟူးဂြိုဟ်မှ သမသတ်မြင်ထားခြင်းတို့သည် ဇာတာရှင်အား ခရီးဝေးနှင့် နိုင်ငံရပ်ခြားသို့ သွားရောက်ရခြင်းကို ဖြစ်ပေါ်စေပါသည်။

အချုပ်အားဖြင့် ဆိုရသော် နိုင်ငံရပ်ခြားသို့ ပညာတော်သင် သွားရောက်နိုင်ရန်အတွက် အဓိကအရေးကြီးသော ဗေဒင်ပညာရပ်ပိုင်းဆိုင်ရာ အချက်အလက်များမှာ -

(က) မူလဇာတာအရ ဇာတာရှင်သည် နိုင်ငံရပ်ခြားသို့ သွားရာက်ရမည့် ကံကြမ္မာပါရှိ ခြင်း။ ဥပမာ-လဂ်၊ စန်း၊ လဂ်သခင်ဂြိုဟ်၊ စန်းသခင်ဂြိုဟ်တို့သည် စရရာသီများဖြစ်သော အတန့်ကောင်းများတွင် အားကောင်းစွာဖြင့် ရပ်တည်ပြီး စရနဝင်းများကိုသာစီးထားခြင်း မည်သည့်လဂ်သခင်ဂြိုဟ်၊ စန်းသွင်ဂြိုဟ်တို့သည် မဆိုအားကောင်းစွာဖြင့် ၉ တန့်၊ ၁၁ တန့်တို့တွင်ရပ်တည်ခြင်း၊ လဂ်သခင်ဂြိုဟ်၊ စန်သခင်ဂြိုဟ်တို့သည် ၉ တန့်၊ ၁၁ တန့်ဘာဝသခင်ဂြိုဟ်များနှင့် ပရိဝတ္တနသမ္ဗန္ဓပြုနေခြင်း။

(ခ) ၅ တန့်သခင်ဂြိုဟ် (သို့) ၅ တန့် ကာရကဂြိုဟ်များ အားကောင်းစွာဖြင့် အတန့်ကောင်းများတွင် ရပ်တည်ခြင်း။

(ဂ) ၅ တန့် ဘာဝသခင်နှင့် လဂ်၊ လဂ်သွင်၊ ၉ တန့်သခင်၊ ၁၁ တန့်သခင်ဂြိုဟ်တို့ ဆက်သွယ်မှုရှိနေခြင်း (သို့) သမ္ဗန္ဓပြုထားခြင်း။

(ဃ) အားရှိသော လဂ်သခင်၊ ၅ တန့်၊ ၉ တန့်နှင့် ၁၁ တန့်ဘာဝ

http://swanbros.blogspot.com



သခင်ဂြိုဟ်များ ဒသာစားခိုက်နှင့် ကြုံကြိုက်ခြင်း (သို့) ၎င်း အတန့်ဘာဝများတွင် ရပ်တည်လျှက်ရှိသော အားကောင်းသည့် ဂြိုဟ်များဒသာစားခိုက်နှင့်ကြုံကြိုက်ခြင်း၊


(င) ကောဇာကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုနှင့် ကိတ်တို့သည် ဒုဋ္ဌာနမဟုတ်သည် ကောင်းသော အတန့်ဘာဝတွင် ရပ်တည်ပြီး လင်္ဂကို သမသတ်အမြင်၊ အထူးအမြင်များဖြင့် မြင်ထားခြင်း (သို့) ပူးယှဉ်ထားခြင်းတို့ ဖြစ်ပါသည်။

**မှတ်ချက်** ။ ။ လင်္ဂအားနည်း သောဇာတာများအတွက် စန်းမှ ထောက်၍ ရသော အတန့်ဘာဝ များဖြင့်လည်း စဉ်းစားနိုင်ပါသည်။

၎င်းအပြင် နိုင်ငံရပ်ခြားသို့ ပညာတော်သင် သွားရောက်ခဲ့ကြသော ဇာတာရှင်များအနက်မှ ဇာတာ ၂ ခုအားလည်း ဝေဒသုတေသီများ လေ့လာနိုင်ရန်အတွက် အောက်တွင် ဖော်ပြပေးလိုက်ပါသည်။

**ဥပမာဇာတာ (၂)**

၁၃၁၁၊ ဝါဆိုလပြည့်ကျော် (၁၁) ရက်၊ (၂၀. ၇. ၁၉၄၉) ခု၊ ဗုဒ္ဓဟူးနေ့ မြန်မာစံတော်ချိန် နံနက် ၆ နာရီ ၁၅ မိနစ်၌ ရန်ကုန်မြို့တွင် မွေးဖွားသည်။




**စောင့်ရင်းဒသာ** - သောကြာဂြိုဟ် ၅ နှစ် ၆ လ ၂ ရက်


http://swanbros.blogspot.com



ဇာတာရှင်သည် ရန်ကုန်တက္ကသိုလ်တွင် ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၄-၁-၁၉၇၃ မှ ၂၈-၂-၁၉၇၄ ထိ ကနေဒါနိုင်ငံ Ontario ပြည်နယ်၊ Kingston မြို့၊ Queen's University မှ Analytical Instrumentation ဘာသာရပ်အတွက် ပညာတော်သင် သွားရောက်ခဲ့ပါသည်။

**ဥပမာဇာတာ (၃)**

၁၃၁၄ ခု၊ ပြာသိုလဆုတ် (၁၁)ရက် (၁၀-၁-၁၉၅၃) စနေနေ့ မြန်မာစံတော်ချိန် ည ၈ နာရီ တိတိတွင် ညောင်လေးပင်မြို့၌ မွေးဖွားသည်။




**စောင့်ရင်းဒသာ** - ကြာသပတေးဂြိုဟ် ၁၄ နှစ် ၀ လ ၂ ရက်

ဇာတာရှင်သည် ရန်ကုန်တက္ကသိုလ်တွင် ကတိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၄-၁-၁၉၈၇ မှ ၆-၁၁-၁၉၈၉ ထိ ဩစတြေးလျနိုင်ငံသို့ သွားရောက်ခဲ့ရပြီး New South Wales University မှ အသုံးချ မဟာသိပ္ပံ (M.App. Sc) in Mineral Exploration ဘွဲ့ကိုရရှိခဲ့ပါသည်။


+ + +


# (၁)သင်္ဘောသားအဖြစ်နိုင်ငံရပ်ခြားသို့သွားရောက်လုပ်ကိုင်ခြင်း

နိုင်ငံရပ်ခြားခရီးနှင့် ဗေဒင်ပညာ ဆောင်းပါးကို ယခုလတွင်လည်း သင်္ဘောသား အဖြစ် နိုင်ငံရပ်ခြားသို့ သွားရောက်လုပ်ကိုင်ခဲ့ကြသောသူများ၏ ဥပမာဇာတာများနှင့်တကွ ဗေဒင်ပညာရပ်ပိုင်းဆိုင်ရာ သုံးသပ်ချက်များကို ဆက်လက်ဖော်ပြပါမည်။

**ဥပမာဇာတာ (၄)**

၁၃၁၈ ခု၊ တော်သလင်းလပြည့်ကျော် (၁၀) ရက်၊ စနေနေ့၊ မြန်မာစံတော်ချိန် နံနက် ၁၁ နာရီ ၅၅ မိနစ်၌ ချောက်မြို့တွင် မွေးဖွားသည်။





**စောင့်ရင်းဒသာ** - စနေဂြိုဟ် ၁၅ နှစ် ၂ လ ၁၂ ရက်

http://swanbros.blogspot.com






**(၇-၅-၁၉၈၀) နိုင်ငံခြားသို့ စတင်ထွက်ခွာသောနေ့ရှိကောဇာဂြိုဟ်ခွင်**

ဇာတာရှင်သည် ၁၉၇၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ B.Sc (Chemistry) ဘွဲ့ကို ရရှိပြီးသည့်နောက် ဝါသနာအရ ပင်လယ်ရပ်ခြားရေကြောင်းသွားလာခြင်းလုပ်ငန်း (အများအခေါ် သင်္ဘောသားအလုပ်) ကို ၁၉၈၀ ခုနှစ်၊ မေလမှစတင်၍ Hong Kong ရှိ Ocean Shipping And Enterprise Co. တွင် အလုပ်သင် အရာရှိ (Deck Cadet) အဖြစ် စတင် လုပ်ကိုင်ခဲ့ရာ အဆင့်ဆင့်ရာထူးများတိုးမြှင့်ခြင်းခံခဲ့ရပြီးယခုအခါပထမတန်းအရာရှိ (Chief Officer) အဖြစ်နိုင်ငံခြား သင်္ဘောကုမ္ပဏီတစ်ခုတွင် ဆက်လက်အမှုထမ်းဆောင်လျှက် ရှိပါသည်။

ဇာတာရှင်သည် သင်္ဘောသားအဖြစ် နိုင်ငံခြားသို့ သွားရောက်လုပ်ကိုင်ရခြင်း အကြောင်းတရားများကို ဗေဒင် ပညာရှုထောင့်မှ လေ့လာသုံးသပ်ကြည့်ပါက -

မူလဇာတာ ရာသီခွင်တွင် ဇာတာရှင်၏ လဂ်သည် ဒွေးဒဟရာသီဖြစ်သော ဓနုရာသီတွင် ရပ်တည်ပြီး စရနဝင်းစီးကာလဂ်သခင်ကြာသပတေးဂြိုဟ်သည် ၉ တန့်ဘာဝတွင် ရပ်တည်ခြင်းက ခရီးဝေးသွားလာခြင်းကို ဝါသနာပါသူအဖြစ် ဖော်ပြနေသည့် အားလျော်စွာ စန်းသည် ကသစ်ဖြစ်၍

http://swanbros.blogspot.com



ကရကင့်ရာသီ၊ အာပေါရာသီတွင်ရပ်တည်ခြင်း၊ လဂ်သခင်ကြာသပတေးဂြိုဟ်သည်လည်း ဗြိစ္ဆာနဝင်း၊ အာပေါနဝင်းကိုသာ စီးနင်းထားခြင်းက ရေကြောင်းခရီးလမ်းများကို ပိုမိုစိတ်ဝင်စားလျှက်ရှိသည်ကို ဖော်ပြလျှက်ရှိပါသည်။

ဂင်းပြင် ၉ တန့်သခင်တနင်္ဂနွေဂြိုဟ်သည် ဥစ်နဝင်းစီး၍ ၁၀ တန့်သခင်ဗုဒ္ဓဟူးဂြိုဟ်နှင့် ၁၀ တန့်ဘာဝတွင်ပင် ပူးယှဉ်ရပ်တည်နေခြင်းက ခရီးဝေးသွားလာနေမှုနှင့် ဆက်သွယ်လျှက်ရှိသော လုပ်ငန်းများက ဇာတာရှင်၏ဘဝအောင်မြင်မှုကို အထွဋ်အထိပ်သို့ ပို့ဆောင်ပေးလျှက် ရှိပါသည်။

ပြို့ဟဇ်ဇာတာကကျမ်း အလိုအရ အလုပ်အကိုင်ကို ဆုံးဖြတ်ရာတွင် လဂ် (သို့) စန်း (သို့) တနင်္ဂနွေဂြိုဟ်၏ ၁၀ တန့်သခင် ဂြိုဟ်စီးနင်းသော နဝင်းသခင်ဂြိုဟ်နှင့် ရာသီကဇာတာရှင်၏အလုပ်အကိုင်ကို ညွှန်းဆိုပြသည်ဟု ဆိုခဲ့သည့်အတိုင်း ဇာတာရှင်လဂ်၏ ၁၀တန့်သခင်လည်းဖြစ်၊ တနင်္ဂနွေဂြိုဟ်မှ ၁၀တန့်သခင် လည်းဖြစ်သော ဗုဒ္ဓဟူးဂြိုဟ်သည် မိန်နဝင်း၊ အာပေါနဝင်းကို စီးပြီး နဝင်းသခင်ဂြိုဟ် ကြာသပတေး ကိုယ်တိုင်ကလည်း လဂ်၏ ၉တန့်ဘာဝတွင်ရပ်ပြီး အာပေါနဝင်း၊ မိတ်နဝင်းကိုစီးနင်းထားခြင်းက ရေကြောင်းလုပ်ငန်းများနှင့်အကျိုးပေးသည်ကို ဖော်ပြလျှက်ရှိပါသည်။ (၁၀တန့်သခင် ဗုဒ္ဓဟူးဂြိုဟ်သည် နိစ်နဝင်းစီး ထားသော်လည်း နဝင်းစက်တွင် နဝင်းဥစ်ဂြိုဟ်သောကြာနှင့် ပူးယှဉ်ထားသဖြင့် နိစ်ပျက်ကာ နိစ္စဘင်္ဂရာဇယုဂ်ကို ရစေသဖြင့် ကောင်းကျိုးကိုသာ ဖြစ်ပေါ်စေပါသည်။)

ဂင်း ၁၁တန့်ဘာဝနှင့် ၁၁တန့်ဘာဝသခင်ဂြိုဟ်တို့သည် နိုင်ငံရပ်ခြားနှင့် ဆက်သွယ်နေမှုကို အများဆုံးဖော်ပြသော အတန့်ဘာဝဖြစ်သည့်အားလျော်စွာ စန်း၏ ၁၁တန့်နှင့် ၄တန့် သခင်လည်းဖြစ်၊ လဂ်၏ ၁၁တန့်သခင်လည်းဖြစ်သော သောကြာဂြိုဟ်သည် ရေရာသီဖြစ်သော ကရကင့်

http://swanbros.blogspot.com



ရာသီတွင်ရပ်၍ ဥစ်နဝင်း၊ အာပေါနဝင်းကို စီးနင်းထားပြီး လဂ်၏ ၉တန့် ဘာဝတွင် ရပ်တည်ခြင်းက ဇာတာရှင်အား နိုင်ငံခြားရေကြောင်းသွားလာမှုနှင့် အထူးအကျိုးပေးသည်ကို ဖော်ပြလျှက်ရှိပြီး ဇာတာရှင်သည် အလုပ်သင် အရာရှိ သင်္ဘောသား (Deck Cadet) မှသည် ပထမတန်း အရာရှိ (Chief Officer)ဖြစ်သည့် တိုင်အောင်ဘာဝတွင် အဆင့်ဆင့် အောင်မြင်တိုးတက်ခဲ့သည်ကို ဖော်ပြလျှင် ရှိပါသည်။

ဇာတာရှင်သည် ပထမဦးဆုံး အကြိမ် သင်္ဘောသားအဖြစ် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အတွက် နိုင်ငံရပ်ခြားသို့ သွားရောက်ခဲ့သော ကာလအပိုင်းအခြားကို ဝိသောတ္တရီဒသာစနစ်ဖြင့် တွက်ချက်စစ်ဆေးကြည့်ပါက နိုင်ငံခြားသို့ ထွက်ခွာသွားစဉ် -

- ထူလဒသာသခင်ဂြိုဟ်သည် ဇာတာရှင်၏အလုပ်အကိုင်ကို ညွှန်ပြလျှက်ရှိသော ၁၀ တန့်ဘာဝတွင်ပင် ရပ်တည်လျှက်ရှိသည့် ၁၀တန့်သခင် ဗုဒ္ဓဟူးဂြိုဟ်၏ ဒသာအတွင်း ကျရောက်နေခြင်း။
- ၎င်းဗုဒ္ဓဟူးဂြိုဟ်ကိုယ်တိုင်က ဥစ်နဝင်းစီးထားသော ၉တန့် သခင်တနင်္ဂနွေဂြိုဟ်နှင့် ပူးယှဉ်ကာ ၁၀တန့်ဘာဝ၊ ဒွေးဒဟရာသီတွင် ရပ်ပြီး မိန်နဝင်း၊ အာပေါနဝင်း၊ နိစ္စဘင်္ဂနဝင်းကို စီးနင်းထားခြင်း။
- အန္တရဒသာသခင်ဂြိုဟ်သည် အာဒိအာပေါရာသီ (ကရကဋ်ရာသီ) တွင် ရပ်တည်လျှက် ရှိသော တနင်္လာ ကသစ်ဂြိုဟ် ဒသာအတွင်း ကျရောက်နေခြင်း။
- ၎င်းတနင်္လာဂြိုဟ်သည် ၈တန့် သခင်ဖြစ်သော်လည်း ကသစ်ရထားသဖြင့် ဒုဋ္ဌာန၏ အပြစ်များမှ ကင်းလွတ်ခွင့်ရခြင်း။

http://swanbros.blogspot.com



- ပြတျန္တရဒသသခင်ဂြိုဟ်သည် လဂ်၏ ၉တန့်ဘာဝတွင် ရပ်တည်နေသော လဂ်၏ ၁၁ တန့်သခင်လည်းဖြစ်။ စန်း၏ ၁၁ တန့်သခင်လည်းဖြစ်သော သောကြာဂြိုဟ် ဒသာအတွင်း ကျရောက်နေခြင်း။
- ၎င်းသောကြာဂြိုဟ်ကိုယ်တိုင် က ရေရာသီအာဒိအာပေါအိမ်တွင် ရပ်တည်ပြီး ဥစ်နဝင်း၊ အာပေါနဝင်း၊ မိန်နဝင်းကိုသာ စီးထားရခြင်းတို့သည် ၎င်းအချိန်ကာလအပိုင်းအခြားမှ စ၍ ဇာတာရှင်အားရေကြောင်း လုပ်ငန်းဖြင့် နိုင်ငံရပ်ခြား တိုင်းပြည်များသို့ လှည့်လည်သွားလာ လုပ်ကိုင်ရသော သင်္ဘောသား အဖြစ်ကို ရစေပါသည်။

**မှတ်ချက်။ ။** သောကြာဂြိုဟ်အား လဂ်၏ ၆တန့်သခင်အဖြစ် မယူဆခြင်းမှာ သောကြာဂြိုဟ် သည် သမရာသီ၏ ဒုတိယဟောရ ရတ်အတွင်း ရပ်တည်နေသဖြင့် ဒုတိယဟောရတ်က ပိုင်ဆိုင်သော ဝိသမရာသီဖြစ်သည့် တူရာသီပိုင်ရှင်အနေဖြင့် ယူဆထားသဖြင့်လဂ်၏၁၁တန့်သခင်အဖြစ်ယူထားခြင်းဖြစ်ပါသည်။

ကောဇာဂြိုဟ်စီး ဂြိုဟ်နင်းများနှင့် အမြင်အယှဉ်များကို ကြည့်ရှု စစ်ဆေးသုံးသပ်ကြည့်ပါကလည်း ဇာတာရှင်နိုင်ငံခြားသို့ ထွက်ခွာမည့်နေ့တွင် ခရီးဝေးသွားရစေခြင်းကို ဖြစ်ပေါ်စေသော ဂြိုဟ်စီးဂြိုဟ်နင်းအမြင်အယှဉ်များ ဖြစ်သည့် -

- လဂ်၏ ၉တန့်ဘာဝတွင် ကောဇာ ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်နှင့် ရာဟုတို့ ပူးယှဉ်ရပ် တည်နေခြင်း။
- ၎င်းအပြင် မူလဇာတာတွင် လဂ်သခင်ကြာသပတေးဂြိုဟ်သည် ၉

http://swanbros.blogspot.com



တန့်ဘာဝတွင် ရပ်တည်နေသဖြင့် ၎င်းလင်္ဂသခင် ကြာသပတေး ဂြိုဟ်ကိုလည်း ကောဇာကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်နှင့် ရာဟု တို့မှ စီးနင်းထားခြင်း။

- ကောဇာ ကြာသပတေးဂြိုဟ်သည် လင်္ဂကို ၅တန့် အထူးမြင်ထား ခြင်း။
- ကောဇာရာဟုသည် လင်္ဂကို ၉တန့် အထူးမြင်ထားခြင်း။
- ကောဇာစနေဂြိုဟ်သည် လင်္ဂကို တြိကောဏအမြင်ဖြင့် မြင်ထား ခြင်း။
- စန်း၏ ၁၁တန့်သခင်လည်း ဖြစ်၊ လင်္ဂ၏ ၁၁တန့်သခင် လည်းဖြစ် သော သောကြာဂြိုဟ်သည် ကောဇာသွားရာတွင် လင်္ဂကိုသမ သတ်မြင်ထားခြင်း။
- ကောဇာစန်းသည် မူလစန်းကို သမသတ် မြင်ထားခြင်းတို့သည် ၎င်းအချိန်တွင် ဇာတာရှင်အား ခရီးဝေးနှင့် နိုင်ငံရပ်ခြားသို့ သွား ရောက်ရခြင်းကို ဖြစ်ပေါ်စေပါသည်။

အချုပ်အားဖြင့် ဆိုရသော် နိုင်ငံရပ်ခြားသို့ သင်္ဘောသားအဖြစ် သွား ရောက်လုပ်ကိုင် နိုင်ရန်အတွက် အဓိကအရေးကြီးသော ဗေဒင်ပညာရပ်ပိုင်း ဆိုင်ရာ အချက်အလက်များမှာ -

(က) မူလဇာတာအရ ရေကြောင်းသွားလာခြင်းနှင့် ပတ်သက်၍ အကျိုးပေးမည့် ကံကြမ္မာ ပါရှိရပါမည်။ ဥပမာ -တနင်္လာဂြိုဟ်သည် အားရှိ စွာဖြင့် အတန့်ကောင်းများတွင်ရပ်တည်ခြင်း၊ ၁၀တန့် ဘာဝနှင့် ၁၀တန့်သခင် ဂြိုဟ်တို့သည် ရေရာသီများနှင့် ဆက်သွယ်မှုရှိနေခြင်း (သို့) အာပေါနဝင်း များကိုစီးထားပြီး အတန့်ကောင်းများတွင် ရပ်တည်ခြင်း၊ လင်္ဂ (သို့) လင်္ဂသခင်

http://swanbros.blogspot.com



ဂြိုဟ်သည် တစ်နည်းနည်းဖြင့် ရေရာသီများနှင့် ဆက်သွယ်မှုရှိနေခြင်း။

(ခ) နိုင်ငံရပ်ခြားသွားရခြင်းကို အဓိကဖြစ်စေသော ၉ တန့်၊ ၁၁ တန့်ဘာဝနှင့် ဘာဝသခင်တို့သည် လဂ်၊ လဂ်သခင်၊ စန်း၊ စန်းသခင်များနှင့် ဆက်သွယ်မှုရှိနေခြင်း။

(ဂ) အားရှိသော လဂ်သခင်၊ စန်း၊ စန်းသခင်၊ ၉တန့်သခင်၊ ၁၀ တန့်သခင်နှင့် ၁၁တန့်ဘာဝသွင်ဂြိုဟ်များ ဒသာစားခိုက်နှင့် ကြုံ ကြိုက်ခြင်း၊ (သို့) ၎င်းအတန့်ဘာဝများတွင် ရပ်တည်လျက်ရှိသော အားကောင်းသည့်ဂြိုဟ်များ ဒသာစားခိုက်နှင့် ကြုံကြိုက်ခြင်း၊ တစ်ခါတရံ ၁၂တန့် သခင်ဂြိုဟ်နှင့် ၁၂တန့်ဘာဝတွင် ရပ်တည်သောဂြိုဟ်များ ဒသာစားခိုက်အတွင်းတွင်လည်း သွားရတတ်ခြင်း။

(ဃ) နိုင်ငံရပ်ခြားနှင့် ခရီးသွားရခြင်းကို အဓိကဖြစ်ပေါ်စေသော ကောဇာကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုနှင့် ကိတ်တို့သည်လည်းကောင်း သောအမြင်၊ အယှဉ်အစီးအနင်းများဖြင့် လဂ်၊ စန်း၊ လဂ်သွင်ဂြိုဟ်၊ စန်း သွင်ဂြိုဟ် မူလကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုနှင့် ကိတ်တို့ကို စီးနင်း ထားခြင်း (သို့) အထူးအမြင်များ၊ သမသတ်အမြင်များဖြင့် မြင်ယှဉ်ထားခြင်း တို့ ဖြစ်ပါသည်။

**မှတ်ချက်** ။ ။ ၁(က) အချက်နှင့် (ခ) အချက်တို့သည် သီးခြားစီပါရှိနေခြင်း မျိုးမဟုတ်ဘဲ တစ်ခုနှင့်တစ်ခုဆက်စပ်မှု ရှိနေပါကလည်း နိုင်ငံရပ်ခြားသို့ သဘောသား အဖြစ် သွားရောက်နိုင်ပါသည်။ ဥပမာ–၉ တန့် (သို့) ၁၁ တန့်သခင်ဂြိုဟ်သည် ၁၀ တန့်သွင်နှင့် ပရိဝတ္တန သမ္ဗန္ဓဖြစ်ပြီး ဂြိုဟ်တစ်လုံးလုံးက အာပေါ်နဝင်း(သို့)ရေရာသီနဝင်းများစီးနင်းထားခြင်း။

http://swanbros.blogspot.com




၂။ လဂ်အားနည်းသော ဇာတာများအတွက် စန်းမှထောက်၍ရသော အတန့်ဘာဝများဖြင့်လည်း စဉ်းစားနိုင်ပါသည်။

၎င်းအပြင် နိုင်ငံရပ်ခြားသို့ သင်္ဘောသားအဖြစ် သွားရောက်လုပ်ကိုင်ခဲ့သော ဇာတာရှင်များ အနက်မှ ဇာတာ ၂ ခုအားလည်း ဝေဒသုတေသီများ လေ့လာနိုင်ရန်အတွက် အောက်တွင်ဖော်ပြပေးလိုက်ပါသည်။

## ဥပမာဇာတာ (၅)

၁၃၂၀ ခု၊ တော်သလင်းလပြည့်ကျော် (၂) ရက်၊ (၂၉-၉-၁၉၅၈) တနင်္လာနေ့၊ မြန်မာစံတော်ချိန်၊ နံနက် ၇ နာရီ ၀၅ မိနစ်တွင်၊ ရန်ကုန်မြို့၌ မွေးဖွားသည်။




**စောင့်ရင်းဒသာ - ဗုဒ္ဓဟူးဂြိုဟ် ၇ နှစ် ၂ လ ၂၉ ရက်**


ဇာတာရှင်သည် ၁၀-၁-၁၉၉၀ နေ့မှစတင်၍ နိုင်ငံခြားသင်္ဘောသားလုပ်ရန်အတွက် မြန်မာပြည်မှ ထွက်ခွာသွားခဲ့ပြီး စင်္ကာပူနိုင်ငံရှိ Orix Maritime Shipmanagement Ltd. တွင်အလုပ်သင်အရာရှိ(Engine Cadet) အဖြစ် အမှုထမ်းဆောင်ခဲ့ပါသည်။

http://swanbros.blogspot.com



**ဥပမာဇာတာ (၆)**

၁၃၁၉ ခု၊ နယုန်လပြည့်ကျော် (၁၄) ရက်၊ (၂၆-၆-၁၉၇၅) ဗုဒ္ဓဟူးနေ့၊ မြန်မာစံတော်ချိန် ညနေ ၅ နာရီတိတိ၌ သံလျင်မြို့တွင် မွေးဖွားသည်။




## စောင့်ရင်းဒသာ - တနင်္လာဂြိုဟ် ၀ နှစ် ၇ လ ၂၅ ရက်

ဇာတာရှင်သည် ၁၁-၃-၈၁ နေ့မှစ၍ နိုင်ငံခြားသင်္ဘောသား လုပ်ရန်အတွက် မြန်မာပြည်မှ ထွက်ခွာသွားခဲ့ပြီး ပမထဦးဆုံး အလုပ်သင်အရာရှိအဖြစ် မလေးရှားနိုင်ငံရှိ EAFEL Co., တွင်အမှု ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

\+ + +

http://swanbros.blogspot.com



## (ဂ)ကုမ္ပဏီကိစ္စစီးပွားရေးကိစ္စများဖြင့်နိုင်ငံရပ်ခြားသို့သွားရောက်ရခြင်း


နိုင်ငံရပ်ခြားခရီးနှင့် ဗေဒင်ပညာဆောင်းပါးကို ယခုလတွင် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံရပ်ခြားသို့ သွားရောက်လေ့လာပြီး ဆက်သွယ် လုပ်ကိုင်ခဲ့ကြသော သူများ၏ အကြောင်းကို ဥပမာဇာတာများနှင့် တကွ ဗေဒင်ပညာရပ်ပိုင်းဆိုင်ရာ သုံးသပ်ချက်များကို ဆက်လက်ဖော်ပြသွားပါမည်။


**ဥပမာဇာတာ (၇)**

၁၃၁၈ ခု၊ ပြာသိုလပြည့်ကျော် (၁၄)ရက်၊ ၂၉-၁-၁၉၅၇၊ အင်္ဂါနေ့၊ မြန်မာစံတော်ချိန် ည ၁၁ နာရီ ၂၅ မိနစ်တွင် ပြင်ဦးလွင်မြို့၌ မွေးဖွားသည်။


http://swanbros.blogspot.com







**စောင့်ရင်းဒသာ** - တနင်္ဂနွေဂြိုဟ် ၂ နှစ် ၁၁ လ ၁၆ ရက်




(၃-၉-၉၃) နိုင်ငံခြားသို့စတင်ထွက်ခွာသော နေ့ရှိကောဇဂြိုဟ်ခွင်

ဇာတာရှင်သည် ရန်ကုန်တက္ကသိုလ်တွင် လက်ထောက်ကထိက အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် အစိုးရဝန်ထမ်းအလုပ်မှ နုတ်ထွက်ကာ လုပ်ဖော်ကိုင်ဘက်များနှင့် စုပေါင်း၍ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ကုမ္ပဏီလီမိတက်တစ်ခုကိုဖွဲ့စည်းတည်ဆောင်ခဲ့ပြီး ယနေ့ထက်တိုင် ကုမ္ပဏီ၏ ဥက္ကဋ္ဌအဖြစ် စီးပွားရေးအဖွဲ့အစည်းတစ်ခုအား ဦးစီးဦး ဆောင်ပြုလုပ်နေသူတစ်ဦးဖြစ်ပါသည်။

ဇာတာရှင်သည် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအနေဖြင့် လုပ်ကိုင် ဆောင်ရွက်နေစဉ် ကာလအတွင်း စီးပွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ၃-

http://swanbros.blogspot.com



၉-၉၃ မှ ၁၇-၉-၉၃ အထိ ထိုင်းနိုင်ငံသို့လည်းကောင်း၊ ၆-၃-၉၄ မှ ၂၂-၃-၉၄ အထိ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံများသို့ လည်းကောင်း၊ ၂၂-၉-၉၄ မှ ၁၃-၁၀-၉၄ အထိ ဟောင်ကောင်၊ မကာအိုနှင့် အမေရိကန်နိုင်ငံများသို့၎င်း၊ ၂၉- ၁၂-၉၅ မှ ၅-၁-၉၆ အထိ စင်္ကာပူနိုင်ငံသို့၎င်း၊ ၂၅-၄-၉၇ မှ ၉-၅-၉၇ အထိ အင်ဒိုနီးရှားနိုင်ငံနှင့် စင်္ကာပူနိုင်ငံများသို့၎င်း သွားရောက်လေ့လာခဲ့ပါသည်။

ဇာတာရှင်သည် စီးပွားရေးလုပ်ငန်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ နိုင်ငံခြားသို့ အခေါက်ခေါက်အခါခါ သွားရောက်ခဲ့ရ ခြင်း အကြောင်းတရားများကို ဗေဒင်ပညာရှုထောင့်မှ လေ့လာသုံးသပ်ကြည့်ပါက -

မူလဇာတာရာသီခွင်တွင် လဂ်ရောစန်းပါ၊ စရာရာသီများ ဖြစ်သော တူရာသီနှင့် မကာရရာသီတို့တွင် ရပ်တည်နေလျှက် လဂ်သခင်သောကြာဂြိုဟ်သည် ၉ တန့်သခင် ဗုဒ္ဓဟူးဂြိုဟ်နှင့် ဓနုရာသီတွင်ပူးယှဉ်နေပြီး ဘာဝစက်တွင် ၄တန့်ဘာဝသို့ ကူးပြောင်းသွားခြင်း၊ လဂ်ရော လဂ်သခင်သောကြာဂြိုဟ်ပါ စရနှင့် ဒွေးဒဟာရာသီများတွင် ဝဂ္ဂုတ္တမနဝင်းများ စီးထားခြင်းတို့က ခရီးဝေးသွားလာခြင်းကို ဝါသနာထုံသည့် အားလျော်စွာ ပြည်တွင်းပြည်ပနေရာအနှံ့ လှည့်လည်သွားလာနေထိုင်ခဲ့ဖူးသူ တစ်ယောက်လည်းဖြစ်ပါသည်။ ၎င်းအပြင် ၁၀တန့်သခင် တနင်္လာဂြိုဟ်နှင့် ၁၁တန့်သခင် တနင်္ဂနွေဂြိုဟ်တို့သည် ၄ တန့်ဘာဝတွင် ပူးယှဉ်နေးခြင်း၊ ၂ တန့်သခင် အင်္ဂါဂြိုဟ်သည် ကသစ်အဖြစ် ၇တန့် ဘာဝတွင် ရပ်ပြီး ၂ တန့် ဘာဝကို ၈တန့် အထူးမြင်ကာ ၄ တန့် ဘာဝတွင် ရပ်တည်နေသော ၁၀ တန့်နှင့် ၁၁တန့် သခင်ဂြိုဟ်များ ဖြစ်ကြသည့် တနင်္လာနှင့် တနင်္ဂနွေဂြိုဟ်တို့ကိုလည်း ကိန်းအမြင်ဖြင့် မြင်နေခြင်းတို့က ဇာတာရှင်သည် နိုင်ငံရပ်ခြား တိုင်းပြည်များနှင့် ဆက်သွယ်၍ ကုန်စည်

http://swanbros.blogspot.com



ကူးသန်းရောင်းဝယ်ခြင်း၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နိုင်ငံရပ်ခြား ကုမ္ပဏီများနှင့် ပူးပေါင်း၍ ဖက်စပ်လုပ်ငန်းများ လုပ်ကိုင်ခြင်း၊ နိုင်ငံခြားသားခရီးသွားလုပ်ငန်း လုပ်ကိုင်ခြင်းတို့ဖြင့် ဇာတာရှင်သည် တိုးတက်ကြီးပွားအောင်မြင်မှုများ ရရှိခဲ့ခြင်း ဖြစ်ပါသည်။

ထို့အပြင် ၁၀တန့်သခင် တနင်္လာဂြိုဟ် ကိုယ်တိုင်ကလည်း စနေပိုင်ရာသီတွင်ရပ်၍ စနေနဝင်း စီးထားကာ ၁၀တန့် ဘာဝကို သမသတ်ပြန်မြင်ထားခြင်းတို့က လူမျိုးခြား၊ နိုင်ငံခြားသားများနှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရပြီး အကျိုးအမြတ်များ ရရှိမည်ဖြစ်ပါသည်။

ဇာတာရှင်သည် စီးပွားရေးလုပ်ငန်းကိစ္စများဖြင့် ပထမဦးဆုံးအကြိမ် နိုင်ငံရပ်ခြားသို့ သွားရောက်ခဲ့သော ကာလအပိုင်းအခြားကို ဝိသောတ္တရီဒသာ စနစ်ဖြင့် တွက်ချက်စစ်ဆေးကြည့်ပါက-

- ထူလဒသာသခင်ဂြိုဟ်သည် ၂တန့်ဘာဝတွင် ရပ်တည်လျှက်ရှိသော ရာဟုဒသာ အတွင်း ကျရောက်နေခြင်း။
- ၎င်းပြင် ခရီးသွားလာခြင်း၊ လူမျိုးခြား ဘာသာခြား၊ နိုင်ငံရပ်ခြား စသည်တို့နှင့် သက်ဆိုင်သော ရာဟုကိုယ်တိုင်က စနေဂြိုဟ် ပူးယှဉ်နေပြီး ကရကဋ် ရာသီနဝင်း၊ စရနဝင်း စီးထားခြင်း။
- အန္တရဒသာ သခင်ဂြိုဟ် တနင်္လာသည် လဂ်၏ ၁၀ တန့်သခင်လည်း ဖြစ်ပြီး နိုင်ငံရပ်ခြားနှင့် ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းများကို ညွှန်ပြလျှက်ရှိသော ၁၁တန့် သခင် တနင်္လာနွေဂြိုဟ်နှင့် ပူးယှဉ်၍ ၄တန့်ဘာဝ စရ ရာသီတွင်ပင်ရပ်ကာ ၁၀ တန့် ဘာဝကို သမသတ် ပြန်မြင်ထားခြင်း။

http://swanbros.blogspot.com



- ၁၀ တန့်သခင် တနင်္လာဂြိုဟ် ကိုယ်တိုင်က စနေနဝင်းကို စီးနင်းထားခြင်း။
- ပြတ္ထုရဒသာတွင် သောကြာဂြိုဟ်သည် လဂ်သခင်လည်း ဖြစ်ပြီး ၉တန့်သခင် ဗုဒ္ဓဟူး ဂြိုဟ်နှင့် ပူးယှဉ်နေခြင်း။
- ၎င်းသောကြာဂြိုဟ် ကိုယ်တိုင်က ခနုရာသီ၊ ဒွေးဒဟာရာသီတွင် ရပ်ကာ ဝဂ္ဂုတ္တမနဝင်းကို စီးနင်းထားခြင်းတို့က ဇာတာရှင်သည် လူမျိုးခြင်း၊ ဘာသာခြား၊ နိုင်ငံခြားသားများနှင့် ပတ်သက်ဆက်နွယ်လျှက်ရှိသော စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်အတွက် နိုင်ငံရပ်ခြားသို့ သွားရောက်ခဲ့ရပါသည်။

ကောဇာဂြိုဟ်စီး၊ ဂြိုဟ်နင်းများနှင့် အမြင်အယှဉ်များကို ကြည့်ရှုစစ်ဆေးသုံးသပ်ကြည့်ပါကလည်း ဇာတာရှင် နိုင်ငံခြားသို့ ထွက်ခွာမည့်နေ့တွင် -

- ကောဇာစနေဂြိုဟ်သည် လဂ် ၏ ၄တန့်ဘာဝတွင် တနင်္ဂနွေဂြိုဟ်နှင့် တနင်္လာဂြိုဟ်ကို စီးနင်းလျှက် လဂ်ကို ၁၀တန့် အထူးမြင်ထားခြင်း။
- ကောဇာရာဟုသည် ၂တန့် ဘာဝတွင် ရပ်တည်နေသော မူလစနေဂြိုဟ်နှင့် ရာဟုကို စီးနင်းထားခြင်း။
- ကောဇာကြာသပတေးဂြိုဟ်သည် ၁၂တန့်ဘာဝတွင် ရပ်တည်နေသော မူလကြာသပ တေးဂြိုဟ်ကို စီးနင်းလျှက် ၁၀ တန့်သခင်နှင့် ၁၁တန့်သခင် ဖြစ်သော တနင်္လာဂြိုဟ်နှင့် တနင်္ဂနွေဂြိုဟ်တို့ကို ၅တန့် အထူးမြင်ထားခြင်း။
- ကောဇာရာဟု စီးနင်းထားသော မူလစနေဂြိုဟ်သည် တနင်္ဂနွေ

http://swanbros.blogspot.com



ဂြိုဟ်နှင့် စန်းတို့၏ ရာသီသခင်ဖြစ်နေခြင်းတို့သည် ဇာတာရှင်အား စီးပွားရေးလုပ်ငန်းကိစ္စများဖြင့် နိုင်ငံရပ်ခြားသို့ သွားရောက်ရခြင်းကို ဖြစ်ပေါ်စေပါသည်။

အချုပ်အားဖြင့် ဆိုရသော် စီးပွားရေးလုပ်ငန်းကိစ္စဖြင့် နိုင်ငံရပ်ခြားသို့ သွားရောက်လေ့လာပြီး ဆက်သွယ်လုပ်ကိုင်နိုင်ရန်အတွက် အဓိကအရေးကြီးသော ဗေဒင်ပညာရပ်ပိုင်းဆိုင်ရာ အချက်အလက်များမှာ -

(က) မူလဇာတာအရ ဇာတာရှင်သည် နိုင်ငံရပ်ခြား (သို့) ရပ်ဝေးမြေခြားခရီးများသို့ အလွယ်တကူသွားရောက်နိုင်သော သူဖြစ်ခြင်း၊ ဥပမာ-လဂ်၊ စန်း၊ လဂ်သခင်ဂြိုဟ်၊ စန်းသခင်ဂြိုဟ် တို့သည် အတန့်ကောင်းများတွင် အားကောင်းစွာဖြင့် ရပ်တည်ပြီး စရရာသီများနှင့် ဆက်စပ်မှုရှိခြင်း၊ မည်သည့်လဂ်သခင်ဂြိုဟ်၊ စန်းသခင်ဂြိုဟ်မဆို အားကောင်းစွာဖြင့် ၉ တန့်၊ ၁၁ တန့်ဘာဝတို့တွင်ရပ်တည်ခြင်း (သို့) ၉ တန့်၊ ၁၁ တန့်ဘာဝ သခင်ဂြိုဟ်များနှင့်သမ္ဗန္ဓပြုနေခြင်း။

(ခ) ၂ တန့်၊ ၄ တန့်၊ ၁၀ တန့်နှင့် ၁၁ တန့်ဘာဝသခင် ဂြိုဟ်များအားကောင်းစွာဖြင့် အတန့်ကောင်းများတွင် ရပ်တည်ခြင်း။

(ဂ) ၎င်းအတန့်ဘာဝသခင်ဂြိုဟ်များနှင့် လဂ်၊ လဂ်သခင်ဂြိုဟ်၊ ၉တန့်သခင်၊ ၁၁ တန့်သခင်ဂြိုဟ်တို့နှင့် ဆက်သွယ်မှုရှိနေခြင်း။

(ဃ) မူလဇာတာတွင် စနေဂြိုဟ်နှင့် ရာဟုတို့သည် ကောင်းသောအမြင်အယှဉ်များဖြင့် ၂ တန့်သခင်၊ ၁၀ တန့် သခင်၊ ၁၁ တန့်သခင်ဂြိုဟ်တို့နှင့်ဆက်သွယ်မှုရှိနေခြင်း (သို့) သမ္ဗန္ဓပြုထားခြင်း။

(င) အားရှိသောလဂ်သခင်၊ စန်းသခင် ၂ တန့်၊ ၇ တန့်၊ ၉ တန့်၊ ၁၀ တန့်၊ ၁၁တန့် ဘာဝသခင်ဂြိုဟ်များ ဒသာစားခိုက်နှင့်ကြုံကြိုက်ခြင်း။

---

http://swanbros.blogspot.com




(စ) ကောဇာကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုနှင့် ကိတ်တို့သည် ကောင်းသော အမြင်အယှဉ်များဖြင့် လဂ်၊ လဂ်သခင်ဂြိုဟ်၊ စန်း၊ မူလကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟု၊ ၂ တန့်သခင်၊ ၁၀ တန့်သခင်၊ ၁၁ တန့်သခင်ဂြိုဟ်တို့ကို စီးနင်းထားခြင်း (သို့) အထူးအမြင်များ၊ သမသတ်အမြင်များဖြင့် မြင်ထားခြင်းတို့ ဖြစ်ပါသည်။

၎င်းပြင် စီးပွားရေးလုပ် ငန်းကိစ္စများနှင့် ပတ်သက်၍ နိုင်ငံရပ်ခြားသို့ သွားရောက်ခဲ့ကြသော ဇာတာရှင်များအနက်မှ ဇာတာ ၂ ခုအားလည်းဝေဒသုတေသီများလေ့လာနိုင်ရန်အတွက် အောက်တွင်ဖော်ပြပေးလိုက်ပါသည်။

## ဥပမာဇာတာ (၈)

၁၃၂၁ ခု၊ ဦးတန်းခူးလပြည့်ကျော် (၁၂)ရက်၊ (၄. ၅. ၁၉၅၉) တနင်္လာနေ့၊ မြန်မာစံတော်ချိန် နံနက် ၂ နာရီ ၅၅ မိနစ်တွင် သုံးခွမြို့၌ မွေးဖွားသည်။




**စောင့်ရင်းဒသာ** - စနေဂြိုဟ် ၁၅ နှစ်၊ ၁၁ လ၊ ၇ ရက်


ဇာတာရှင်သည် ရန်ကုန်တက္ကသိုလ်တွင် လက်ထောက်ကထိက အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က ၂၈. ၇. ၁၉၉၀ မှ ၃. ၁၁. ၁၉၉၁ အထိ

ဂျာမနီနိုင်ငံ University of Tuebirgen တွင် Hydrogeology and Engineering Geology of Tropical and Sub-tropical Regions ဘာသာရပ်အတွက် ပညာတော်သင်သွားရောက်ခဲ့ဖူးသူလည်း ဖြစ်ပါသည်။

ငင်းနောက် ဇာတာရှင်သည် ၁၉၉၅ ခုနှစ်တွင် အစိုးရဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းကုမ္ပဏီတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်လျှက်ရှိရာ ဒု-ဥက္ကဌအဖြစ် ယနေ့တိုင် တာဝန်ယူဆောင်ရွက်လျှက်ရှိပါသည်။ ဇာတာရှင်သည် ကုမ္ပဏီ ဒု-ဥက္ကဌအဖြစ် ဆောင်ရွက်နေစဉ်ကာလအတွင်း စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ၁၈. ၇. ၉၇ မှ ၂၆. ၇. ၉၇ အထိ တရုတ်ပြည် ကူမင်းမြို့သို့ ငင်း၊ ၁၀. ၁၂. ၉၈ မှ ၂၀. ၁၂. ၉၅ အထိ စင်္ကာပူနိုင်ငံသို့ငင်း သွားရောက်ခဲ့ပါသည်။

## ဥပမာဇာတာ (၉)

၁၃၁၉ ခု၊ နတ်တော်လဆန်း (၁၂)ရက်၊ (၃. ၁၂. ၁၉၅၇) အင်္ဂါနေ့၊ မြန်မာစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။




**စောင့်ရင်းဒသာ** - ဗုဒ္ဓဟူးဂြိုဟ် ၀ နှစ်၊ ၆ လ၊ ၁၈ ရက်

ဇာတာရှင်သည် စီးပွားလုပ်ငန်းကုမ္ပဏီတစ်ခုမှ မန်နေဂျင်းဒါရိုက်တာ

http://swanbros.blogspot.com



တစ်ယောက်ဖြစ်ပြီး ၃. ၉. ၉၃ မှ ၁၇. ၉. ၉၃ အထိ ထိုင်းနိုင်ငံသို့ရင်း၊ ၂၃. ၇. ၉၄ မှ ၁၅. ၈. ၉၄ အထိ တရုတ်ပြည်သို့ရင်း၊ ၂၂. ၇. ၂၀၀၀ မှ ၃၁. ၇. ၂၀၀၀ အထိ တရုတ်ပြည်သို့ ဒုတိယအခေါက်အဖြစ်ရင်း စီးပွားရေးလုပ်ငန်းကိစ္စများဖြင့် သွားရောက်လေ့လာခဲ့သူဖြစ်ပါသည်။

\+ + +

http://swanbros.blogspot.com





## (ဃ)ပညာရှင်အဖြစ်နိုင်ငံရပ်ခြားတွင်သွားရောက်လုပ်ကိုင်ခြင်း

ယခုအပတ်တွင် မိမိသင်ကြားတတ်မြောက်ခဲ့သော ပညာရပ်များကို အသုံးပြုလျှက် ပညာရှင်အဖြစ် နိုင်ငံရပ်ခြားတွင် သွားရောက်လုပ်ကိုင်ပြီး ကြီးပွားချမ်းသာလျှက်ရှိသော ဇာတာရှင်များအကြောင်းကို ဥပမာဇာတာ များနှင့်တကွ ဗေဒင်ပညာ ရပ်ပိုင်းဆိုင်ရာ သုံးသပ်ချက်များကို ဆက်လက် ဖေါ်ပြသွားပါမည်။

**ဥပမာဇာတာ (၁၀)**

၁၃၁၀ ခု၊ ဒုတိယဝါဆိုလဆန်း (၆) ရက် (၁၁-၇-၁၉၄၈)၊ တနင်္ဂနွေ နေ့၊ မြန်မာစံတော်ချိန် နံနက် ၂ နာရီ ၄၀ မိနစ်တွင် ပြည်မြို့၌ မွေးဖွားသည်။





**စောင့်ရင်းဒသာ** - သောကြာဂြိုဟ်-၉ နှစ်၊ ၃ လ၊ ၆ ရက်

http://swanbros.blogspot.com






(၁၇-၉-၁၉၈၈) နိုင်ငံခြားသို့ စတင်ထွက်ခွာသောနေ့ရှိ ကောဇာဂြိုဟ်ခွင်

ယခင်လဆောင်းပါးများတွင် နိုင်ငံရပ်ခြားသို့ သွားရောက်ခဲ့ကြသော သူများ၏ ဇာတာများအနက်မှ စရလဂ်၊ စရစန်းပိုင်ရှင်များကို အဓိက ဦးစားပေး ဖေါ်ပြခဲ့သော်လည်း ယခုလတွင် တမူထူးခြားစွာဖြင့် ထိရလဂ်၊ ထိရစန်းပင် ဖြစ်လင့်ကစား နိုင်ငံရပ်ခြားနှင့် ဆက်စပ်လျှက်ရှိသော အတန့်ဘာဝများ နှင့် ဆက်သွယ်လျှက်ရှိပါကလည်း နိုင်ငံရပ်ခြားသို့သွားရောက်ရပြီး အောင်မြင် ကြီးပွားချမ်းသာနေသော ဇာတာရှင် တစ်ယောက်အကြောင်းကို ဖေါ်ပြသွား မည်ဖြစ်ပါသည်။

ဇာတာရှင်သည် နိုင်ငံရပ်ခြားသို့ ထွက်ခွာမသွားမီ နှစ်များကာလ အတွင်းက ရန်ကုန်တက္ကသိုလ်တွင် လက်ထောက်ကထိကအဖြစ်၎င်း၊ သတ္တု တွင်း ဝန်ကြီးဌာနတွင် ဘူမိဗေဒအရာထမ်းအဖြစ်၎င်း အမှုထမ်းဆောင်ခဲ့သူ တစ်ဦးဖြစ်ပါသည်။ ဇာတာရှင်သည် ၁၇-၉-၁၉၈၈ ခုနှစ်တွင် ကနေဒါနိုင်ငံ သို့ မိသားစုနှင့်အတူ ထွက်ခွာသွားပြီးနောက် ကနေဒါနိုင်ငံ Toronto မြို့ရှိ International Exploration & Mining Consultants Co တစ်ခုဖြစ်သော MPH Consulting Limited တွင် Senior Project Manager အဖြစ် ယနေ့ ထက်တိုင် လုပ်ကိုင်လျှက်ရှိပြီး အောင်မြင်ကြီးပွားချမ်းသာလျှက်ရှိပါသည်။

http://swanbros.blogspot.com



ဇာတာရှင်သည် နိုင်ငံရပ်ခြားတွင် ပညာရှင်တစ်ယောက် အဖြစ် သွားရောက်လုပ်ကိုင်ခဲ့ပြီး အောင်မြင်ကြီးပွားရခြင်း အကြောင်းအရင်းများကို ဗေဒင်ပညာရှုထောင့်မှ လေ့လာသုံးသပ်ကြည့်ပါက -

မူလဇာတာအရ လဂ်နှင့် စန်းသည် ထိရရာသီများတွင် ရပ်တည်သော်လည်း ၁၁ တန့် သခင် ကြာသပတေးဂြိုဟ်သည် ၇ တန့်ဘာဝတွင် ရပ်တည်၍ လဂ်ကို သမသတ်မြင်ထားခြင်း၊ စန်းနှင့်ကိန်းအမြင်ရှိခြင်း၊ ၉ တန့်နှင့် ၁၀ တန့်သခင်ဖြစ်သော စနေဂြိုဟ်ကို ၉ တန့်အထူးမြင်ထားခြင်း၊ ကြာသပတေးဂြိုဟ် ကိုယ်တိုင်ကသစ်နဝင်းပြန်စီး ထားပြီး ၁၁ တန့်ဘာဝကို ၅တန့် အထူးပြန်မြင်ထားခြင်းတို့က နိုင်ငံရပ်ခြားမှ နည်းပညာရပ်များဖြင့် ပတ်သက်ဆက်နွယ်လျှက်ရှိသည်ကိုဖော်ပြလျှက်ရှိပါသည်။ တစ်ဖန်လဂ်သခင် သောကြာဂြိုဟ်သည် ဒွေးဒဟရာသီတွင်ရပ်လျှက် စရရာသီ ကသစ်နဝင်းကို စီးထားခြင်း၊ လဂ်နှင့်စန်းသည် စရရာသီ နဝင်းများကို စီးထားခြင်း၊ စန်းကို ရာဟုမှ တြိကောဏအမြင်ရှိခြင်း၊ ၉ တန့်သခင်နှင့် ၁၀တန့် သခင်စနေဂြိုဟ်သည် ရာဟု၊ ကိတ်တို့နှင့် အပြန်အလှန်ကိန်း အမြင်များဖြင့် မြင်ထားခြင်းတို့သည် လုပ်ငန်းကိစ္စနှင့်ပတ်သက်၍ မကြာခဏ ခရီးဝေးများသွား လာရခြင်းကို ဖြစ်စေပါသည်။ ထို့ကြောင့် ဇာတာရှင်သည် နိုင်ငံခြား၊ လူမျိုးခြားတို့နှင့် ပတ်သက်လျှက်ရှိသော လုပ်ငန်းများကို လုပ်ကိုင်ရမည့်အပြင် ၁၀ တန့်သခင် စနေဂြိုဟ်သည် ကြာသပတေးနဝင်းစီးထားသဖြင့် မိမိသင်ကြားတတ်မြောက်ခဲ့သော ပညာ၊ ခက်ခဲနက်နဲသော ပညာရပ်ပိုင်းဆိုင်ရာ လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းပြုရမည်ကို ညွှန်ပြလျှက်ရှိပါသည်။

ထို့ပြင် ၅ တန့်သခင်နှင့် ၂ တန့်သခင် ဗုဒ္ဓဟူးဂြိုဟ်သည် ကသစ်အဖြစ် ၂ တန့်ဘာဝတွင် ရပ်တည်ပြီး လဂ်သခင် သောကြာဂြိုဟ်၊ ၄တန့်သခင်

http://swanbros.blogspot.com



တနင်္ဂနွေဂြိုဟ်များနှင့် ပူးယှဉ်နေခြင်းတို့က ဓနယုဂ်နှင့်ရာဇယုဂ်များကိုပါ ရရှိထားသဖြင့် မိမိသင်ကြားတတ်မြောက်ခဲ့သော ပညာရပ်များကြောင့် အောင်မြင်ကျော်ကြားရုံမက ဥစ္စာစီးပွားပါ ချမ်းသာပြည့်စုံရမည့်သူ တစ်ယောက်အဖြစ် ဘဝကံကြမ္မာက ဖန်တီးပေးလျှက်ရှိပါသည်။ ၎င်းပြင် ဇာတာရှင်သည် ပြိဿလဂ်နှင့် သိဟ်စန်းပိုင်ရှင်လည်းဖြစ်၊ လဂ်သခင် သောကြာဂြိုဟ်သည် ၂ တန့်သခင် ဗုဒ္ဓဟူးဂြိုဟ်နှင့် ၂ တန့်ဘာဝတွင် ပူးယှဉ်နေခြင်းက မိသားစုအပေါ် သံယောဇဉ် ကြီးမားသူဖြစ်ရုံမက နိုင်ငံခြားသို့ ထွက်ခွာသွားစဉ်အချိန်ကလည်းမိမိမိသားစုကိုပါ တပါတည်းအတူခေါ်ဆောင် သွားနိုင်ခဲ့ သူဖြစ်ပါသည်။ ဇာတာရှင်သည် နိုင်ငံရပ်ခြားတွင် သွားရောက် နေထိုင်သူဖြစ်ပါသော်လည်း မိမိ၏ပညာရပ်၊ လုပ်ငန်းကိစ္စ၊ စီးပွားရေးကိစ္စ များနှင့် ပတ်သက်၍ အမိမြန်မာနိုင်ငံသို့ ပြန်လာ၍ အခေါက်ခေါက်အခါခါ အသွားအပြန်လုပ်နေရသည့်သူ တစ်ဦးလည်း ဖြစ်ပါသည်။

ဇာတာရှင်သည် နိုင်ငံခြားသို့ စတင်ထွက်ခွာသွားသော ကာလ အပိုင်းအခြားကို ဝိသောတ္တရီဒသာစနစ်ဖြင့် တွက်ချက်စစ်ဆေးကြည့်ပါက-

- ထူလဒသာသခင်ဂြိုဟ်သည် ၁၂ တန့်ဘာဝတွင် ရပ်တည်လျှက်ရှိသော ရာဟုဒသာအတွင်း ကျရောက်နေခြင်း။
- ၎င်းရာဟုကို ၉ တန့်သခင် နှင့် ၁၀ တန့်သခင် စနေဂြိုဟ်မှ ၁၀ တန့် အထူးမြင်ထားပြီး ရာဟုကိုယ်တိုင်က စရရာသီတွင် ရပ်တည်လျှက် ဗုဒ္ဓဟူးနဝင်းကိုစီးထားခြင်း။
- ၁၂ တန့်သခင်အင်္ဂါဂြိုဟ်မှ ရာဟုကို ၈ တန့်အထူးပြန်မြင်ထားခြင်း။
- အန္တရဒသာသခင်ဂြိုဟ်သည် အလုပ်အကိုင်နှင့် ခရီးဝေးကို

http://swanbros.blogspot.com



ညွှန်ပြလျှက်ရှိသော စနေဂြိုဟ်ဒသာအတွင်းကျရောက်နေခြင်း။

- ၎င်းစနေဂြိုဟ်ကိုယ်တိုင်က စရရာသီတွင်ရပ်၍ ကြာသပတေး နဝင်းကို စီးနင်းကာ ရာသီစက်တွင် ၉ တန့်နှင့် ဘာဝစက်တွင် ၁၀ တန့်ဘာဝကို သမသတ်ပြန်မြင်ထားခြင်း။
- အန္တရဒသာသခင် စနေဂြိုဟ်သည် ထူလဒသာသခင် ရာဟုနှင့် အပြန်အလှန်ကိန်းကျနေခြင်း။
- စနေဂြိုဟ်သည် ပြီသလင်္ဂအတွက် တစ်ခုတည်းသော ယောဂကာရကဂြိုဟ်ဖြစ်ခြင်း။
- ပြတျန္တရဒသာသခင်ဂြိုဟ်သည် လဂ်၏ ၁၁ တန့်သခင်အဖြစ် ၇ တန့်တွင်ရပ်တည်ကာ လဂ်ကို သမသတ်မြင်ထားသော ကြာသပတေး ဂြိုဟ်ဒသာအတွင်း ကျရောက်နေခြင်း။
- ၎င်း ကြာသပတေးဂြိုဟ် ကိုယ်တိုင်က ကသစ်နဝင်းကို စီးလျှက် ၉ တန့်နှင့် ၁၀ တန့် သခင်လည်းဖြစ်၊ အန္တရဒသာသခင်လည်း ဖြစ်သော စနေဂြိုဟ်ကို ၉ တန့် အထူး မြင်ထားခြင်း၊ စန်းကို ကိန်း အမြင်ဖြင့်မြင်ထားခြင်း။

တို့သည် ၎င်းအချိန်ကာလ အပိုင်းအခြားမှစတင်၍ ဇာတာရှင်အား မိမိသင် ကြားတတ်မြောက်ခဲ့သောပညာရပ်များဖြင့် နိုင်ငံခြားတွင် သွားရောက် လုပ်ကိုင် ခြင်းအားဖြင့် အောင်မြင်ကြီးပွားချမ်းသာခြင်းလမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးလျှက် ရှိပါသည်။

ကောဇာဂြိုဟ်စီး၊ ဂြိုဟ်နင်းများနှင့် အမြင်အယှဉ်များကို ကြည့်ရှုစစ်ဆေးသုံးသပ်ကြည့်ပါကလည်း ဇာတာရှင်နိုင်ငံခြားသို့ ထွက်ခွာမည့်နေ့တွင်-

- ကောဇာကြာသပတေးဂြိုဟ်သည် လဂ်ကိုစီးနင်းလျှက် လဂ်၏

http://swanbros.blogspot.com



၁၁ တန့်သခင်ဖြစ်သော မူလကြာသပတေးဂြိုဟ်ကို သမသတ် မြင်ထားခြင်း။

- ကောဇာစနေဂြိုဟ်သည် လဂ်သခင်သောကြာဂြိုဟ်နှင့် စန်းသခင် တနင်္ဂနွေဂြိုဟ်တို့ကို သမသတ်မြင်ထားခြင်း။
- ၎င်းပြင် ကောဇာစနေဂြိုဟ်၏ ၃ တန့်အထူးမြင်ခြင်းကို ခံထားရသော ကောဇာရာဟုသည် လဂ်၏ ၁၀ တန့်ဘာဝတွင် ရပ်တည်လျှက် လဂ်သခင်သောကြာဂြိုဟ်နှင့် စန်းသခင် တနင်္ဂနွေ ဂြိုဟ်တို့ကို ၉ တန့်အထူးမြင်ထားရုံ မျှမက စန်းကိုလည်း သမ သတ်မြင်ထားခြင်းတို့သည် ဤနေ့၊ ဤရက်၊ ဤကာလ၌ ဇာတာရှင်အား နိုင်ငံရပ်ခြားသို့ ထွက်ခွာသွားနိုင်ရန်အတွက် တွန်းအားပေးလျှက်ရှိကြပါသည်။

အချုပ်အားဖြင့် ဆိုရသော် ဇာတာရှင်တစ်ယောက်သည် နိုင်ငံရပ်ခြား သို့ သွားရောက်၍ အောင်မြင်သော ပညာရှင်တစ်ယောက်အနေဖြင့် သွား ရောက်လုပ်ကိုင်နိုင်ရန် အတွက် အဓိကအရေးကြီးသော ဗေဒင်ပညာရပ်ပိုင်း ဆိုင်ရာ အချက်အလက်များမှာ -

(က) မူလဇာတာ ဇာတာရှင်သည် မိမိသင်ကြားတတ်မြောက် ခဲ့သော ပညာရပ်များ၏ အကျိုးကို ခံစားခွင့်ရရှိသူဖြစ်ရပါမည်။ ဥပမာ ၅ တန့်ဘာဝသွှင်ဂြိုဟ်သည် ၂ တန့်ဘာဝ၊ ၁၀ တန့်ဘာဝ၊ ၁၁ တန့် ဘာဝသွှင်ဂြိုဟ်များနှင့် သမ္ဗန္ဓပြုထားပြီး အတန့်ကောင်းများတွင် အားကောင်း စွာဖြင့် ရပ်တည်နေခြင်း (သို့) ၅ တန့်ဘာဝသွှင်ဂြိုဟ်သည် အားကောင်း စွာဖြင့် အထက်ဖော်ပြပါ အတန့်ဘာဝများတွင် ရပ်တည်ခြင်း။

(ခ) လဂ်၊လဂ်သခင်၊စန်း၊စန်းသခင်နှင့်၁၀ တန့်သခင်ဂြိုဟ်တို့သည်

http://swanbros.blogspot.com



နိုင်ငံခြားခရီးသို့ အဓိကညွှန်ပြလျှက်ရှိသော ၉ တန့်၊ ၁၁ တန့်၊ ၁၂ တန့် ဘာဝသခင်ဂြိုဟ်များ၊ ဘာဝများနှင့် ဆက်သွယ်မှုရှိနေခြင်း။

(ဂ) အားရှိသော လဂ်သခင်၊ စန်း၊ စန်းသခင်၊ ၅ တန့်၊ ၉ တန့်၊ ၁၀ တန့်၊ ၁၁ တန့်ဘာဝသခင်ဂြိုဟ်များ ဒသာစားခိုက်နှင့် ကြုံကြိုက်ခြင်း။

(ဃ)တစ်ခါတရံ ၁၂ တန့်ဘာဝတွင် ရပ်တည်သော ဂြိုဟ်များ၊ ၁၂ တန့်ဘာဝ သခင်ဂြိုဟ်များ ဒသာစားခိုက်အတွင်းတွင်လည်း သွားရတတ်ခြင်း။


(င) အားကောင်းသော စနေဂြိုဟ်၊ ရာဟုနှင့်ကိတ်တို့ ဒသာစားခိုက်နှင့် ကြုံကြိုက်ခြင်း။

(စ) ကောဇာကြာသပတေး ဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟု နှင့်ကိတ်တို့သည် ကောင်းသောအမြင်အယှဉ်များဖြင့် လဂ်၊ လဂ်သခင်၊ စန်း၊ စန်းသခင် ၁၀ တန့် ဘာဝသခင်တို့ကို စီးနင်းထားခြင်း (သို့) အထူးအမြင်များ၊ သမသတ် အမြင်များဖြင့် မြင်ထားခြင်းတို့ ဖြစ်ပါသည်။

၎င်းပြင် ပညာရှင်အဖြစ် နိုင်ငံခြားသို့ သွားရောက်လုပ် ကိုင်ခဲ့ကြသော ဇာတာများအနက်မှ ဇာတာ ၂ ခုအားလည်း ဝေဒသုတေသီများ လေ့လာနိုင်ရန်အတွက် အောက်တွင်ဖေါ်ပြပေးလိုက်ပါသည်။

## ဥပမာဇာတာ (၁၁)

၁၃၂၁ ခု၊ တပို့တွဲလပြည့်ကျော် (၁၁)ရက်၊ (၂-၃-၁၉၆၂) သောကြာနေ့၊ မြန်မာစံတော်ချိန် ည ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။





**စောင့်ရင်းဒသာ** - သောကြာဂြိုဟ် ၁ နှစ်၊ ၆ လ၊ ၉ ရက်

ဇာတာရှင်သည် ၈-၇-၁၉၉၂ မှ ၂၂-၆-၁၉၉၈ ခုနှစ် အထိ စင်္ကာပူနိုင်ငံ H Soilcrete Co.Ltd တွင် Geotechnical Officer အဖြစ် လုပ်ကိုင်ခဲ့သူဖြစ်ပါသည်။

## ဥပမာဇာတာ (၁၂)

၁၃၂၄ ခု၊ တော်သလင်းလပြည့်ကျော် (၃)ရက် (၁၆-၉-၁၉၆၂) တနင်္ဂနွေနေ့ မြန်မာစံတော်ချိန် ည ၇ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။




**စောင့်ရင်းဒသာ** - ကိတ် ၅ နှစ်၊ ၂ လ၊ ၂၇ ရက်

---

**သမီးဇာတိဒသာ**

http://swanbros.blogspot.com



ဇာတာရှင်သည် ၈-၈-၁၉၉၃ မှ ၂၇-၉-၁၉၉၇ ခုနှစ်အထိ စင်္ကာပူနိုင်ငံ Hyundai Construction and Enginnering Co. တွင် Deotechnical Engineer အဖြစ် လုပ်ကိုင်ခဲ့သူ ဖြစ်ပါသည်။

\+ + +

http://swanbros.blogspot.com



# ဘုရားဖူးရန်(သို့)ဘာသာရေးကိစ္စများနှင့်စပ်လျဉ်း၍ နိုင်ငံရပ်ခြားသို့သွားရောက်ရခြင်း


နိုင်ငံရပ်ခြားခရီးသွား ရောက်ကြသည်ဆိုရာဝယ် လူတော်တော်များများသည် မိမိတို့၏ ကိုယ်ကျိုးစီးပွားအလို့ငှါ (သို့) တာဝန်ဝတ္တရားများနှင့် နိုင်ငံတော်က စေလွှတ်ခြင်းကြောင့် သွားကြရသည်ကပို၍များပြားကြပါသည်။ သို့ပါသော်လည်း ယခုဖော်ပြမည့်သူများသည် ငွေကြေးကြောင့်၊ အကျိုးအမြတ်ကြောင့်မဟုတ်ဘဲ မိမိ၏ယုံကြည်မှု၊ ကိုးကွယ်မှု၊ မြတ်ဗုဒ္ဓ၏ အနှိုင်းမဲ့ ဂုဏ်ကျေးဇူးတော်တို့ကို အောက်မေ့လျှက် ငွေကုန်ကြေးကျခံကာ ဘာသာတရားကိုနက်နက်ရှိုင်းရှိုင်းလေ့လာ၍ ကြိုးစားအားထုတ်လိုကြသည့် သာသနာ့ အနွယ်ဝင်သူတော်စင်များအနေဖြင့် ဗုဒ္ဓဂယာသို့ ဘုရားဖူးသွား ရောက်ခဲ့ကြသူများဖြစ်ပြီး ထိုသူတို့၏အကြောင်းကို ဥပမာ ဇာတာများနှင့်တကွ ဗေဒင်ပညာရပ်ပိုင်းဆိုင်ရာ သုံးသပ်ချက်များကို ယခုလတွင် ဆက်လက် ဖော်ပြသွားပါမည်။


http://swanbros.blogspot.com




## ဥပမာဇာတာ (၁၃)


၁၃၂၂ ခု၊ နှောင်းတန်ခူးလပြည့်ကျော် (၃) ရက် (၂. ၄. ၁၉၆၁) တနင်္ဂနွေနေ့၊ မြန်မာစံတော်ချိန်၊ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်၌ ရန်ကုန်မြို့တွင် မွေးဖွားသည်။




**စောင့်ရင်းဒသာ** - အင်္ဂါဂြိုဟ်- ၂ နှစ်၊ ၅ လ၊ ၂၄ ရက်




(၃၀. ၃. ၂၀၀၁) နိုင်ငံခြားသို့ စတင်ထွက်ခွာသော နေ့ရှိကောဇာဂြိုဟ်ခွင်

ဇာတာရှင်သည် ဗုဒ္ဓဘာသာတရားကို ကိုးကွယ်ယုံကြည် ဆည်းကပ်သူတစ်ယောက်ဖြစ်သည့်အားလျော်စွာ သဒ္ဓါတရား၏ စေ့ဆော်မှု၊ မြတ်ဗုဒ္ဓဘုရားရှင်အား ကြည်ညိုလေးစားမှုတို့ကို အရင်းတည်လျှက် အတိတ် ဘဝကံ

http://swanbros.blogspot.com



ရေစက်ကြောင့် ဗုဒ္ဓဂယာသို့ (၃၀. ၃. ၂၀၀၁ မှ ၁၃. ၄. ၂၀၀၁) အထိ ထူးထူး ခြားခြား ဘုရားဖူးသွားရောက်ခဲ့ရသူတစ်ဦး ဖြစ်ပါသည်။

ဇာတာရှင်သည် ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားရခြင်း အကြောင်းတရားများကို ဗေဒင်ပညာရှုထောင့်မှ လေ့လာသုံး သပ်ကြည့်ပါက -

ဇာတာရှင်သည် ကရကဋ်လဂ်၊ တူစန်းဖြစ်ပြီး ၉ တန့် သခင်ကြာသပတေးဂြိုဟ်သည် ကသစ်နဝင်းစီး၍ နိစ္စဘင်္ဂရာဇယုဂ်ရကာ ကသစ်စနေဂြိုဟ်နှင့်ပူးယှဉ်၍ လဂ်ကိုသမသတ်မြင်ထားခြင်း၊ ၎င်းပြင် လဂ်သခင် တနင်္လာဂြိုဟ်နှင့် စန်းသခင် သောကြာဂြိုဟ်တို့ကို အပြန်အလှန်ကိန်းအမြင်များဖြင့်မြင်ထားခြင်း၊ တနင်္ဂနွေဂြိုဟ်သည် ၉ တန့်ဘာဝတွင် ရပ်တည်၍ ကြာသပတေးနဝင်းစီးထားခြင်း၊ ဂြိုဟ်အများစုသည် လောကုတ္တ ရာအိမ်များဖြစ်သော မေ့ရာသီ နှင့် မိန်ရာသီကြားတွင် ရပ်တည်နေခြင်းတို့သည် ဘာသာတရားကို ယုံကြည်ကိုင်းရှိုင်းသူ တစ်ယောက်အဖြစ် ဖေါ်ပြလျှက်ရှိပါသည်။

၎င်းပြင် ဇာတာရှင်၏ လဂ်နှင့်စန်းတို့သည် စရရာသီများဖြစ်သော ကရကဋ်ရာသီနှင့် တူရာသီတို့တွင် ရပ်တည်နေရုံ မျှမက လဂ်သည် စရရာသီနဝင်းများဖြစ်သော မကာရ နဝင်းကိုစီးလျှက် စန်းသည် တူနဝင်းနှင့် ဝဂ္ဂုတ္တမနဝင်းများကို စီးနင်းထားခြင်း၊ လဂ်သခင်သည်လည်း တနင်္လာဂြိုဟ်ဖြစ်သော စန်းပင်ဖြစ်နေခြင်း၊ လဂ်၊ စန်း၊ လဂ်သခင်ဂြိုဟ်၊ စန်းသခင် ဂြိုဟ်တို့သည် ၇ တန့်သခင်စနေဂြိုဟ်၊ ၉ တန့်သခင်ကြာသပတေးဂြိုဟ်၊ ၁၁ တန့်သခင် သောကြာဂြိုဟ်တို့နှင့် ကိန်းအမြင်များဖြင့် အပြန်အလှန် ဆက်သွယ်မှုရှိနေကြခြင်း၊ စန်းသခင်ဂြိုဟ် သောကြာကိုယ်တိုင်ကလည်း လဂ်၏ ၁၁ တန့်သခင် ဖြစ်ရုံမျှမက စန်းကို သမသတ် ပြန်မြင်လျှက်ရှိပြီး မိဿနဝင်း၊ စရရာသီနဝင်းကိုသာ စီးနင်းထားခြင်းတို့သည် ဇာတာရှင်အား နိုင်ငံရပ်ခြားသို့ တိုင်သွားရောက်၍

http://swanbros.blogspot.com



ဘာသာရေးကိစ္စများကိုဆောင်ရွက်ရခြင်း၊ ဘုရားဖူးသွားရခြင်းတို့သည် ဖြစ်စေသဖြင့် ဇာတာရှင်သည် ၃၀. ၃. ၂၀၀၁ မှ ၁၃. ၄. ၂၀၀၁ အတွင်း ကုသိုလ်ကံထူးခြားစွာဖြင့် ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားရောက်ခဲ့ရပါသည်။

ဇာတာရှင်သည် ဗုဒ္ဓဂယာဘုရားဖူးခရီးသည် တစ်ယောက်အနေဖြင့် နိုင်ငံခြားသို့ စတင်ထွက်ခွာသွားသော ကာလအပိုင်းအခြားကို ဝိသောတ္တရီဒသာစနစ်ဖြင့် တွက်ချက်စစ်ဆေးကြည့်ပါက -

- ထူလဒသာသခင်ဂြိုဟ်သည် ဘာသာရေးနှင့် အဓိကဆက်သွယ်လျှက်ရှိသည့် ၉ တန့် သခင် ကြာသပတေးဂြိုဟ်နှင့် ပူးယှဉ်လျှက်ရှိသော စနေဂြိုဟ်ဒသာအတွင်း ကျရောက်နေခြင်း။
- ၎င်းထူလဒသာသခင် စနေဂြိုဟ်သည် ကသစ်နဝင်းစီးလျှက် လဂ်ကိုသမသတ်မြင်ထားပြီး၊ လဂ်သခင်လည်းဖြစ်၊ စန်းလည်းဖြစ်သော တနင်္လာဂြိုဟ်ကို ၁၀ တန့် အထူးမြင်ထားခြင်း။
- ၎င်းစနေဂြိုဟ်ကိုယ်တိုင်က ၉ တန့်ဘာဝတွင် ရပ်တည်လျှက်ရှိသော တနင်္ဂနွေဂြိုဟ် ကို ၃ တန့်အထူးမြင်ထားခြင်း။
- အန္တရဒသာသခင်ဂြိုဟ်သည် ကိတ်နှင့်ပူးယှဉ်နေသောလဂ်၏ ၃ တန့်သခင် နှင့် ၁၂ တန့်သခင် ဗုဒ္ဓဟူးဂြိုဟ် ဒသာအတွင်းကျရောက်နေခြင်း။
- ၎င်းဗုဒ္ဓဟူးဂြိုဟ်သည် ၈တန့် ဘာဝ ဒုဋ္ဌာနတွင်ရပ်သော်လည်း လဂ်၏ ၁၂ တန့် သခင်လည်းဖြစ်နေသဖြင့် ဒုဋ္ဌာန၏ ဆိုးကျိုးများကင်းလွတ်ခွင့်ရခြင်း။
- ၎င်းပြင် ဗုဒ္ဓဟူးဂြိုဟ်သည် စန်း၏ ၉ တန့်သခင်နှင့် ၁၂ တန့်သခင်ဂြိုဟ်ဖြစ်သလို နဝင်းလဂ်၏ ၉ တန့်သခင် လည်းဖြစ်ခြင်း။

http://swanbros.blogspot.com



- ဗုဒ္ဓဟူးဂြိုဟ်သည် စနေပိုင် မိတ်အိမ်တွင်ရပ်ပြီး သောကြာနဝင်း (မိတ်နဝင်း)ကို စီးနင်းထားခြင်း။
- ပြတျန္တရဒသာသခင်ဂြိုဟ်သည် အန္တရဒသာသခင်ဂြိုဟ် ဗုဒ္ဓဟူးဂြိုဟ်နှင့်ပူးယှဉ်နေသော ကိတ်ဒသာအတွင်း ကျရောက်နေခြင်း။
- ၎င်းကိတ်ဂြိုဟ်ကိုယ်တိုင်က စနေပိုင်ရာသီတွင်ရပ်ပြီး စနေနဝင်းနှင့် စရရာသီနဝင်းကို စီးနင်းထားခြင်းတို့ကြောင့် ဇာတာရှင်သည် ဤအချိန်အခါသမယ၌ ဗုဒ္ဓဂယာသို့ ဘုရားဖူးသွားရောက်ရခြင်းကို ဖြစ်ပေါ်စေပါသည်။

ကောဇာဂြိုဟ်စီးဂြိုဟ်နင်းနှင့် အမြင်အယှဉ်များကို ကြည့်ရှုစစ်ဆေးသုံးသပ်ကြည့်ပါကလည်း ဇာတာရှင် နိုင်ငံခြားသို့ ထွက်ခွာမည့်နေ့တွင် -

- ကောဇာကြာသပတေးဂြိုဟ် နှင့် ကောဇာစနေဂြိုဟ်တို့သည် ပူးယှဉ်လျှက် လဂ်၏ ၁၁ တန့်ဘာဝတွင် ရပ်တည် ကာ ၉ တန့်သခင် မူလကြာသပတေးဂြိုဟ်နှင့် ၇ တန့်သခင် မူလစနေဂြိုဟ်တို့ကို ၉ တန့် အထူးမြင်ထားခြင်း။
- ကောဇာစနေဂြိုဟ်သည် ၁၁ တန့်ဘာဝတွင်ရပ်တည်၍ လဂ်ကို ၃ တန့် အထူးမြင်ထားခြင်း။
- ဥစ်အိမ်တွင် ရပ်တည်လျှက်ရှိသော ကောဇာရာဟုမှ လဂ်သခင်လည်းဖြစ်၊ စန်းလည်းဖြစ်သော တနင်္လာဂြိုဟ်ကို ၉ တန့် အထူးမြင်ထားခြင်း။
- ကောဇာစနေဂြိုဟ်သည် ၁၁ တန့်ဘာဝတွင် ရပ်တည်၍ မူလရာဟုကို ကိန်းအမြင်ဖြင့် မြင်ထားခြင်းတို့သည် ဤအချိန်ကာလအတောအတွင်း ဇာတာရှင်အား ခရီးဝေးနှင့် နိုင်ငံ

http://swanbros.blogspot.com



ရပ်ခြားသို့ သွားရောက် ရခြင်းကို ဖြစ်ပေါ်စေပါသည်။

အချုပ်အားဖြင့်ဆိုရသော် ဇာတာရှင်တစ်ယောက်သည် ဘုရားဖူးရန် အတွက်သော်၎င်း၊ သာသနာပြုလုပ်ငန်းများလုပ်ဆောင်ရန်အတွက်သော်၎င်း၊ အလှူဒါနပြုလုပ်ရန်အတွက်သော်၎င်း၊ ဘာသာသာသနာနှင့် ဆက်နွယ်သည့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်အတွက်သော်၎င်း၊ နိုင်ငံရပ်ခြား၊ ရေခြား မြေခြားသို့ သွားရောက်ရခြင်းကို ဗေဒင်ပညာရှုထောင့်မှ အဓိက အရေးကြီး သော ဗေဒင်ပညာ ရပ်ပိုင်းဆိုင်ရာ အချက်အလက်များမှာ -

(က) မူလဇာတာအရ ဇာတာရှင်သည် မိမိသက်ဝင်ယုံကြည်ကိုး ကွယ်သော ဘာသာအပေါ် နှစ်နှစ်ကာကာ လေးလေးနက်နက် ယုံကြည် ကိုးကွယ်သည့်သူတစ်ယောက်ဖြစ်ခြင်း၊ ဥပမာ - လဂ်၊ စန်း၊ လဂ်သခင်ဂြိုဟ်၊ စန်းသခင်ဂြိုဟ် တို့သည် ၃ တန့်ဘာဝ၊ ၉ တန့်ဘာဝများနှင့်သော်၎င်း၊ ၃ တန့် သခင်ဂြိုဟ်၊ ၉ တန့်သခင်ဂြိုဟ် များနှင့်သော်၎င်း၊ ကောင်းသော အမြင် အယှဉ်များဖြင့် ဆက်သွယ်မှုရှိနေခြင်း။

(ခ) တစ်ခါတရံ ပညာ၊ သီလ၊ သိက္ခာတို့နှင့်ပတ်သက်၍ ၅ တန့် ဘာဝနှင့် ၅ တန့်သခင် တို့ကိုလည်း ထည့်သွင်းစဉ်းစား သင့်သလို ခက်ခဲနက်နဲ သောပညာရပ်များကို ထိုးထွင်းသိမြင်နိုင်သော ကြာသပတေးဂြိုဟ်ကြီးကို၎င်း၊ အကျင့်စာရိတ္တကို မဆုတ်မနစ်သော ဇွဲ၊ လုံ့လဖြင့် ကျင့်ကြံအားထုတ်နိုင်သော စနေဂြိုဟ်ကြီးအား၎င်း ထည့်သွင်းစဉ်းစား သင့်ပေသည်။

(ဂ) ၎င်းပြင် ဇာတာရှင်သည် နိုင်ငံရပ်ခြားသို့ အလွယ်တကူသွား ရောက်နိုင်ရန်အတွက် လဂ်၊ စန်း၊ လဂ်သခင်ဂြိုဟ်၊ စန်းသခင်ဂြိုဟ်တို့သည် အတန့် ကောင်းများတွင် အားကောင်းစွာဖြင့် ရပ်တည်ပြီး စရရာသီများနှင့် ဆက်စပ်မှုရှိခြင်း (သို့) ၉ တန့်၊ ၁၁ တန့်ဘာဝတို့နှင့်၎င်း၊ ၉ တန့်၊ ၁၁

http://swanbros.blogspot.com



တန့်ဘာဝသခင် ဂြိုဟ်များနှင့်၎င်း သမ္ဗန္ဓပြုထားခြင်း။

(ဃ) အားရှိသောလဂ်သခင်၊ စန်း၊ စန်းသခင်ဂြိုဟ်၊ ၃ တန့်၊ ၅ တန့်၊ ၉ တန့်၊ ၁၁ တန့်ဘာဝသခင်ဂြိုဟ်များ ဒသာစားခိုက်နှင့်ကြုံကြိုက်ခြင်း (သို့) ၎င်းအတန့်ဘာဝများတွင်ရပ်တည်လျှက်ရှိသော အားကောင်းသည့် ဂြိုဟ်များ ဒသာစားခိုက်နှင့် ကြုံကြိုက်ခြင်း။

(င) တစ်ခါတရံ အားကောင်းသည့် ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုဂြိုဟ်များ ဒသာစားခိုက်တွင်လည်း နိုင်ငံရပ်ခြားသို့ သွားရောက်ရတတ်ခြင်း။

(စ) နိုင်ငံရပ်ခြားခရီးသွားခြင်းကို အဓိကဖြစ်ပေါ်စေသော ကောဇာ ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုနှင့် ကိတ်တို့သည် ကောင်းသော အမြင်အယှဉ်များဖြင့် လဂ်၊ စန်း၊ လဂ်သခင်ဂြိုဟ်၊ စန်းသခင်ဂြိုဟ်၊ မူလ ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုနှင့်ကိတ်တို့ကို စီးနင်းထားခြင်း (သို့) အထူး အမြင်များ၊ သမသတ်အမြင်များ ဖြင့် မြင်ယှဉ်ထားခြင်းတို့ ဖြစ်ပါသည်။


၎င်းပြင် ဗုဒ္ဓဂယာသို့ ဘုရားဖူးအဖြစ်သွားရောက်ခဲ့ကြသော ဇာတာ ရှင်များအနက် မှ ဇာတာ ၂ ခုအားလည်း ဝေဒသုတေသီများ လေ့လာနိုင်ရန် အတွက် အောက်တွင်ဖော်ပြပေးလိုက်ပါသည်။


## ဉပမာဇာတာ (၁၄)


၁၂၉၄ ခု၊ နယုန်လဆန်း (၁၂)ရက်၊ (၁၅. ၆. ၁၉၃၂) ဗုဒ္ဓဟူးနေ့ မြန်မာစံတော်ချိန် နံနက် ၄ နာရီ ၁၅ မိနစ်တွင် ကျုံပျော်မြို့၌ မွေးဖွားသည်။

http://swanbros.blogspot.com











**စောင့်ရင်းဒသာ** - ရာဟု ၁၂ နှစ်၊ ၆ လ၊ ၂၅ ရက်


ဇာတာရှင်သည် ပုဂ္ဂလိက ခရီးသွားလုပ်ငန်းကုမ္ပဏီတစ်ခု၏ အစီအစဉ်ဖြင့် ၁၅. ၁၁. ၁၉၉၆ မှ ၂၇. ၁၁. ၁၉၉၆ အထိ ဗုဒ္ဓဂယာအပါအဝင် ယိုးဒယားနိုင်ငံရှိ မြဘုရားနှင့် စင်္ကာပူနိုင်ငံများသို့ပါ သွားရောက်ခဲ့ပါသည်။

## ဥပမာဇာတာ (၁၅)

၁၃၂၇ ခု၊ တပို့တွဲလဆန်း (၁၀)ရက်၊ (၃၁. ၁. ၁၉၆၆) တနင်္လာနေ့၊ မြန်မာစံတော်ချိန် နံနက် ၆ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။




**စောင့်ရင်းဒသာ** - တနင်္ဂနွေဂြိုဟ် ၃ နှစ်၊ ၁၁ လ၊ ၁၉ ရက်

http://swanbros.blogspot.com



ဇာတာရှင်သည် ပုဂ္ဂလိက ခရီးသွားလုပ်ငန်းကုမ္ပဏီတစ်ခု၏ အစီအစဉ် ဖြင့် ၂၀. ၃. ၁၉၉၇ မှ ၃၁. ၃. ၁၉၉၇ အထိ ဗုဒ္ဓဂယာအပါအဝင် ယိုးဒယား နိုင်ငံရှိ မြဘုရားနှင့် စင်ကာပူနိုင်ငံများသို့ပါ သွားရောက်ခဲ့ပါသည်။

\+ + +

http://swanbros.blogspot.com



## (စ) အားကစားထူးချွန်၍ နိုင်ငံရပ်ခြားသို့သွားရောက်ရခြင်း


နိုင်ငံရပ်ခြားခရီးနှင့် ဗေဒင်ပညာ ဆောင်းပါးများကို လစဉ်ဖေါ်ပြခဲ့ရာ ယခုလတွင် နိုင်ငံဂုဏ်ဆောင် အားကစားသမားများအဖြစ် အမိမြန်မာနိုင်ငံကို ကိုယ်စားပြုလျှက် နိုင်ငံရပ်ခြားတွင် နိုင်ငံတကာနှင့် ရင်ဘောင်တန်းကာ သွားရောက်ယှဉ်ပြိုင် အနိုင်ယူခဲ့ကြသော ရွှေတံဆိပ်ဆုရှင်များ အကြောင်းကို ဥပမာဇာတာများ နှင့်တကွ ဗေဒင်ပညာရပ်ပိုင်းဆိုင်ရာ သုံးသပ်ချက်များကို ဆက်လက်ဖေါ်ပြသွားပါမည်။


**ဥပမာဇာတာ (၁၆)**

၁၃၃၇ ခု၊ ကဆုန်လပြည့်ကျော် (၂)ရက်၊ (၂၆. ၅. ၁၉၇၅) တနင်္လာနေ့၊ မြန်မာစံတော်ချိန် နံနက် ၂ နာရီ ၃၀ မိနစ်၌ တိုက်ကြီး မြို့တွင် မွေးဖွားသည်။


http://swanbros.blogspot.com







**စောင့်ရင်းဒသာ** - ဗုဒ္ဓဟူးဂြိုဟ်- ၁၅နှစ် ၃ လ ၂၇ ရက်




(၆. ၁၂. ၁၉၉၈) နိုင်ငံခြားသို့စတင်ထွက်ခွာသော နေ့ရှိကောဇာဂြိုဟ်ခွင်

ဇာတာရှင်သည် အမျိုးသမီးတစ်ယောက်ပင်ဖြစ်သော်ငြားလည်း နိုင်ငံဂုဏ်ဆောင် အလေးမအားကစားသမားတစ်ဦးဖြစ်ပြီး အမိမြန်မာနိုင်ငံအတွက် နိုင်ငံတကာဆုတံဆိပ်များကို အကြိမ်ကြိမ်ဆွတ်ခူးရယူပေးနိုင်ခဲ့သူ ဖြစ်ပါသည်။ ဇာတာရှင် ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သော ပြိုင်ပွဲများမှာ -

(က) ၆. ၁၂. ၁၉၉၈ မှ ၂၀. ၁၂. ၉၈ အထိ ယိုးဒယားနိုင်ငံ၊ ဘန်ကောက်မြို့ တွင် ကျင်းပခဲ့သော (၁၃) ကြိမ်မြောက် အာရှအားကစား

http://swanbros.blogspot.com



ပြိုင်ပွဲတွင် ဒုတိယငွေ တံဆိပ်ဆုကိုရင်း။

(ခ) ၁၇. ၁၁. ၉၉ မှ ၂၉. ၁၁. ၉၉ အထိ ဂရိနိုင်ငံ၊ အေသင်မြို့တွင် ကျင်းပခဲ့သော (၁၃)ကြိမ်မြောက် ကမ္ဘာ့အလေးမ ပြိုင်ပွဲတွင် ဆင္မမဆုကိုရင်း။

(ဂ) ၁၅. ၉. ၂၀၀၀ မှ ၁. ၁၀. ၂၀၀၀ အထိ ဩစ တြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် ကျင်းပခဲ့သော (၂၇)ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲတွင် စတုတ္ထဆုကိုရင်း။

(ဃ) ၈. ၉. ၂၀၀၁ မှ ၁၇. ၉. ၂၀၀၁ အထိ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ မြို့တွင် ကျင်းပခဲ့သော (၂၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ်ဆုကိုရင်း အသီးသီးဆွတ်ခူးရရှိခဲ့ပါသည်။

ဇာတာရှင်သည် ထူးချွန်သော အားကစားသမားတစ်ယောက်အဖြစ် နိုင်ငံရပ်ခြား တိုင်းပြည်များတွင်သွားရောက်ယှဉ်ပြိုင်ကာ ဆုတံဆိပ်အမျိုးမျိုးကို ဆွတ်ခူးရရှိရခြင်းအကြောင်း တရားများကို ဗေဒင်ပညာရှုထောင့်မှ လေ့လာသုံးသပ်ကြည့်ပါက -

ဇာတာရှင်သည် မိန်လဂ်၊ ဗြိစ္ဆာစန်းဖြစ်ပြီး စန်းသခင် ဂြိုဟ်လည်းဖြစ်၊ ၉ တန့်သခင် ဂြိုဟ်လည်းဖြစ်သော အင်္ဂါဂြိုဟ်သည် လဂ်သခင် ကြာသပတေးဂြိုဟ်နှင့်အတူ ၁ တန့်ဘာဝတွင် ပူးယှဉ်ရပ်တည်နေခြင်း၊ လဂ်သခင်ကြာသပတေးဂြိုဟ်သည် ကသစ်ရပြီး နဝင်္ဂနိစ္စဘင်္ဂရာဇနဝင်းကို စီးနင်းထားခြင်း၊ ၃ တန့်သခင် သောကြာဂြိုဟ်သည်ကသစ်နဝင်းစီး၍ ၄ တန့်သခင်ဗုဒ္ဓဟူးဂြိုဟ်နှင့် ပရိဝတ္တနဖြစ်ကာ ၄ တန့်ဘာဝတွင် ၁၁ တန့်နှင့် ၁၂ တန့်သခင် စနေဂြိုဟ်နှင့် ပူးယှဉ်နေခြင်း၊ ၎င်းစနေ ဂြိုဟ်မှ လဂ်၊ လဂ်သခင်ကြာသပတေးဂြိုဟ်နှင့် အင်္ဂါဂြိုဟ်တို့ကို ၁၀ တန့် အထူးပြန်မြင်ထားသလို အင်္ဂါဂြိုဟ်မှလည်း ၄ တန့် အထူးပြန်မြင်ထားခြင်းတို့က ခက်ခဲပင်ပန်းပြီး ခွန်အားကို အဓိကထား

http://swanbros.blogspot.com



အသုံးပြုရသော အလေးမအားကစားသမားတစ်ယောက်ဘဝကို ရရှိစေခဲ့ပါသည်။ ၎င်းပြင် ၉ တန့်သခင် အင်္ဂါဂြိုဟ်နှင့် ၁၀ တန့်နှင့်လဂ် သခင် ကြာသပတေးဂြိုဟ်တို့ လဂ်တွင် ပူးယှဉ်နေခြင်းက ရာဇယုဂ်ကိုပါ ဖြစ်ပေါ်စေသဖြင့် အောင်မြင်ထူးချွန်သော အားကစားသမားတစ်ယောက်ဖြစ်ရုံမကနိုင်ငံဂုဏ်ကို ဆောင်ပြီး နိုင်ငံတော်ကပါ ချီးမြှင့်မြောက်စားခံရသော ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်း တစ်ယောက်ကို ဖြစ်စေပါသည်။

စန်းသည် ၉ တန့်ဘာဝ တွင် ရပ်တည်ပြီး ရာဟုနှင့်ပူး ယှဉ်သလို စန်းသခင်ဂြိုဟ်လည်းဖြစ် ၉ တန့်သခင်လည်းဖြစ်သောအင်္ဂါဂြိုဟ်သည် လဂ်သခင် ကြာသပတေးဂြိုဟ်နှင့် လဂ်တွင်ပူးယှဉ်ရုံမျှမက ၁၁ တန့်သခင် စနေဂြိုဟ်က လည်း ၁၀ တန့် အထူးပြန်မြင်ထား သဖြင့် နိုင်ငံရပ်ခြားထိအောင်၊ အောင်မြင် ကျော်ကြားပြီး လူမျိုး ခြား၊ ဘာသာခြား၊ နိုင်ငံရပ်ခြား တို့နှင့်လည်း အကျိုးပေး သည်ဟု ဆိုနိုင်ပါ၏။ သို့သော် ထိုအောင် မြင်ကျော်ကြားခဲ့မှုများသည် အင်္ဂါဂြိုဟ်နှင့်စနေဂြိုဟ်တို့မှ လဂ်နှင့် လဂ်သခင်ဂြိုဟ်များကို ပူးယှဉ်မြင်နေခြင်း တို့ကြောင့် လွယ်လွယ်ကူကူနှင့် ရရှိခဲ့သည် တော့မဟုတ်ပါ။ ဇာတာရှင်၏ မယုတ်မလျော့သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့်အတူ အတိုက်အခံ အနှောင့်အယှက် အဟန့်အတား နှင့် ခက်ခဲပင်ပန်းမှုအားလုံးကို စွမ်းစွမ်းတမံကျော်ဖြတ်ပြီးမှသာ ထိုက်ထိုက်တန်တန်ရရှိခဲ့ခြင်းဖြစ်ပါသည်။

ဇာတာရှင်သည် ပထမဦးဆုံး နိုင်ငံခြားခရီးစဉ်အဖြစ် ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့တွင် သွားရောက်ယှဉ်ပြိုင်ခဲ့သော ကာလအပိုင်းအခြားကို ဝိသောတ္တရီဒသာစနစ်ဖြင့် တွက်ချက် စစ်ဆေးကြည့်ပါက -

- ထူလနှင့် အန္တရဒသာသခင်ဂြိုဟ်သည် ၁၁ တန့်နှင့် ၁၂ တန့်သခင် စနေဂြိုဟ်နှင့် ပူးယှဉ်နေသော၊ သောကြာဂြိုဟ်ဒသာအတွင်း

http://swanbros.blogspot.com



ကျရောက်နေခြင်း။

- ၎င်းသောကြာဂြိုဟ်ကိုယ်တိုင်က မိတ်အိမ်တွင်ရပ်ပြီး ကသစ်နဝင်းစီးကာ ရာဟု၏ သမသတ်မြင်ခြင်းခံရသော ဗုဒ္ဓဟူးဂြိုဟ်နှင့် ပရိဝတ္တနပြုနေခြင်း။
- ၎င်းသောကြာဂြိုဟ်ကိုပင် လက်နှင့် လက်သခင်ကြာသပတေးဂြိုဟ်တို့ကို ပူးယှဉ်ထားသော ၉ တန့်သခင် အင်္ဂါ ဂြိုဟ်မှ ၄ တန့်အထူးမြင်ထားခြင်း။
- ပြတျန္တရဒသာသခင်ဂြိုဟ်သည် ၉ တန့်ဘာဝတွင် ရပ်တည်နေသော ရာဟု ဒသာအတွင်း ကျရောက်နေခြင်း။
- ၎င်းရာဟုကိုယ်တိုင်က စန်း နှင့်ပူးယှဉ်ကာ လက်နှင့်လက်သခင်ကြာသပတေးဂြိုဟ်တို့ ကို ပူးယှဉ်ထားသော စန်း သခင်လည်းဖြစ်၊ ၉ တန့် သခင်ဂြိုဟ်လည်းဖြစ်သော အင်္ဂါကို ၉ တန့် အထူးမြင်ထားခြင်းတို့သည် ဤအချိန် ကာလအပိုင်းအခြား၌ မိမိ တတ်စွမ်းသော အလေးမ အားကစားပညာဖြင့် နိုင်ငံရပ်ခြားသို့ သွားရောက်ယှဉ် ပြိုင်အနိုင်ရရန် အခွင့်အလမ်းများကို ဖြစ်ပေါ်စေခဲ့ပါသည်။

ကောဇာဂြိုဟ်စီး၊ ဂြိုဟ် နင်းနှင့် အမြင်အယှဉ်များကို ကြည့်ရှုစစ်ဆေးသုံးသပ်ကြည့်ပါကလည်း ဇာတာရှင်သည် ပထမဦးဆုံးအကြိမ်အဖြစ် နိုင်ငံခြားသို့ ထွက်ခွာမည့်နေ့တွင်

- ကောဇာရာဟုသည် လက်၏ ၉ တန့်ဘာဝတွင် ရပ်တည်လျှက်ရှိသော မူလစန်းနှင့် မူလရာဟုကို ကိန်းအမြင်ဖြင့် မြင်ထားခြင်း။

http://swanbros.blogspot.com



- ကောဇာစနေဂြိုဟ်သည် ၄ တန့်ဘာဝတွင် ရပ်တည်လျှက်ရှိသော ၁၁ တန့်နှင့် ၁၂ တန့်သခင် မူလစနေ ဂြိုဟ်ကို ၃ တန့် အထူးမြင်ထားခြင်း။
- ကောဇာကြာသပတေးဂြိုဟ် နှင့်ကိတ်သည် လဂ်၏ ၁၂ တန့်ဘာဝတွင်ရပ်လျှက် မူလစနေဂြိုဟ်ကို ၅ တန့်အထူးမြင်ထားခြင်း၊ မူလတနင်္ဂနွေ ဂြိုဟ်၊ စန်းနှင့်မူလရာဟုတို့ကို ကိန်းအမြင်များဖြင့် မြင်ထားခြင်းတို့သည် ဤအချိန်ကာလအတွင်း ဇာတာရှင်အား ခရီးဝေးနှင့် နိုင်ငံရပ်ခြားသို့ သွားရောက်ရခြင်းကို ဖြစ် ပေါ်စေပါသည်။

အချုပ်အားဖြင့်ဆိုရသော် ဇာတာရှင်တစ်ယောက်သည် အားကစားနည်းတစ်ခုခု တွင် ထူးချွန်ပြီး နိုင်ငံရပ်ခြားသို့တိုင် သွားရောက်ယှဉ်ပြိုင်အနိုင်ရကာ ဆုတံဆိပ်များကို ဆွတ်ခူး ရရှိစေနိုင်ခဲ့သော အဓိကအရေးကြီးသည့် ဗေဒင်ပညာရပ်ပိုင်းဆိုင်ရာ အချက်အလက်များမှာ-

(က) မူလဇာတာအရ ဇာတာရှင်သည် အားကစား နည်းတစ်ခုခုတွင် အောင်မြင် ထူးချွန်မည့်သူတစ်ယောက်ဖြစ် ခြင်း၊ ဥပမာ - အားရှိသောလဂ်၊ စန်း၊ လဂ်သခင်ဂြိုဟ်၊ စန်းသခင် ဂြိုဟ်နှင့် အင်္ဂါဂြိုဟ်တို့သည် အား ရှိသော ၃ တန့်သခင်ဂြိုဟ်နှင့်၎င်း၊ ၃ တန့်ဘာဝနှင့်၎င်းကောင်းသောအမြင်အယှဉ်များနှင့် ဆက်သွယ်မှုရှိနေခြင်း။

(ခ) ၎င်းပြင် ဇာတာရှင်သည် နိုင်ငံရပ်ခြားသို့ အလွယ်တကူသွားရောက်နိုင်ရန်အတွက် လဂ်၊ စန်း၊ လဂ်သခင်ဂြိုဟ်၊ စန်းသခင်ဂြိုဟ်တို့သည် အတန့် ကောင်းများတွင် အားကောင်းစွာရပ်တည်ပြီး စရရာသီများနှင့် ဆက်စပ်မှုရှိခြင်း (သို့) ၉ တန့်၊ ၁၁ တန့်ဘာဝတို့နှင့်၎င်း၊ ၉ တန့် ၁၁ တန့်

http://swanbros.blogspot.com



ဘာဝသခင်ဂြိုဟ်များ နှင့်၎င်း သမ္ဗန္ဓပြုထားခြင်း။

(ဂ) အားရှိသော လဂ်သခင်၊ စန်း၊ စန်းသခင်ဂြိုဟ်၊ ၃ တန့်၊ ၉ တန့်၊ ၁၁ တန့်ဘာဝ သခင်ဂြိုဟ်များ ဒသာစားခိုက်နှင့် ကြုံကြိုက်ခြင်း (သို့) ၎င်း အတန့်ဘာဝများတွင်ရပ်တည်လျှက်ရှိသော အားကောင်းသည့် ဂြိုဟ်များ ဒသာစားခိုက်နှင့် ကြုံကြိုက်ခြင်း။

(ဃ) တစ်ခါတရံ အားကောင်းသည့် ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုဂြိုဟ်များ ဒသာစားခိုက်တွင်လည်း နိုင်ငံရပ်ခြားသို့ သွားရောက်ရတတ်ခြင်း။

(င) နိုင်ငံရပ်ခြားခရီးသွားခြင်းကို အဓိကဖြစ်ပေါ်စေသော ကောဇာ ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုနှင့် ကိတ်တို့သည်ကောင်းသောအမြင် အယှဉ်များဖြင့် လဂ်၊ စန်း၊ လဂ်သခင်ဂြိုဟ်၊ စန်းသခင်ဂြိုဟ်၊ မူလကြာသပတေး ဂြိုဟ်၊ စနေ ဂြိုဟ်နှင့် ရာဟုနှင့်ကိတ်တို့ကို စီးနင်းထားခြင်း(သို့)အထူး အမြင် များ၊ သမသတ်အမြင်များဖြင့် မြင်ယှဉ်ထားခြင်းတို့ဖြစ်ပါသည်။


၎င်းပြင် အားကစားထူးချွန်သဖြင့် နိုင်ငံရပ်ခြားတိုင်း ပြည်များသို့တိုင် သွားရောက် ယှဉ်ပြိုင် အနိုင်ယူခဲ့ကြသော ဇာတာရှင်များအနက်မှ ဇာတာ ၂ ခုအားလည်း ဝေဒသုတေသီများ လေ့လာနိုင်ရန်အတွက် အောက်တွင်ဖော် ပြပေးလိုက်ပါသည်။


## ဥပမာဇာတာ (၁၇)


၁၃၃၄ ခု၊ ဝါခေါင်လဆန်း (၅)ရက်၊ (၁၄. ၈. ၁၉၇၂) တနင်္လာနေ့၊ မြန်မာစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။

http://swanbros.blogspot.com






**စောင့်ရင်းဒသာ** - အင်္ဂါဂြိုဟ် ၃ နှစ်၊ ၁ လ၊ ၃ ရက်

ဇာတာရှင်သည် နိုင်ငံဂုဏ်ဆောင် အမျိုးသမီးအလေးမ အားကစားသမားတစ်ယောက် ဖြစ်ပြီး နိုင်ငံတကာဆုတံဆိပ် အမျိုးမျိုးကို ဆွတ်ခူးရရှိခဲ့သူ တစ်ယောက်ဖြစ်ပါသည်။ ဇာတာရှင်သည် သွားရောက် ယှဉ်ပြိုင်ခဲ့သော နိုင်ငံတကာ ပွဲစဉ်များနှင့် ရရှိခဲ့သောဆုတံ ဆိပ်များမှာ -

(က) ၅. ၁၂. ၁၉၉၇ မှ ၁၅. ၁၂. ၁၉၉၇ အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပခဲ့သော (၁၁) ကြိမ်မြောက် ကမ္ဘာ့အလေးမပြိုင်ပွဲတွင် ဒုတိယ ငွေတံဆိပ်ဆုကိုရင်း။

(ခ) ၆. ၁၂. ၁၉၉၈ မှ ၂၀. ၁၂. ၉၈ အထိ ယိုးဒယားနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပခဲ့သော (၁၃)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် သတ္တမဆုကိုရင်း။

(ဂ) ၁၇. ၁၁. ၉၉ မှ ၂၉. ၁၁. ၉၉ အထိ ဂရိနိုင်ငံ အေသင်မြို့တွင် ကျင်းပခဲ့သော (၁၃) ကြိမ် မြောက် ကမ္ဘာ့အလေးမ ပြိုင်ပွဲတွင် သတ္တမဆုကို ရင်း။

(ဃ) ၁၅. ၉. ၂၀၀၀ မှ ၁. ၁၀. ၂၀၀၀ အထိ ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့ တွင် ကျင်းပခဲ့သော (၂၇)ကြိမ်မြောက် ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲတွင်

http://swanbros.blogspot.com




အဌမဆုကိုရင်း။

(င) ၈. ၉. ၂၀၀၁ မှ ၁၇. ၉. ၂၀၀၁ အထိမလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ မြို့တွင် ကျင်းပခဲ့သော (၂၁)ကြိမ်မြောက် အရှေ့ တောင်အာရှအားကစား ပြိုင်ပွဲတွင် ပထမရွှေ တံဆိပ်ဆုကိုရင်း အသီး သီးဆွတ်ခူးရရှိခဲ့ပါသည်။

## ဥပမာဇာတာ (၁၈)

၁၃၁၆ ခု၊ ဝါဆိုလပြည့်ကျော် (၁၀)ရက် (၂၅. ၇. ၁၉၅၄) တနင်္ဂနွေနေ့၊ မြန်မာစံတော်ချိန်၊ နံနက် ၁၀ နာရီ ၄၅ မိနစ်၌ ရန်ကုန်မြို့တွင် မွေးဖွားသည်။




**စောင့်ရင်းဒသာ** - တနင်္ဂနွေဂြိုဟ် ၁ နှစ်၊ ၂ လ၊ ၁၉ ရက်

ဇာတာရှင်သည် ငယ်ရွယ်စဉ်လူငယ်ဘဝတွင် ဂျူဒိုအားကစားသမား တစ်ယောက်ဖြစ်သလို နောက်ပိုင်းတွင် အစိုးရဝန်ထမ်းလုပ်ရင်း မြန်မာဂျူဒို အဖွဲ့ချုပ် တွင် အချိန်ပိုင်းနည်းပြနှင့် အမှတ်ပေးဒိုင်များအဖြစ် ပါဝင်ဆောင်

http://swanbros.blogspot.com



ရှက်ခဲ့ပြီး ၁၉. ၈. ၁၉၈၉ မှ ၃. ၉. ၁၉၈၉ ခုနှစ်အတွင်း မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ မြို့တွင် ကျင်းပခဲ့သော (၁၅) ကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစား ပြိုင်ပွဲသို့ မြန်မာ့ဂျူဒိုအားကစား များနှင့်အတူ သွားရောက်ခဲ့ပါသည်။

\+ \+ \+

http://swanbros.blogspot.com



## (ဿ) နိုင်ငံရပ်ခြားသို့သွားရောက်ရသော်လည်းအဆင်မပြေ၍ အမိနိုင်ငံသို့ပြန်လာရခြင်း


နိုင်ငံရပ်ခြားခရီးနှင့် ဗေဒင်ပညာဆောင်းပါးများကို လစဉ်ဖော်ပြခဲ့ရာတွင် များသောအားဖြင့် နိုင်ငံရပ်ခြားသို့ အဆင်ပြေချောမွေ့စွာ ခရီးသွားလာခဲ့ကြရသူများ၊ အောင်မြင်မှုများနှင့် အကျိုးစီးပွား ရရှိခဲ့ကြသူများအကြောင်းကိုသာ ဦးစားပေးဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သို့ပါသော်လည်း နိုင်ငံရပ်ခြားသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်ခဲ့ကြသူများအနက်မှ အဆင်ပြေအောင်မြင်သူများရှိသလို အချိန်ကုန်လူပန်း ငွေကြေးကုန်ကျပြီး ဒုက္ခသုက္ခများနှင့် ရင်ဆိုင်ရပြီးမှ အမိမြန်မာပြည်သို့ ပြန်ရောက်လာခဲ့ရသော ပြည်တော်ပြန်များလည်း ရှိခဲ့ကြပေသည်။ ထို့ကြောင့် နိုင်ငံရပ်ခြားသို့ သွားရောက်ခဲ့ရပါသော်လည်း ပြန်တော်ပြန် အခြေမလှခဲ့သူများအကြောင်းကို ဥပမာဇာတာများနှင့်တကွ ဗေဒင်ပညာရပ်ပိုင်းဆိုင်ရာသုံးသပ်ချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

http://swanbros.blogspot.com



## ဥပမာဇာတာ (၁၉)

၁၃၂၁ ခုနှစ်၊ နတ်တော်လဆန်း(၁၃)ရက် (၁၂. ၁၂. ၁၉၅၉) စနေနေ့၊ မြန်မာစံတော်ချိန်၊ ည ၉ နာရီ ၅၀ မိနစ်၌ ကလောမြို့တွင် မွေးဖွားသည်။



စောင့်ရင်းဒသာ - တနင်္ဂနွေဂြိုဟ် - ၄ နှစ် ၁၂ လ ၉ ရက်



(၂၀. ၁၁. ၁၉၉၃)
နိုင်ငံခြားသို့စတင်ထွက်ခွာသော
နေ့ရှိဂောစရဂြိုဟ်ခွင်

ဇာတာရှင်သည် ခေတ်ပညာတတ်တစ်ယောက်ဖြစ်၍ အများသူငါနည်းတူ နိုင်ငံခြားသို့ သွားရောက်၍ စွန့်စားလုပ်ကိုင်ခဲ့ပါသော်လည်း အခြေအနေအကြောင်း အမျိုးမျိုးကြောင့် အလုပ်အကိုင် အဆင်မပြေခြင်း၊ တနိုင်ငံမှ တနိုင်ငံသို့ ကူးသန်းသွားလာနေရခြင်း၊ အလုပ်အကိုင်ရရှိပါသော်လည်း လပိုင်းလောက်သာ အလုပ်လုပ်ရပြီး အလုပ်တစ်ခုမှ အလုပ်တစ်ခုသို့ ပြောင်း

http://swanbros.blogspot.com



ရွှေ့ရခြင်း၊ နောက်ဆုံး အလုပ်အကိုင်ထဲတွင် ပြဿနာဖြစ်ပြီး အချုပ်ကျကာ အချုပ်မှ လွတ်ပြီးနောက် အမိနိုင်ငံသို့ အပြီးတိုင်ပြန်လာသူတစ်ယောက် ဖြစ်ပါသည်။

ဇာတာရှင်သွားရောက်ခဲ့သော နိုင်ငံများနှင့် အလုပ်အကိုင်များမှာ ၂၁. ၁၁. ၉၃ နေ့တွင် မြန်မာပြည်မှစတင် ထွက်ခွာခဲ့ပြီး ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့မှတစ်ဆင့် ၂၈. ၁၁. ၉၃ နေ့တွင် ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့ပါသည်။ ဇာတာရှင်သည် ဂျပန်နိုင်ငံသို့ ရောက်ရှိခဲ့သော်လည်း သီတင်း ၂ ပတ်သာ နေထိုင်ခွင့်ရပြီး ၁၂. ၁၂. ၉၃ နေ့တွင် ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့သို့ ပြန်လာခဲ့ရပါသည်။ ဇာတာရှင်သည် ငွေကုန်ကျေးကျခံ၍ နိုင်ငံခြားသို့ ထွက်ခွာခဲ့ပြီးဖြစ်၍ မြန်မာပြည်သို့ ပြန်မလာတော့ဘဲ ရောက်ရာ နိုင်ငံတွင် ရရာအလုပ်တို့ကို လုပ်ကိုင်ရန် ဆုံးဖြတ်ပြီး ဘန်ကောက်တွင်ပင် အဆက်အသွယ်များနှင့် အလုပ်အကိုင်များ ဆက်လက်ရှာဖွေရာ နောက်ဆုံးတွင် ၁၉၉၄ ခုနှစ်၊ ဧပြီလ၌ ထိုင်ဝမ်သို့အလုပ်လုပ်ရန် ဘန်ကောက်မှ ထွက်ခွာသွားခဲ့ပါသည်။ ထိုင်ဝမ်တွင် စက်ရုံလုပ်သားအဖြစ်ရင်း၊ ဆောက်လုပ်ရေး လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့်ရင်း လုပ်ငန်းများပြောင်းလဲ လုပ်ကိုင်ခဲ့ရပြီး ၁၉၉၅ ခု အောက်တိုဘာလတွင် အလုပ်ခွင်ထဲ၌ ခိုက်ရန်ဖြစ်ပွားပြီး ပြဿနာဖြစ်ကာ နောက်ဆုံး၌ ထိုင်ဝမ်၏ အချုပ်ခန်းအတွင်း ကျရောက်ခဲ့ရပါသည်။ အချုပ်ခန်းတွင် ၆ လခန့် ထိန်းသိမ်းခံရပြီးနောက် လွတ်မြောက်လာသောအခါ ဇာတာရှင်သည် နိုင်ငံခြားတွင် ဆက်လက်လုပ်ကိုင်လိုစိတ် မရှိတော့ဘဲ ၁၃. ၄. ၁၉၉၆ ခု နေ့တွင် အမိမြန်မာပြည်သို့ အပြီးတိုင် ပြန်လာခဲ့ပြီး ယခုအခါ ကိုယ်ပိုင်စီးပွားရေးတစ်ခုကို တည်ထောင်လုပ်ကိုင်လျက်ရှိပါသည်။

---

**သ မီး ဇာ တိ က အလေ**

http://swanbros.blogspot.com



ဇာတာရှင်သည် နိုင်ငံရပ်ခြားသို့ သွားရောက်ခဲ့ရသော်လည်း အလုပ်အကိုင်များ အဆင်မပြေခြင်း၊ ဒုက္ခသုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့ရခြင်းတို့ကို ဗေဒင်ပညာရှုထောင့်မှ လေ့လာသုံးသပ်ကြည့်ပါက -

မူလဇာတာအရ လဂ်နှင့်စန်းသည် စရရာသီများဖြစ်သော ကရကဋ်ရာသီနှင့် မိဿရာသီများတွင် ရပ်တည်ခြင်း၊ စန်းလည်းဖြစ်၊ လဂ်သခင်လည်းဖြစ်သော တနင်္လာဂြိုဟ်ကို ၁၁ တန့်သခင် သောကြာဂြိုဟ်မှ သမသတ်မြင်ထားခြင်း၊ ၉ တန့်သခင်ကြာသပတေးဂြိုဟ်သည် ၂ တန့်သခင် တနင်္ဂနွေဂြိုဟ်နှင့်ပူးယှဉ်၍ ၅ တန့် ဘဝတွင်ရပ်ကာ လဂ်ကို ၉ တန့်အထူးမြင်ထားခြင်း၊ ကိတ်ဂြိုဟ်ကို ၉ တန့်သခင် ကြာသပတေးဂြိုဟ်မှ ၅ တန့်အထူးပြန်မြင်ထားခြင်း၊ လဂ်ရော စန်းပါ ဒွေးဒဟနဝင်းများကို စီးနင်းထားခြင်းတို့သည် ဇာတာရှင်အား နိုင်ငံခြားအပါအဝင် ခရီးဝေးသွားလာရခြင်းအကြောင်းတရားတို့ကို ဖြစ်ပေါ်စေသကဲ့သို့ နိုင်ငံရပ်ခြားသို့တိုင် သွားရောက်၍ စီးပွားဉစ္စာရှာဖွေရခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ သို့ပါသော်လည်း ဇာတာရှင် နိုင်ငံခြားသို့ရောက်ရှိပြီးနောက်ပိုင်း အားနည်းသောဂြိုဟ်များဒသားစားခိုက်နှင့် ကြုံကြိုက်နေခြင်း၊ ကောဇာဂြိုဟ် အမြင်အယှဉ်အစီးအနင်းများကလည်း အားနည်းနေခြင်းတို့ကြောင့် မှန်းချက်နှင့် နှမ်းထွက်မကိုက်ဖြစ်ခဲ့ရပါသည်။ ၉ တန့်သခင် ကြာသပတေးဂြိုဟ်ကြီးသည် ၅ တန့် ဘာဝမိတ်အိမ်တွင်ရပ်ကာ လဂ်ကို ၉ တန့် အထူးမြင်ထားသော်လည်း ကြာသပတေးဂြိုဟ်ကိုယ်တိုင်က ရာသီတစ်ခုတည်းအတွင်း ပါပကတ္တရိသင့်ခံရခြင်းနှင့် နိစ်နဝင်းစီးထားခြင်းတို့ကြောင့် အားနည်းနေသဖြင့် ဇာတာရှင်အား ကြာသပတေးဂြိုဟ်ကြီးလည်း မကယ်နိုင်ခဲ့ပါ။

ဇာတာရှင်သည် နိုင်ငံခြားသို့ စတင်ထွက်ခွာသွားသော ကာလအပိုင်း

http://swanbros.blogspot.com



အခြားကို ဝိသောတ္တရီဒသာစနစ်ဖြင့် တွက်ချက်စစ်ဆေးကြည့်ပါက -

- ထူလဒသာသွင်ဂြိုဟ်သည် ၂ တန့်ဘာဝတွင် ရပ်တည်လျက်ရှိသောရာဟု ဒသာအတွင်းကျ ကျရောက်နေခြင်း။
- ၎င်းရာဟုဂြိုဟ်ကိုယ်တိုင်က စနေနဝင်း စီးနင်းထားပြီး မူလစနေဂြိုဟ်က ၆ တန့်ဘာဝတွင် ရပ်တည်ကာ ရာဟုကို ၁၀ တန့် အထူးမြင်ထားခြင်း၊ စနေဂြိုဟ်ကိုယ်တိုင်ကလည်း ရန်နဝင်စီးထားခြင်းတို့က ဇာတာရှင်အား ပြဿနာ၊ အခက်အခဲများနှင့်ခိုက်ရန်ဒေါသများ ဖြစ်ပွားအောင် ဖန်တီးနိုင်ခွင့်ရှိနေခြင်းနှင့် ငွေကြေးဥစ္စာ ဆုံးရှုံးစေခြင်း။
- အန္တရနှင့်ပြတျန္တရဒသာသွင် ဂြိုဟ်သောကြာသည် ကသစ်ဖြစ်၍ စရရာသီတွင်ရပ်ကာ စနေမိတ်နဝင်း (စရရာသီနဝင်း) ကိုပင် စီးနင်းထားခြင်း။
- သောကြာဂြိုဟ်သည်လဂ်၏ ၄ တန့်နှင့် ၁၁ တန့်သွင်ဂြိုဟ်ဖြစ်ခြင်း။
- စန်းလည်းဖြစ်၊ လဂ်သခင်လည်းဖြစ်သော တနင်္လာဂြိုဟ်၏ ရတန့်ဘာဝတွင် ရပ်တည်နေခြင်းတို့ကြောင့် နိုင်ငံရပ်ခြားသို့ သွားရောက်ခဲ့ရပါသည်။

သို့ပါသော်လည်း ဇာတာရှင်၏ မူလဇာတာတွင် သောကြာဂြိုဟ်သည် ပါပကတ္တရိသင့်ခံရခြင်း၊ ကရကုဋ္ဌ်လဂ်အတွက် သောကြာဂြိုဟ်သည် မာရကဂြိုဟ်ဖြစ်ခြင်းတို့ကြောင့် ကသစ်ရာသီတွင် ရပ်တည်ပြီး မိတ်နဝင်းစီးထားသော်လည်း ဇာတာရှင်သည် ကောင်းကျိုးများကို အပြည့်အဝ မခံစားရဘဲ (၃) နှစ်တိတိ အချိန်ကြာသော၊ သောကြာအန္တရဒသာအတွင်း နိုင်ငံရပ်ခြား

http://swanbros.blogspot.com



တိုင်းပြည်များတွင် ကံကောင်းလိုက်၊ မကောင်းလိုက်၊ အလုပ်အကိုင်များ အဆင်ပြေလိုက် မပြေလိုက်နှင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးသန်းသွားလာနေရပြီး နောက်ဆုံးတွင် ထိုင်ဝမ်၌ လုပ်ငန်းတစ်ခုအတွင်း ခိုက်ရန်ဒေါသ ပြဿနာဖြစ်ပြီး အချုပ်ကျကာ အချုပ်မှလွတ်မြောက်ပြီးနောက် မြန်မာပြည်သို့ပြန်လည် ရောက်ရှိခဲ့ရပါသည်။ ဇာတာရှင် နိုင်ငံခြားသို့ ထွက်ခွာခဲ့သောကာလ ၂၁. ၁၁. ၉၃ မှ ၁၃. ၄. ၉၆ အတွင်း ၂ နှစ်ခွဲနီးပါးသည် ငွေကြေး အကျိုးအမြတ် တစ်စုံတစ်ရာမရဘဲ နိုင်ငံရပ်ခြား အတွေ့အကြုံလောက်သာ ရရှိကာ အချိန်ကုန်၊ ငွေကုန် လူပန်းဖြစ်ပြီး ပြဿနာအခက်အခဲ အနှောင့်အယှက်များနှင့်သာ ရင်ဆိုင်တွေ့ကြုံခဲ့ရပါသည်။

ကောဇာဂြိုဟ်စီးဂြိုဟ်နင်းနှင့် အမြင်အယှဉ်များကို ကြည့်ရှုစစ်ဆေးသုံးသပ်ကြည့်ပါကလည်း ဇာတာရှင်နိုင်ငံခြားသို့ ထွက်ခွာမည့်နေ့တွင် -

- ကောဇာကြာသပတေးဂြိုဟ်သည် လဂ်၏ ၄ တန့်ဘာဝတွင် ရပ်တည်လျက် ၁၁ တန့်သခင် သောကြာဂြိုဟ်ကို စီးနင်းထားခြင်း။
- ၎င်းပြင်လဂ်သွင် တနင်္လာဂြိုဟ်ကို သမသတ်မြင်ထားခြင်းနှင့် လဂ်ကို ကိန်းအမြင်ဖြင့် မြင်ထားခြင်း။
- ကောဇာရာဟုသည် ၅ တန့်ဘာဝတွင် ရပ်တည်ကာ ၉ တန့်သွင်မူလကြာသပတေးဂြိုဟ်ကို စီးနင်းထားပြီး လဂ်ကို ၅ တန့်အထူးမြင်ထားခြင်း။
- ကောဇာစနေဂြိုဟ်သည် လဂ်ကိုသမသတ်မြင်ထားခြင်း။ လဂ်သွင်တနင်္လာဂြိုဟ်ကို ကိန်းအမြင်ဖြင့် မြင်ထားခြင်းနှင့် ၁၁ တန့်သွင်သောကြာဂြိုဟ်ကို ၁၀ တန့် အထူးမြင်ထားခြင်းတို့သည်

http://swanbros.blogspot.com



ဤအချိန်ကာလအတွင်း နိုင်ငံရပ်ခြားသို့ သွားရောက်ရခြင်း အကြောင်းတရားများကို ဖြစ်ပေါ်စေပါသည်။

သို့ပါသော်လည်း မူလဇာတာတွင် ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်နှင့် ရာဟုတို့သည် ဇာတာရှင်အတွက် အားနည်းသောဂြိုဟ်များဖြစ်ကြသဖြင့် အထက်ပါဂြိုဟ်များ ကောဇာအစီးအနင်းကြုံခိုက်တွင်လည်း ကောင်းကျိုးထက်ဆိုးကျိုးဖက်သို့သာ ဦးတည်သွားစေလိုပါသည်။

အချုပ်အားဖြင့် ဆိုရသော် ဇာတာရှင်တစ်ယောက်သည် နိုင်ငံရပ်ခြားသို့သွားရောက်ရပါသော်လည်း အခက်အခဲ ပြဿနာများနှင့် ရင်ဆိုင်ရခြင်း၊ ဒုက္ခသုက္ခရောက်ခြင်း၊ အဆင်မပြေမှုများစွာနှင့် ကြုံတွေ့ရပြီး နောက်ဆုံး အမိနိုင်ငံသို့ ပြန်လာစေသော အကြောင်းတရားများတွင် အဓိကအရေးကြီးသော ဗေဒင်ပညာရပ်ပိုင်းဆိုင်ရာ အချက်အလက်များမှာ -

(က) မူလဇာတာအရ နိုင်ငံရပ်ခြားခရီးကို အဓိကညွှန်ပြလျက်ရှိသော ၇ တန့်၊ ၉ တန့်၊ ၁၁ တန့်၊ ၁၂ တန့်သခွင် ဂြိုဟ်များနှင့် ဇာတာရှင်၏ လဂ်၊ လဂ်သခွင်ဂြိုဟ်၊ စန်း၊ စန်းသခွင် ဂြိုဟ်များသည် အားနည်းစွာဖြင့် ဆက်သွယ်နေခြင်း။

(ခ) အထက်ပါ ဆက်သွယ်ချက်များတွင် ဒုဋ္ဌာနသခွင် ဂြိုဟ်များနှင့် မာရကဂြိုဟ်များ ပါဝင်ပတ်သက်ဆက်နွယ်နေခြင်း။

(ဂ) အားနည်းသော လဂ်သခွင်၊ စန်း၊ စန်းသခွင်၊ ၇ တန့်၊ ၉ တန့်၊ ၁၁ တန့်၊ ၁၂ တန့် ဘာဝသခွင်ဂြိုဟ်များ ဒသာစားခိုက်နှင့်ကြုံကြိုက်နေခြင်း။

(ဃ) ဒုဋ္ဌာနသခွင်ဂြိုဟ်များနှင့် မာရကဂြိုဟ်များ ဒသာစားခိုက်နှင့် ကြုံကြိုက်နေခြင်း။

(င) အားနည်းသော (သို့) ဒုဋ္ဌာနသခွင်ဂြိုဟ်များနှင့် ဆက်သွယ်ထား

http://swanbros.blogspot.com



သော ၂ တန့်သွင်ဂြိုဟ် ဒသာစားခိုက်အတွင်း ကျရောက်နေခြင်း။

(စ) လဂ်၊ လဂ်သွင်ဂြိုဟ်၊ စန်း၊ စန်သွင်ဂြိုဟ်တို့သည် ကောဇာစနေဂြိုဟ်၊ ရာဟုနှင့် ကိတ်တို့၏ အမြင်ဆိုးများဖြင့် မြင်ယှဉ်ခံထားရခြင်း။

(ဆ) ကောဇာကြာသာပတေးဂြိုဟ် အားနည်းစွာဖြင့် လဂ်၊ လဂ်သွင်ဂြိုဟ်၊ စန်း၊ စန်း သွင်ဂြိုဟ်တို့ကို မြင်ယှဉ်ထားခြင်းတို့ဖြစ်ပါသည်။

**မှတ်ချက် ။** ။ ဇာတာရှင်၏ ဆုံးရှုံးမှုအတိုင်းအတာ အတိမ်အနက်နှင့် နိုင်ငံရပ်ခြားတွင် အချိန်ကာလ ကြာညောင်းမှုတို့သည် ဂြိုဟ်တို့၏ အားရှိအားမဲ့အနေအထားနှင့် ဒသာသွင်ဂြိုဟ်တို့အပေါ် များစွာတည်မှီနေပါသည်။ သို့ပါ၍ နိုင်ငံရပ်ခြားသို့သွားရောက်ပြီး အောင်မြင်ကြီးပွား တိုးတက်လိုပါလျှင် နိုင်ငံခြားမသွားမီ နားလည်တတ်ကျွမ်းသော ဝေဒနာပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးပြီး အကြံဉာဏ်များ ရယူသင့်လှပါသည်။

၎င်းပြင် နိုင်ငံရပ်ခြားသို့ ငွေကုန်ကြေးကျခံပြီးသွား ရောက်ခဲ့ကြပါသော်လည်း ထင်တိုင်းမပေါက်၊ ရည်မှန်းချက်မရောက်ခဲ့ကြရသည့် ဇာတာရှင်များအနက်မှ ဇာတာ ၂ ခုအားလည်း ဝေဒသုတေသီများ လေ့လာနိုင်ရန်အတွက် အောက်တွင်ဖော်ပြပေးလိုက်ပါသည်။

## ဥပမာဇာတာ (၂၀)

၁၃၂၇ ခု၊ တပေါင်း လဆုပ် (၁၅) ရက် (၂၀. ၃. ၁၉၆၆) တနင်္လာနေ့ မြန်မာစံတော်ချိန် နံနက် ၅ နာရီ ၅ မိနစ်တွင် သုံးခွမြို့၌ မွေးဖွားသည်။

http://swanbros.blogspot.com





စောင့်ရင်းဒသာ - ကြာသပတေးဂြိုဟ် - ၁၂ နှစ် ၉ လ ၁၀ ရက်


ဇာတာရှင်သည် ၃၀. ၁၂. ၁၉၉၄ မှ ၂၄. ၅. ၁၉၉၆ အတွင်း စင်ကာပူနိုင်ငံသို့ သွားရောက်၍ စက်မှုအင်ဂျင်နီယာအဖြစ် အလုပ်အကိုင်ရရန် ကြိုးစားအားထုတ်ခဲ့ပါသော်လည်း အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် အတည်တကျ အလုပ်အကိုင် မရရှိဘဲ တစ်နှစ်ခွဲကာလခန့်အတွင်း အဆင်ပြေသလို ယာယီအလုပ်များလိုက်လုပ်၊ စင်ကာပူနှင့်ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့ကို ကူးချည်လာလှည့်ဖြင့် အသွားအပြန် သုံးလေးခေါက်လုပ်ပြီး နောက်ဆုံးအမိနိုင်ငံသို့ ပြန်လာခဲ့ရပါတော့သည်။

## ဥပမာဇာတာ (၂၁)

၁၃၁၉ ခု၊ တန်ခူးလပြည့်ကျော် (၃) ရက်၊ (၆. ၄. ၁၉၅၈) တနင်္ဂနွေနေ့ မြန်မာစံတော်ချိန် နံနက် ၀၀ နာရီ ၃၀ မိနစ်တွင် ပုသိမ်မြို့၌ မွေးဖွားသည်။

http://swanbros.blogspot.com





စောင့်ရင်းဒသာ - ရာဟုဂြိုဟ် - ၇ နှစ် ၁ လ ၇ ရက်

ဇာတာရှင်သည် ခေတ်ပညာတတ် တစ်ယောက်ဖြစ်ပြီး ၁၀. ၁၁. ၁၉၉၇ နေ့တွင် အများသူငါနည်းတူ စင်ကာပူနိုင်ငံသို့ သွားရောက်၍ စွန့်စားလုပ်ကိုင်ခဲ့ပါသော်လည်း စင်ကာပူနိုင်ငံလေဆိပ်မှ ပြည်ဝင်ခွင့် မပေးသဖြင့် အမိမြန်မာပြည်သို့ နေ့တွင်းချင်း လှည့်ပြန်လာခဲ့ရသူ တစ်ဦးဖြစ်ပါသည်။

\+ + +

http://swanbros.blogspot.com



## (ဇ)အနုပညာယဉ်ကျေးမှုတို့ကို အကြောင်းပြု၍နိုင်ငံရပ်ခြားသို့ သွားရောက်ရခြင်း

နိုင်ငံရပ်ခြားခရီးနှင့် ဗေဒင်ပညာဆောင်းပါးများကို လစဉ်ဖော်ပြခဲ့ရာ ယခုလတွင် မြန်မာ့အနုပညာယဉ်ကျေးမှုတို့ကို ကမ္ဘာကသိအောင် နိုင်ငံတကာသို့ သွားရောက်ဖျော်ဖြေခဲ့ကြသော မြန်မာ့အနုပညာယဉ်ကျေးမှုဆိုင်ရာ အဆိုအက အရေးအတီးပညာရှင်များအကြောင်းကို ဥပမာဇာတာများနှင့်တကွ ဗေဒင်ပညာရပ်ပိုင်းဆိုင်ရာ သုံးသပ်ချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

**ဥပမာဇာတာ (၂၂)**

၁၃၁၃ ခု၊ ပြာသိုလ္ဆန်း (၁၁)ရက် (၇. ၁. ၁၉၅၂) တနင်္လာနေ့၊ မြန်မာစံတော်ချိန်၊ နံနက် ၁၁ နာရီတိတိ၌ ရန်ကုန်မြို့တွင် မွေးဖွားသည်။





http://swanbros.blogspot.com





စောင့်ရင်းဒသာ-တနင်္ဂနွေဂြိုဟ်
၅ နှစ် ၆ လ ၂၈ ရက်



(၉. ၁၀. ၁၉၇၅) နိုင်ငံခြားသို့
စတင်ထွက်ခွာသောနေ့ရှိ ကောဇာဂြိုဟ်ခွင်

ဇာတာရှင်သည် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အငြိမ်းစား ဦးစီးအရာရှိတစ်ယောက်ဖြစ်ပြီး ယခုအခါ ကိုယ်ပိုင်ဂီတအနုပညာသင်တန်းများဖြင့် အနုပညာအမွေကို ဆက်လက် လင့်ဆင့်ကမ်း သင်ကြားပေးနေသူတစ်ယောက် ဖြစ်ပါသည်။ ဇာတာရှင်သည် မြန်မာ့ဆိုင်းဝိုင်း၊ မြန်မာ့စောင်း၊ မြန်မာ့ပတ္တလား၊ စန္ဒယားနှင့် အော်ဂင်စသည်တို့ကို ထူးချွန်ပြောင်မြောက်စွာ တီးခတ်နိုင်ရုံမက ဂီတစာဆို သီချင်းရေး ဆရာတစ်ယောက်လည်း ဖြစ်ပြီး ဘက်စုံထူးခွန်ဆုများရရှိခဲ့သော စွယ်စုံရဂီတ အနုပညာရှင်တစ်ယောက် ဖြစ်ပါသည်။ ဇာတာရှင်သည် နိုင်ငံတော်အမှုထမ်းဘဝဖြင့် အနုပညာဦးစီးဌာနတွင် လုပ်ကိုင်ခဲ့စဉ်က မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရေး၊ ယဉ်ကျေးမှုအစီအစဉ်များအရ သွားရောက်ခဲ့သော နိုင်ငံများမှာ -

(က) နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုအစီအစဉ်အရ ၉. ၁၀. ၁၉၇၅ မှ ၂၅. ၁၀. ၁၉၇၅ အထိ အိန္ဒိယနိုင်ငံ နယူးဒေလီ၊ မဒရပ်နှင့် ပတ္တနာမြို့များသို့ဌင်း။

http://swanbros.blogspot.com



(ခ) ၆. ၄. ၁၉၇၈ မှ ၁၃. ၄. ၁၉၇၈ ထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒက္ကား မြို့သို့ရင်း။

(ဂ) ၁၇. ၇. ၁၉၇၈ မှ ၂၁. ၈. ၁၉၇၈ အထိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပီကင်း၊ ချန်ကျွင်း၊ ရှန်ရင်း၊ ကူမင်း၊ ဝူဟန်၊ ရှန်ဟဲတို့မှတစ်ဆင့် မြောက်ကိုရီးယားနိုင်ငံ ပြုံးယမ်းမြို့တော် သို့ရင်း။

(ဃ) ၁၀. ၁၀. ၁၉၇၈ မှ ၂၈. ၁၀. ၁၉၇၈ အထိ ပြင်သစ်နိုင်ငံ ပဲရစ်မြို့သို့ရင်း။

(င) ၂. ၅. ၁၉၈၄ မှ ၂၆. ၅. ၁၉၈၄ အထိ အနောက် ဂျာမနီနိုင်ငံ ဘွန်းမြို့သို့ရင်း။

(စ) ၃၀. ၉. ၁၉၈၇ မှ ၁၅. ၁၀. ၁၉၈၇ အထိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ရင်း။

(ဆ) ၂၇. ၃. ၁၉၉၂ မှ ၂၈. ၄. ၁၉၉၂ အထိ ဂျပန်နိုင်ငံ တိုကျိုမြို့ သို့ရင်း။

(ဇ) ၁၅. ၃. ၁၉၉၄ မှ ၂၁. ၃. ၁၉၉၄ အထိ လာအိုနိုင်ငံ ဗီယန် ကျင်းမြို့များသို့ရင်း သွားရောက်၍ မြန်မာနိုင်ငံ ယဉ်ကျေးမှု ကဇာတ်အဖွဲ့နှင့်အတူ တူရိယာပညာရှင်အဖြစ် ပါဝင် ဖျော်ဖြေခဲ့ပါသည်။

ဇာတာရှင်သည် အောင်မြင်ထူးချွန်သော ဂီတအနုပညာရှင် တစ်ယောက်အဖြစ် နိုင်ငံရပ်ခြားတိုင်းပြည်များတွင် သွားရောက်ဖျော်ဖြေခဲ့ရ သော အကြောင်းတရားကို ဗေဒင်ပညာရှုထောင့်မှ လေ့လာသုံးသပ်ကြည့် ပါက -

http://swanbros.blogspot.com



ဇာတာရှင်သည် မိန်လဂ်၊ မိဿစန်းဖြစ်ပြီး လဂ်သွင်ကြာသပတေး ဂြိုဟ်သည် ကသစ်အဖြစ် လဂ်ကိုပူးယှဉ်နေပြီး မိတ်နဝင်းစီးထားခြင်း၊ စန်း သည် မိတ်နဝင်းစီးကာ စန်းသွင်ဂြိုဟ်မှ ပြန်မြင်ထားပြီး ၃ တန့် ဘာဝ တွင် ရပ်တည်နေခြင်းတို့က ကိုယ်ပိုင်အတွေးအခေါ် အယူအဆများဖြင့် မိမိဖြစ်ချင်ရာကို တီထွင်ဖန်တီးနိုင်သူဖြစ်ခြင်း၊ ၃ တန့်သွင် သောကြာဂြိုဟ် သည် ကသစ်နဝင်းစီးကာ ၉ တန့်ဘာဝတွင်ရပ်၍ ၃ တန့်ကို သမသတ်ပြန် မြင်ထားခြင်းက အနုပညာဗီဇနှင့် သောတအာရုံကို ခံစားနိုင်သောသူဖြစ်ခြင်း၊ ၄ တန့်သခင် ဗုဒ္ဓဟူးဂြိုဟ်သည် ၁၀ တန့်ဘာဝတွင် ရပ်တည်ခြင်းတို့က ဂီတအနုပညာတို့ဖြင့် အသက်မွေးဝမ်းကျောင်းရမှုကို ဖော်ပြနေခြင်းတို့အပြင် သဒ္ဓါရုံကို စိုးမိုးသော လဂ်သွင် ကြာသပတေးဂြိုဟ်ကြီးသည် အားရှိစွာဖြင့် ၁၁ တန့်နှင့် ၁၂ တန့်သွင် စနေဂြိုဟ်ကို သမသတ်မြင်ထားခြင်း၊ ၉ တန့် ဘာဝတွင် ရပ်တည်လျက်ရှိသော ၃ တန့်သွင် သောကြာဂြိုဟ်ကို ၉ တန့် အထူးမြင်ထားခြင်းတို့က နိုင်ငံရပ်ခြားလူမျိုးခြား ဘာသာခြားများထံသို့ တိုင် သွားရောက်၍ မိမိအနုပညာစွမ်းပကားဖြင့် ဖျော်ဖြေခွင့်ကို ရရှိစေခဲ့ပါ သည်။

ဇာတာရှင်သည် ပထမဦးဆုံး နိုင်ငံခြားခရီးစဉ်အဖြစ် ယဉ်ကျေးမှု ကဇာတ်အဖွဲ့နှင့်အတူ အိန္ဒိယနိုင်ငံသို့ သွားရောက်၍ ဖျော်ဖြေခဲ့စဉ်က ကာလ အပိုင်းအခြားကို ဝိသောတ္တရီဒသာစနစ်ဖြင့် တွက်ချက်စစ်ဆေးကြည့်ပါက-

- ထူလဒသာနှင့် အန္တရဒသာသွင်ဂြိုဟ်သည် လဂ်၏ ၁၂ တန့် ဘာဝတွင် ရပ်တည်လျက်ရှိသော ရာဟုဒသာအတွင်း ကျ ရောက်နေခြင်း။
- ၎င်းရာဟုကိုယ်တိုင်က စနေဂြိုဟ်ပိုင် ကုမ်ရာသီတွင်ရပ်ပြီး

http://swanbros.blogspot.com



စရရာသီဖြစ်သော မကာရရာသီ၊ စနေနဝင်းကိုစီး နင်းထား ခြင်း။

- စန်းသွင်ဂြိုဟ်လည်းဖြစ်၊ ၉ တန့်သွင်ဂြိုဟ်လည်း ဖြစ်သော အင်္ဂါဂြိုဟ်ကို ရာဟုမှ ၉ တန့်အထူး မြင်ထားခြင်း။
- ပြတျန္တရဒသာသွင်ဂြိုဟ်သည် လဂ်၏ ၈ တန့်ဘာဝ မိတ်အိမ် တွင် ရပ်တည်လျက်ရှိသော ၁၁ တန့်နှင့် ၁၂ တန့် ဘာဝသွင် စနေဂြိုဟ်၏ ဒသာအတွင်းကျရောက်နေခြင်း။
- ၎င်းစနေဂြိုဟ်ကို လဂ်သွင်လည်းဖြစ်၊ ၁၀ တန့် သွင်ဂြိုဟ် လည်းဖြစ်သော လဂ်နှင့်ပူးယှဉ်နေသည့် ကြာသပတေးဂြိုဟ်မှ သမသတ်မြင်ထားပြီး စရရာသီဖြစ်သော ကရကဋ်ရာသီ တနင်္လာနဝင်း စီးနင်းထားခြင်းတို့သည် ဤအချိန်ကာလ အပိုင်းအခြား၌ မိမိ၏ဝါသနာ၊ မိမိ၏ဂီတအနုပညာဖြင့် မြန်မာ နိုင်ငံကိုယ်စားပြုလျက် ယဉ်ကျေးမှုကဇာတ်အဖွဲ့ဖြင့် နိုင်ငံရပ်ခြား သို့သွားရောက်၍ စတင်ဖျော်ဖြေတီးခတ်ခွင့်ကို ရရှိစေခဲ့ပါသည်။

ကောဇာဂြိုဟ်စီးဂြိုဟ်နင်းနှင့် အမြင်အယှဉ်များကို ကြည့်ရှုစစ်ဆေး သုံးသပ်ကြည့်ပါကလည်း ဇာတာရှင်သည် ပထမဦးဆုံးအကြိမ်အဖြစ် နိုင်ငံ ခြားသို့ စတင်ထွက်ခွာမည့်နေ့တွင် -

- ကောဇာကြာသပတေးဂြိုဟ်သည် ၁ တန့် ဘာဝ မိန်ရာသီ ကသစ်အိမ်တွင် အားရှိစွာဖြင့်ရပ်တည်လျက် လဂ်နှင့်လဂ်သွင် ကြာသပတေးဂြိုဟ်ကို စီးနင်းထားခြင်း။
- လဂ်၏သမသတ်တွင် ရပ်တည်လျက်ရှိသော ၁၁ တန့်နှင့် ၁၂ တန့်သွင် မူလစနေဂြိုဟ်ကို သမသတ်မြင်ထားခြင်း။

http://swanbros.blogspot.com



- ကောဇာရာဟုသည် လင်္ဂ၏ ၉ တန့်ဘာဝတွင် ရပ်တည်လျက် လင်္ဂနှင့်လင်္ဂသခင် ကြာသပတေးဂြိုဟ်ကို ၅ တန့် အထူးမြင်ထားခြင်း။
- ကောဇာစနေဂြိုဟ်သည် ၁၁ တန့်နှင့် ၁၂ တန့် သခင်မူလစနေဂြိုဟ်ကို ၃ တန့် အထူးမြင်ထားခြင်း။

၃ တန့်ဘာဝတွင် ရပ်တည်နေသောစခန်းကို ကောဇာစနေဂြိုဟ်မှ ၁၀ တန့် အထူးမြင်ထားခြင်းတို့သည် ဤအချိန်ကာလအတွင်း ဇာတာရှင်အား ခရီးဝေးနှင့် နိုင်ငံရပ်ခြားသို့ သွားရောက်ရခြင်းကို ဖြစ်ပေါ်စေပါသည်။

အချုပ်အားဖြင့် ဆိုရသော် ဇာတာရှင်တစ်ယောက်သည် အနုပညာ၊ ယဉ်ကျေးမှု ဂီတပညာရပ်တစ်ခုခုတို့တွင် ထူးချွန်ပြီး နိုင်ငံရပ်ခြားသို့တိုင် သွားရောက်၍ မိမိ၏ ဂီတအနုပညာဖန်တီးမှုစွမ်းရည်တို့ဖြင့် အများပြည်သူတို့အား ဖျော်ဖြေခွင့်နှင့် အောင်မြင်မှုကို ရရှိစေနိုင်ခဲ့သော အဓိကအရေးကြီးသည့် ဗေဒင်ပညာရပ်ပိုင်းဆိုင်ရာ အချက်အလက်များမှာ -

(က) မူလဇာတာအရ ဇာတာရှင်သည် ဂီတအနုပညာဘက်တွင် ဝါသနာထုံပြီး အောင်မြင်ထူးခွန်နိုင်မည့် သူတစ်ယောက်ဖြစ်ခြင်း။

ဥပမာ - အားရှိသောလင်္ဂ၊ စန်းလင်္ဂသခင်ဂြိုဟ်၊ စန်းသခင်ဂြိုဟ်နှင့် သောကြာဂြိုဟ်တို့သည် အားရှိသော ၃ တန့်သခင်ဂြိုဟ်၊ ၄ တန့်သခင်ဂြိုဟ်နှင့် ၃ တန့်ဘာဝ၊ ၄ တန့်ဘာဝတို့နှင့် ကောင်းသောအမြင်အယှဉ်များနှင့် ဆက်သွယ်မှုရှိနေခြင်း။

(ခ) ပရိသတ်အားပေးလက်ခံသော အောင်မြင်ကျော်ကြားသည့် ဂီတအနုပညာရှင် တစ်ယောက်ဖြစ်ရန်အတွက် စနေဂြိုဟ်နှင့် တနင်္လာဂြိုဟ်တို့သည် လင်္ဂ၊ လင်္ဂသခင်ဂြိုဟ်၊ စန်း၊ စန်းသခင်ဂြိုဟ်များနှင့်၎င်း၊ ၉ တန့်

http://swanbros.blogspot.com



၁၀ တန့်၊ ၁၁ တန့်ဘာဝများနှင့်၎င်း၊ ဘာဝသင်္ချိုဂြိုဟ်များနှင့်၎င်း အားကောင်းစွာဖြင့် သမ္ဗန္ဓပြုထားခြင်း။

(ဂ) ၎င်းပြင် ဇာတာရှင်သည် နိုင်ငံရပ်ခြားသို့ အလွယ်တကူသွားရောက်နိုင်ရန်အတွက် လဂ်၊ စန်း၊ လဂ်သင်္ချိုဂြိုဟ်၊ စန်းသင်္ချိုဂြိုဟ်တို့သည် အတန့်ကောင်းများတွင် အားကောင်းစွာဖြင့် ရပ်တည်ပြီး စရရာသီများနှင့် ဆက်စပ်မှုရှိနေခြင်း (သို့) အားကောင်းသော ၇ တန့်၊ ၉ တန့်၊ ၁၁ တန့်၊ ၁၂ တန့်ဘာသင်္ချိုဂြိုဟ်များနှင့်၎င်း၊ ဘာဝများနှင့်၎င်း ကောင်းစွာ ဆက်သွယ်နေခြင်း။

(ဃ) အားရှိသော လဂ်သင်္ချို၊ စန်း၊ စန်းသင်္ချိုဂြိုဟ် ၃ တန့်၊ ၇ တန့်၊ ၉ တန့်၊ ၁၁ တန့်၊ ၁၂ တန့်ဘာဝသင်္ချိုဂြိုဟ်များ ဒသာစားခိုက်နှင့်ကြုံကြိုက်ခြင်း (သို့) ၎င်းအတန့်ဘာဝများတွင် ရပ်တည်လျှက်ရှိသော အားကောင်းသည့် ဂြိုဟ်များ ဒသာစားခိုက်နှင့် ကြုံကြိုက်ခြင်း။

(င) တစ်ခါတစ်ရံ အားကောင်းသည့် ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ် ရာဟုဂြိုဟ်များ ဒသာစားခိုက်တွင်လည်း နိုင်ငံရပ်ခြားသို့ သွားရောက်ရတတ်ခြင်း

(စ) နိုင်ငံရပ်ခြားခရီးသွားခြင်းကို အဓိကဖြစ်ပေါ်စေသော ကောဇာ ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုနှင့် ကိတ်တို့သည် ကောင်းသော အမြင်အယှဉ်များဖြင့် လဂ်၊ စန်း၊ လဂ်သင်္ချိုဂြိုဟ်၊ စန်းသင်္ချိုဂြိုဟ်၊ မူလကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုနှင့်ကိတ်တို့ကို စီးနင်းထားခြင်း (သို့) အထူးအမြင်များ၊ သမသတ်အမြင်များဖြင့် မြင်ယှဉ်ထားခြင်းတို့ ဖြစ်ပါသည်။

၎င်းပြင် ဂီတအနုပညာတို့နှင့် ပတ်သက်၍ နိုင်ငံရပ်ခြားတိုင်းပြည်များသို့တိုင် သွားရောက်ဖျော်ဖြေခဲ့ကြသော ဂီတအနုပညာရှင်များ အနက်မှ


http://swanbros.blogspot.com



ဇာတာ ၂ ခုအားလည်း ဝေဒသုတေသီများ လေ့လာနိုင်ရန်အတွက်အောက်တွင် ဖော်ပြပေးလိုက်ပါသည်။

## ဥပမာဇာတာ (၂၃)

၁၃၂၅ ခု၊ ပြာသိုလ္ဆန်း (၂) ရက် (၁၆. ၁၂. ၁၉၆၃) တနင်္လာနေ့၊ မြန်မာစံတော်ချိန် နံနက် ၉ နာရီ ၃၀ မိနစ်တွင် သုံးဆယ်မြို့၌ မွေးဖွားသည်။



စောင့်ရင်းဒသာ - ကိတ်ဂြိုဟ် - ၆ နှစ် ၈ လ ၁၈ ရက်

ဇာတာရှင်သည် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ မိတ်ကပ် ဒါရိုက်တာတစ်ဦးဖြစ်ပြီး ၁၄. ၁၀. ၁၉၉၈ မှ ၂၈. ၁၀. ၁၉၉၈ အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကူမင်း၊ ပီကင်း၊ ဝူတန်၊ ချုံချင့်နှင့် ချိန်တူးမြို့များသို့ အာရှအနုပညာပွဲတော်အတွက် သွားရောက်ဖျော်ဖြေသော အစီအစဉ်တွင် ယဉ်ကျေးမှုကဇာတ်အဖွဲ့၏ မိတ်ကပ်ဒါရိုက်တာအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။

http://swanbros.blogspot.com



## ဥပမာဇာတာ (၂၄)

၁၃၀၇ ခု၊ ဝါခေါင်လဆန်း (၁၁) ရက် (၁၉. ၈. ၁၉၄၅) တနင်္ဂနွေနေ့ မြန်မာစံတော်ချိန်၊ မွန်းလွဲ ၂ နာရီ ၃၀ မိနစ်တွင် ဒါးပိန်မြို့၌ မွေးဖွားသည်။



စောင့်ရင်းဒသာ - ကိတ်ဂြိုဟ် - ၁ နှစ် ၆ လ ၁၁ ရက်

ဇာတာရှင်သည် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ ဝါရင့်အက နည်းပြဆရာမကြီးတစ်ယောက်ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှု ကဇာတ်အဖွဲ့နှင့်အတူ သွားရောက်ကပြ ဖျော်ဖြေခဲ့သော နိုင်ငံခြား တိုင်းပြည်များမှာ -

(က) ၁. ၇. ၁၉၀၆ မှ ၁၅. ၇. ၁၉၀၆ အထိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများသို့ လည်းကောင်း၊

(ခ) ၁၉၆၁ ခုနှစ်တွင် ယွန်ဆိုဗီယက်ယူနီယံ၊ အရှေ့ဂျာမဏီ၊ ပိုလန်နှင့် ချက်ကိုစလိုဗက်နိုင်ငံများသို့ လည်းကောင်း၊

(ဂ) ၁၉၆၇ ခုနှစ်တွင် အင်္ဂလန် နိုင်ငံနှင့် အီတလီနိုင်ငံများသို့ လည်းကောင်း၊

http://swanbros.blogspot.com



(ဃ) ၉. ၁၀. ၁၉၇၅ မှ ၂၅. ၁၀. ၁၉၇၅ အထိ အိန္ဒိယနိုင်ငံသို့ လည်းကောင်း၊

(င) ၁၇. ၇. ၁၉၇၈ မှ ၂၁. ၈. ၁၉၇၈ အထိ တရုတ်ပြည်သူ့သမ္မတ နိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံများသို့လည်းကောင်း၊

(စ) ၁၉၈၉ ခုနှစ်တွင် ယိုးဒယားနိုင်ငံသို့လည်းကောင်း၊

(ဆ) ၁၉၉၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ လည်းကောင်း၊

(ဇ) ၆. ၁. ၂၀၀၁ မှ ၁၅. ၁. ၂၀၀၂ အတွင်း ယိုးဒယားနိုင်ငံသို့ လည်းကောင်း၊ နိုင်ငံခြားတိုင်းပြည်များစွာသို့ အကြိမ်ကြိမ် သွားရောက်ခဲ့ဖူးသူ ဖြစ်ပါသည်။

+ + +

http://swanbros.blogspot.com



## နိုင်ငံရပ်ခြားတွင် နှစ်ရှည်လများသွားရောက်အခြေချနေထိုင်ခြင်း

နိုင်ငံရပ်ခြားခရီးနှင့် ဗေဒင်ပညာဆောင်းပါးများကို လစဉ်ဖော်ပြခဲ့ရာ ယခုလတွင် နိုင်ငံရပ်ခြား၌ နှစ်ရှည်လများ သွားရောက် အလုပ်လုပ်ကိုင်လျက် အခြေချနေထိုင်နေကြသော ဇာတာရှင်များအကြောင်းကို ဥပမာဇာတာများ နှင့်တကွ ဗေဒင်ပညာရပ်ပိုင်းဆိုင်ရာ သုံးသပ်ချက်များကို ဆက်လက်ဖော်ပြ သွားပါမည်။

### ဥပမာဇာတာ (၂၅)


၁၃၂၄ ခု၊ ပြာသိုလ္ဆန်း (၇) ရက် (၁. ၁. ၁၉၆၃) အင်္ဂါနေ့ မြန်မာစံတော်ချိန် နံနက် ၀၀ နာရီ ၃၀ မိနစ်၌ ရန်ကုန်မြို့တွင် မွေးဖွားသည်။





http://swanbros.blogspot.com





စောင့်ရင်းဒသာ - ရာဟုဂြိုဟ်
၄ နှစ်၊ ၁၀ လ၊ ၁၅ ရက်



(၂၀. ၉. ၁၉၉၀) နိုင်ငံခြားသို့ စတင်ထွက်ခွာ
သောနေ့ရှိ ကောဇာဂြိုဟ်ခွင်

ဇာတာရှင်သည် M.B.,B.S ဘွဲ့ရ ဆရာဝန်တစ်ယောက်ဖြစ်ပြီး မြန်မာနိုင်ငံမှ ၂၀. ၉. ၁၉၉၀ နေ့တွင် မိသားစုနှင့်အတူ ကနေဒါနိုင်ငံသို့ ထွက်ခွာသွားခဲ့ပါသည်။ ကနေဒါနိုင်ငံတွင် အချိန်ပိုင်းအလုပ်လုပ်ရင်း ဆေးပညာရပ်များကို ဆက်လက်သင်ယူဆည်းပူးခဲ့ရာ ယခုအခါတွင် ကနေဒါနိုင်ငံ Toronto မြို့၌ ဆေးဘက်ဆိုင်ရာ သမားတော်ကြီးအဖြစ် ဆက်လက်လုပ်ကိုင်လျက်ရှိပါသည်။ ဇာတာရှင်သည် မြန်မာနိုင်ငံမှ ထွက်ခွာသွားခဲ့ရာ ၁၂ နှစ်နီးပါး တိုင်ခဲ့ပြီဖြစ်ပြီး ယခုလည်း ကနေဒါနိုင်ငံ၌ပင် ဆက်လက်အခြေချနေထိုင်လျက်ရှိပါသည်။ ဇာတာရှင်သည် နိုင်ငံရပ်ခြားတွင် နှစ်ရှည်လများ အခြေချနေထိုင်ရခြင်းကို ဗေဒင်ပညာရှုထောင့်မှ လေ့လာသုံးသပ်ကြည့်ပါက -

ဇာတာရှင်သည် ကန် လဂ်၊ ကုမ်စမ်းဖြစ်ပြီး လဂ်သွင်နှင့် ၁၀ တန့်သွင် ဗုဒ္ဓဟူးဂြိုဟ်သည် မကာရာသီစနေပိုင် မိတ်အိမ်တွင်ရပ်လျက် ကုမ်ရာသီ စနေနဝင်း (မိတ်နဝင်း) စီးကာ ၅ တန့်နှင့် ၆ တန့်သွင် စနေဂြိုဟ်နှင့် ပူးယှဉ်နေသည်ကို ရာဟုမှ သမသတ်မြင်ထားခြင်း၊ စနေဂြိုဟ်သည် အားရှိစွာဖြင့် ၅ တန့်ဘာဝတွင်ပင် ကသစ်အဖြစ်ရပ်တည်ကာ မိတ်နဝင်း စီးထား

http://swanbros.blogspot.com



ခြင်းတို့သည် ဇာတာရှင်အား ခက်ခဲနက်နဲသော ဆေးပညာရပ်များကို သင်ကြားတတ်မြောက်စေပြီး ပါရဂူဘွဲ့ရသမားတော်ကြီး တစ်ယောက်ဘဝကို ရောက်ရှိစေခဲ့ပါသည်။ ၎င်းပြင် ၆ တန့်ဘာဝတွင် စန်းနှင့်ကြာသပတေးဂြိုဟ်တို့သည် ပူးယှဉ်လျက် အသီးသီးဝဂ္ဂုတ္တမနဝင်းများကို စီးနင်းထားသည်ကို အင်္ဂါဂြိုဟ်မှအားရှိစွာ မြင်ထားခြင်းသည်လည်း ဆေးပညာရပ်များကို ဝါသနာထုံပြီး ထူးချွန်အောင်မြင်သော သမားတော်ကြီးတစ်ယောက်ဖြစ်စေရန် ကူညီပံ့ပိုးပေးလျက် ရှိပါသည်။

ထို့ပြင် ၁၀ တန့်သွင် ဗုဒ္ဓဟူးဂြိုဟ်သည် စနေပိုင်အိမ်တွင်ရပ်ပြီး စနေနဝင်းစီးကာ ကသစ်စနေဂြိုဟ်နှင့် ပူးယှဉ်နေသည်ကို ရာဟုမှသမသတ်မြင်ထားခြင်း၊ ၄ တန့်ဘာဝတွင် ၁၂ တန့်သွင် တနင်္ဂနွေဂြိုဟ်သည် ကြာသပတေးပိုင် မိတ်အိမ်တွင် ရပ်တည်လျက် ကသစ်နဝင်းစီးကာ ၁၀ တန့်ဘာဝကို သမသတ်မြင်ထားပြီး လဂ်သွင်နှင့် ၁၀ တန့်သွင်ဖြစ်သော ဗုဒ္ဓဟူးဂြိုဟ်နှင့် အတူတကွ ရပ်တည်နေခြင်းတို့သည် နိုင်ငံရပ်ခြားတွင် လူမျိုးခြားဘာသာခြားများကို မိမိသင်ကြားတတ်မြောက်ခဲ့သော ဆေးပညာဖြင့် ကုသစောင့်ရှောက်ရသော လုပ်ငန်းကို လုပ်ကိုင်နေရသော ဆရာဝန်ကြီးတစ်ဦးအဖြစ် ဖော်ညွှန်းလျက်ရှိပါသည်။

ဇာတာရှင်သည် နိုင်ငံရပ်ခြားသို့ စတင်ထွက်ခွာသွားသော ကာလအပိုင်းအခြားကို ဝိသောတ္တရီဒသာစနစ်ဖြင့် တွက်ချက်စစ်ဆေးကြည့်ပါက-

- ထူလဒသာသွင်ဂြိုဟ်သည် စရရာသီကသစ်အိမ်တွင် ရပ်တည်လျက်ရှိသော မိတ်နဝင်းစီးထားသည့် စနေဂြိုဟ်၏ ဒသာအတွင်း ကျရောက်နေခြင်း။
- ၎င်းစနေဂြိုဟ်သည် လဂ်သွင် ဗုဒ္ဓဟူးဂြိုဟ်နှင့် ပူးယှဉ်နေသည်

http://swanbros.blogspot.com



ကို ၁၁ တန့်ဘာဝတွင် ရပ်တည်လျက်ရှိသော ရာဟုမှ သမသတ်မြင်ထားခြင်း။

- ၅ တန့်သခွင် စနေဂြိုဟ်သည် ကသစ်အဖြစ် လဂ်သခွင်နှင့် ၁၀ တန့်သခွင် ဗုဒ္ဓဟူးဂြိုဟ်နှင့် ပူးယှဉ်နေခြင်းက ဇာတာရှင်အတွက် ရာဇယုဂ်ကို ဖြစ်စေခြင်း။
- ၎င်းစနေဂြိုဟ်သည် စန်းသခွင် ဂြိုလ်လည်းဖြစ်ကာ စန်း၏ ၁၂ တန့်ဘာဝတွင် ရပ်တည်နေခြင်း။
- အန္တရနှင့် ပြတျန္တရဒသာသခွင်ဂြိုဟ်သည် ၂ တန့်ဘာဝတွင် ရပ်တည်လျက်ရှိသည့် ၂ တန့်နှင့် ၉ တန့်သခွင် သောကြာဂြိုဟ်၏ ဒသာအတွင်း ကျရောက်နေခြင်း။
- ၎င်းသောကြာဂြိုဟ်သည် ကရကဋ်ရာသီ တနလ်ာနဝင်း၊ စရနဝင်းကို စီးနင်းထားခြင်း။
- သောကြာဂြိုဟ်ကို စနေဂြိုဟ်၏ သမသတ်မြင်ခြင်းကို ခံထားရသည့် ၁၁ တန့်ဘာဝတွင် ရပ်တည်လျက်ရှိသော ရာဟုမှ ၉ တန့် အထူးမြင်ထားခြင်းတို့သည် ဤအချိန်ကာလ အပိုင်းအခြားမှ စတင်ကာ နိုင်ငံရပ်ခြားသို့ မိသားစုနှင့်အတူ ထွက်ခွာသွားပြီး နယ်သစ်ပယ်သစ်တွင် အခြေချ၍ မိမိဘဝ၏ ရည်မှန်းချက်ပန်းတိုင် ရောက်သည်အထိ ကြိုးပမ်းအားထုတ်ကာ အောင်မြင်မှုများကို ရရှိစေခဲ့ခြင်းဖြစ်ပါသည်။

ကောဇာဂြိုဟ်စီးဂြိုဟ်နင်းနှင့် အမြင်အယှဉ်များကို ကြည့်ရှုစစ်ဆေးသုံးသပ်ကြည့်ပါကလည်း ဇာတာရှင် နိုင်ငံခြားသို့ စတင်ထွက်ခွာသည့်နေ့တွင် -

http://swanbros.blogspot.com



- ကောဇာကြာသပတေးဂြိုဟ်သည် မူလရာဟုကိုစီးနင်း၍ ၁၁ တန့်ဘာဝတွင် ရပ်တည်ကာ လဂ်သွင် ဗုဒ္ဓဟူးဂြိုဟ်နှင့် မူလစနေဂြိုဟ်ကို သမသတ်မြင်ထားခြင်း။
- ၂ တန့်နှင့် ၉ တန့်သွင် သောကြာဂြိုဟ်ကို ၅ တန့်အထူးမြင်ထားခြင်း။
- ကောဇာစနေဂြိုဟ်သည် ၄ တန့်ဘာဝတွင် ရပ်တည် လျက်ရှိသော ၁၂ တန့်သွင် တနင်္ဂနွေဂြိုဟ်ကို စီးနင်းထားခြင်း။
- လဂ်ကို ၁၀ တန့် အထူးမြင်ထားခြင်း။
- စန်းနှင့် မူလကြာသပတေးဂြိုဟ်ကို ၃ တန့်အထူးမြင်ထားခြင်း။
- ကောဇာရာဟုသည် လဂ်သွင် ဗုဒ္ဓဟူးဂြိုဟ်နှင့် မူလစနေဂြိုဟ်ကို စီးနင်းထားခြင်း။
- မူလရာဟုကို သမသတ်မြင်ထားခြင်း။
- လဂ်ကို ၅ တန့် အထူးမြင်ထားခြင်းတို့ကြောင့် ဤအချိန်ကာလအတွင်း ဇာတာရှင်အား ခရီးဝေးနှင့် နိုင်ငံရပ်ခြားသို့ သွားရောက်ရခြင်းကို ဖြစ်ပေါ်စေပါသည်။

အချုပ်အားဖြင့် ဆိုရသော် ဇာတာရှင်တစ်ယောက်သည် နိုင်ငံရပ်ခြားတွင် နှစ်ရှည်လများ သွားရောက်အခြေချ နေထိုင်ရခြင်းကို ဖြစ်ပေါ်စေသည့် အဓိကကျသော ဗေဒင်ပညာရပ်ပိုင်းဆိုင်ရာ အချက်အလက်များမှာ -

(က) မူလဇာတာအရ ဇာတာရှင်သည် နိုင်ငံရပ်ခြားတိုင်းပြည်များတွင် ရေရှည် အခြေချနေထိုင်ရန်အတွက် လဂ်၊ လဂ်သွင်ဂြိုဟ်၊ စန်း၊ စန်းသွင်ဂြိုဟ်တို့သည် အားရှိစွာဖြင့် ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုဂြိုဟ်တို့နှင့် ဆက်သွယ်မှုရှိနေခြင်း။

http://swanbros.blogspot.com



(ခ) လဂ်၊ လဂ်သခွင်ဂြိုဟ်၊ စန်း၊ စန်းသခွင်ဂြိုဟ်များသည် ၉ တန့်၊ ၁၀ တန့်၊ ၁၁ တန့်၊ ၁၂ တန့် ဘာဝများနှင့် ၎င်း၊ ဘာဝသခွင်ဂြိုဟ်များနှင့် ၎င်း၊ အားကောင်းစွာဖြင့် သမ္ဗန္ဓပြုထားခြင်း။

(ဂ) အထူးသဖြင့် ၁၂ တန့်ဘာဝနှင့် ၁၂ တန့်သခွင် ဂြိုဟ်တို့သည် လဂ်၊ လဂ်သခွင် ဂြိုဟ်၊ စန်း၊ စန်းသခွင်ဂြိုဟ်တို့နှင့်၎င်း၊ ၄ တန့်၊ ၁၀ တန့် ဘာဝနှင့် ဘာဝသခွင်ဂြိုဟ်များနှင့်၎င်း အားကောင်းစွာဖြင့် ဆက်သွယ်နေခြင်း။

(ဃ) ၎င်းပြင် ဇာတာရှင်သည် နိုင်ငံရပ်ခြားသို့ အလွယ်တကူ သွားရောက်နိုင်ရန်အတွက် လဂ်၊ စန်း၊ လဂ်သခွင်ဂြိုဟ်၊ စန်းသခွင်ဂြိုဟ်တို့သည် အတန့်ကောင်းများတွင် အားကောင်းစွာဖြင့် ရပ်တည်ပြီး စရရာသီများနှင့် ဆက်စပ်မှုရှိနေခြင်း။

(င) အားရှိသော လဂ်သခွင်၊ စန်း၊ စန်းသခွင်ဂြိုဟ်၊ ၇ တန့်၊ ၉ တန့်၊ ၁၁ တန့်၊ ၁၂ တန့် ဘာဝသခွင်ဂြိုဟ်များ ဒသာစားခိုက်နှင့် ကြုံကြိုက်ခြင်း (သို့) ၎င်းအတန့်ဘာဝများတွင် ရပ်တည်လျက်ရှိသော အားကောင်းသည့် ဂြိုဟ်များ ဒသာစားခိုက်နှင့် ကြုံကြိုက်ခြင်း။

(စ) တစ်ခါတစ်ရံ အားကောင်းသည့် ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုဂြိုဟ်များ ဒသာစားခိုက်တွင်လည်း နိုင်ငံရပ်ခြားသို့ သွားရောက်ရတတ်ခြင်း။

(ဆ) နိုင်ငံရပ်ခြား ခရီးသွားခြင်းကို အဓိကဖြစ်ပေါ်စေသော ကောဇာ ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုနှင့်ကိတ်တို့သည် ကောင်းသော အမြင် အယှဉ်များဖြင့် လဂ်၊ စန်း၊ လဂ်သခွင်ဂြိုဟ်၊ စန်းသခွင်ဂြိုဟ်၊ မူလကြာသ ပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုနှင့် ကိတ်တို့ကို စီးနင်းထားခြင်း (သို့) အထူး အမြင်များ၊ သမသတ်အမြင်များဖြင့် မြင်ယှဉ်ထားခြင်းတို့ ဖြစ်ပါသည်။

---

သ မီး ဇေ ဟိ ဏ ဆဝေ


http://swanbros.blogspot.com



ဂျင်းပြင် နိုင်ငံရပ်ခြားတွင် နှစ်ရှည်လများ သွားရောက်အခြေချ နေထိုင်ကြသူများအနက်မှ ဇာတာ ၂ ခုအားလည်း ဝေဒသုတေသီများ လေ့လာနိုင်ရန်အတွက် အောက်တွင်ဖော်ပြပေးလိုက်ပါသည်။

**ဥပမာဇာတာ (၂၆)**

၁၃၁၀ ခု၊ နတ်တော်လပြည့်ကျော် (၁၁) ရက် (၂၆. ၁၂. ၁၉၄၈) တနင်္ဂနွေနေ့၊ မြန်မာစံတော်ချိန် ည ၁၁ နာရီ ၄၅ မိနစ်၌ ကြံခင်းမြို့တွင် မွေးဖွားသည်။



**စောင့်ရင်းဒသာ** - ကြာသပတေးဂြိုဟ် - ၈ နှစ်၊ ဝ လ၊ ၇ ရက်


ဇာတာရှင်သည် နိုင်ငံရပ်ခြားသို့ ထွက်ခွာမသွားမီနှစ်များ ကာလအတွင်းက ရန်ကုန်တက္ကသိုလ်တွင် လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၃၀. ၅. ၁၉၉၀ နေ့တွင် ဩစတြေးလျနိုင်ငံသို့ ထွက်ခွာသွားခဲ့ပြီး ယနေ့ထက်တိုင် ဩစတြေးလျနိုင်ငံ Tasmania ပြည်နယ်တွင် မိသားစုနှင့်အတူ အခြေချနေထိုင်လျက်ရှိပါသည်။

http://swanbros.blogspot.com



## ဥပမာဇာတာ (၂၇)

၁၃၂၇ ခု၊ ကဆုန်လပြည့်ကျော် (၆) ရက် (၂၁. ၅. ၁၉၆၅) သောကြာနေ့ မြန်မာစံတော်ချိန် ည ၁၀ နာရီ ၃၀ မိနစ်၌ မန္တလေးမြို့တွင် မွေးဖွားသည်။



**စောင့်ရင်းဒသာ** - တနင်္လာဂြိုဟ် - ၅ နှစ်၊ ၉ လ၊ ၃ ရက်

ဇာတာရှင်သည် ရန်ကုန်စက်မှုတက္ကသိုလ်မှ B.E. (Mechanical) ဘွဲ့ကိုရရှိပြီးနောက် ၂၈. ၄. ၁၉၉၀ နေ့တွင် ယိုးဒယားနိုင်ငံ၊ ဘန်ကောက်မြို့ရှိ AIT တွင် ဆက်လက်ပညာသင်ကြားရန် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့ပြီးနောက် AIT မှ M.E ဘွဲ့ကို ရရှိသောအခါ အင်္ဂလန်နိုင်ငံ Wales University တွင် ဆက်လက်ပညာသင်ကြား၍ Ph.D ဘွဲ့ရပြီးနောက် ယခုအခါတွင် အမေရိကန်နိုင်ငံ Taxas ပြည်နယ်၌ ပါရဂူဘွဲ့ရ စက်မှုပညာရှင်တစ်ယောက်အနေဖြင့် အခြေချ နေထိုင်လျက်ရှိပါသည်။

\+ + +

http://swanbros.blogspot.com





# ကျန်းမာရေးအတွက်ဆေးကုသမှုခံယူရန် နိုင်ငံရပ်ခြားသို့ သွားရောက်ခြင်း

နိုင်ငံရပ်ခြားခရီးနှင့် ဗေဒင်ပညာဆောင်းပါးများကို လစဉ်ဖော်ပြခဲ့ရာ ယခုလတွင် မိမိ၏ကျန်းမာရေးအတွက် နိုင်ငံရပ်ခြားသို့တိုင် သွားရောက်၍ ငွေကုန်ကြေးကျခံကာ ဆေးကုသမှု ခံယူခဲ့ကြသော ဇာတာရှင်များအကြောင်းကို ဥပမာဇာတာများနှင့်တကွ ဗေဒင်ပညာရပ်ပိုင်းဆိုင်ရာ သုံးသပ်ချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

## ဥပမာဇာတာ (၂၈)


၁၃၂၀ ခု၊ တော်သလင်းလဆန်း (၅) ရက်၊ (၁၇. ၉. ၁၉၅၈) ဗုဒ္ဓဟူးနေ့ မြန်မာစံတော်ချိန် ည ၉ နာရီတိတိ၌ ရန်ကုန်မြို့တွင် မွေးဖွားသည်။






http://swanbros.blogspot.com





စောင့်ရင်းဒသာ - ကြာသပတေး
ဂြိုဟ်-၆နှစ်၊ ၅ လ၊ ၂၆ ရက်



(၅. ၄. ၁၉၉၀) နိုင်ငံခြားသို့
စတင်ထွက်ခွာသောနေ့ရှိ ကောဇာဂြိုဟ်ခွင်

ဇာတာရှင်သည် စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်ဖြစ်ပြီး နှလုံးသွေးကြောကျဉ်း ဝေဒနာခံစားခဲ့ရသူတစ်ယောက် ဖြစ်ပါသည်။ သို့ပါ၍ ဇာတာရှင်ခံစားနေရသော ဝေဒနာကို သက်သာပျောက်ကင်းစေရန် အတွက် နားလည်တတ်ကျွမ်းသော ဆရာဝန်ကြီးများ၏ အကြံဉာဏ်ပေးချက်အရ စင်ကာပူနိုင်ငံတွင် ခွဲစိပ်ကုသမှုခံယူရန်အတွက် ၅. ၄. ၁၉၉၀ နေ့တွင် မြန်မာနိုင်ငံမှ စတင်ထွက်ခွာခဲ့ပါသည်။ ထိုကဲ့သို့ ဇာတာရှင်သည် နိုင်ငံရပ်ခြားသို့သွားရောက်၍ ဆေးကုသမှု ခံယူရခြင်းအကြောင်းကို ဗေဒင်ပညာရှုထောင့်မှ လေ့လာသုံးသပ်ကြည့်ပါက -

ဇာတာရှင်သည် မိဿလဂ်၊ တူစန်းဖြစ်ပြီးလဂ်သည် ကိတ်နှင့်ပူးယှဉ်နေခြင်း၊ လဂ်သွင်အင်္ဂါဂြိုဟ်ကို ၈ တန့်ဘာဝတွင် ရပ်တည်လျက်ရှိသော စနေဂြိုဟ်မှ သမသတ်မြင်ထားခြင်း၊ စနေဂြိုဟ်သည် ကသစ်နဝင်းစီးထားသော်လည်း ၈ တန့်ဘာဝရန်အိမ်တွင် ရပ်တည်နေခြင်း၊ ကြာသပတေးဂြိုဟ်သည် လဂ်ကို သမသတ် မြင်ထားသော်လည်း ရန်အိမ်တွင်ရပ်၍ ပါပကတ္တရိသင့်ခံရကာ ၁၂ တန့်သွင်အနေနှင့်ပါ မြင်ထားခြင်းတို့သည် ဇာတာရှင်အား မူလကတည်းက ကျန်းမာကြံ့ခိုင်မှု အားနည်းကြောင်း ဖော်ပြလျက် ရှိပါသည်။

http://swanbros.blogspot.com



၎င်းပြင် ၄ တန့်သွင် တနင်္လာဂြိုဟ်သည် ပါပကတ္တရိသင့်ခံရခြင်း၊ စန်းသည် ခိဏစန်းဖြစ်ပြီး ရာဟုနှင့်ပူးယှဉ်နေသည်ကို အင်္ဂါဂြိုဟ်မှမြင်ထားခြင်း၊ ၄ တန့်ဘာဝကို စနေနှင့် ရာဟုတို့မှမြင်ထားခြင်း၊ နှလုံး၏ ကာရက ဂြိုဟ်ဖြစ်သော တနင်္ဂနွေဂြိုဟ်ကို စနေဂြိုဟ်မြင်ခြင်း ခံထားရသော အင်္ဂါဂြိုဟ်မှမြင်ထားခြင်း၊ ၎င်းတနင်္ဂနွေဂြိုဟ်ကိုယ်တိုင်က စနေနဝင်း၊ ရန်နဝင်းကိုစီးထားခြင်း၊ ၆ တန့်သွင်ဗုဒ္ဓဟူးနှင့် ပရိဝတ္တနဖြစ်နေခြင်း၊ နှလုံးရောဂါနှင့် ပတ်သက်လာပါက ကရကဋ်ရာသီနှင့် သိဟ်ရာသီတို့ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ရာ သိဟ်ရာသီတွင် ၆ တန့်သွင် ဗုဒ္ဓဟူးဂြိုဟ်သည် ဝဂ္ဂုတ္တမနဝင်းစီး၍ ရပ်တည်နေခြင်း၊ ၎င်းဗုဒ္ဓဟူးဂြိုဟ်သည် ရန်အိမ်တွင်ရပ်ပြီး နိစ်နဝင်စီးထားသော သောကြာဂြိုဟ်နှင့် တစ်အံသာအတွင်း ပူးယှဉ်နေခြင်း၊ စနေဂြိုဟ်မြင်ခြင်းခံထားရသော အင်္ဂါဂြိုဟ်မှ ဗုဒ္ဓဟူးဂြိုဟ်ကို ၄ တန့် အထူးမြင်ထားခြင်း၊ စနေဂြိုဟ်မှလည်း ၁၀ တန့်အထူးမြင် ထားခြင်းတို့ရှိပါသည်။ ထို့ကြောင့် လူခန္ဓာကိုယ်ရှိ နှလုံးတစ်ခုလုံး၏ ကျန်းမာစွာလည်ပတ်လှုပ်ရှားအလုပ်လုပ်နိုင်ရန်အတွက် အဓိကအရေးကြီးသော ဂြိုဟ်များဖြစ်သည့် တနင်္ဂနွေဂြိုဟ်၊ တနင်္လာဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်နှင့် စနေဂြိုဟ်တို့သည် အားနည်းဂြိုဟ်များဖြစ်နေခြင်း ကရကဋ်ရာသီဖြစ်သော ၄ တန့်ဘာဝနှင့် ၄ တန့်သွင် တနင်္လာဂြိုဟ်ကို ပါပဂြိုဟ်များမှ မြင်ယှဉ်ထားခြင်း၊ သိဟ်ရာသီတွင် ဒုဿနသွင်ဖြစ်သော ၆ တန့်သွင်ရပ်နေသည်ကို ပါပဂြိုဟ်များမှ မြင်ထားခြင်းတို့သည် ဇာတာရှင်အား နှလုံးရောဂါဝေဒနာကို ခံစားရစေပါသည်။

ဇာတာရှင်၏ ဇာတာတွင် လဂ်ရောစန်းပါ စရရာသီများတွင် ရပ်တည်နေသည်ကို ၉ တန့်နှင့် ၁၂ တန့်သွင် ကြာသပတေးဂြိုဟ်မှစန်းနှင့် ပူးယှဉ်ပြီး လဂ်ကိုသမသတ် မြင်ထားခြင်း၊ ရာဟုသည်လည်း ကြာသပတေးဂြိုဟ်

http://swanbros.blogspot.com



နည်းတူ စန်းနှင့်ပူးယှဉ်ပြီး လဂ်ကိုသမသတ်မြင်ထားခြင်း၊ စန်းသည် လဂ်၏ ၇ တန့် ဘာဝတွင် ရပ်တည်ခြင်း။ လဂ်သွင် အင်္ဂါဂြိုဟ်ကို ၁၁ တန့်သွင် စနေဂြိုဟ်မှ သမသတ်မြင်ထားခြင်းတို့သည် ဇာတာရှင်အား လုပ်ငန်းကိစ္စများဖြင့် နိုင်ငံရပ်ခြားသို့ မကြာခဏ သွားရောက်ရတတ်သလို ၁၁ တန့်သွင် စနေဂြိုဟ်သည် ၅ တန့်ဘာဝတွင် ရပ်တည်လျက်ရှိသော ၆ တန့်သွင် ဗုဒ္ဓဟူးဂြိုဟ်ကို ၁၀ တန့် အထူးမြင်ထားပြီး ၆ တန့်သွင် ဗုဒ္ဓဟူးဂြိုဟ်မှလည်း ၈ တန့်ဘာဝတွင် ရပ်တည်လျက်ရှိသော ၁၁ တန့်သွင် စနေဂြိုဟ်ကို ကိန်းအမြင်ဖြင့်ပြန်မြင်ထားခြင်းတို့ကြောင့် ဆေးကုသမှု ခံယူရန်အတွက်လည်း နိုင်ငံရပ်ခြားသို့ သွားရောက်ခဲ့ရပါသည်။

ဇာတာရှင်သည် စင်ကာပူနိုင်ငံသို့ သွားရောက်ဆေးကုသမှု ခံယူစဉ်ကကာလအပိုင်းအခြားကို ဝိသောတ္တရီဒသာစနစ်ဖြင့် တွက်ချက်စစ်ဆေးကြည့်ပါက -

- ထူလဒသာသွင်ဂြိုဟ်သည် လဂ်၏ ၅ တန့်ဘာဝတွင် ရပ်တည်လျက်ရှိသော ၆ တန့်သွင်ဗုဒ္ဓဟူးဂြိုဟ်၏ ဒသာအတွင်း ကျရောက်နေခြင်း။
- ၎င်းဗုဒ္ဓဟူးဂြိုဟ်ကို စနေဂြိုဟ်၏မြင်ခြင်း ခံထားရသော လဂ်သွင်နှင့် ၈ တန့်သွင် အင်္ဂါဂြိုဟ်မှမြင်ထားခြင်း။
- ၈ တန့်ဘာဝတွင်ရပ်တည်လျက်ရှိသော ၁၁ တန့်သွင် စနေဂြိုဟ်မှ ၁၀ တန့်အထူးမြင်ထားခြင်း။
- ၎င်းစနေဂြိုဟ်ကို ထူလဒသာသွင် ဗုဒ္ဓဟူးဂြိုဟ်မှ ကိန်းအမြင်ဖြင့်ပြန်မြင်ထားခြင်း။
- အန္တရဒသာသွင်ဂြိုဟ်သည် ထူလဒသာသွင်ဗုဒ္ဓဟူး ဂြိုဟ်နှင့်

http://swanbros.blogspot.com



တစ်အံ့သာအတွင်း ပူးယှဉ်နေသော ၂ တန့်နှင့် ၇ တန့်သွင်သောကြာဂြိုဟ်၏ ဒသာအတွင်း ကျရောက်နေခြင်း ပြတ္ထုရဒသာသွင်ဂြိုဟ်သည် ထူလဒသာသွင်ဂြိုဟ်ဖြစ်သော ဗုဒ္ဓဟူးဂြိုဟ်ပင်ဖြစ်နေခြင်းတို့သည် ဤအချိန်ကာလအပိုင်းအခြား၌ ဇာတာရှင်၏ ရောဂါဝေဒနာအား ဆေးကုသမှုခံယူရန်အတွက် နိုင်ငံရပ်ခြားသို့ သွားရောက်ရခြင်းကို ဖြစ်စေပါသည်။

ကောဇာဂြိုဟ်စီးဂြိုဟ်နင်းနှင့် အမြင်အယှဉ်များကို စစ်ဆေးသုံးသပ်ကြည့်ပါကလည်း ဇာတာရှင် နိုင်ငံခြားသို့ ထွက်ခွာမည့်နေ့တွင် -

- ကောဇာကြာသပတေးဂြိုဟ်သည် စန်း၊ မူလကြာသပတေးဂြိုဟ်နှင့် ရာဟုတို့ကို ၅ တန့်အထူးမြင်ထားခြင်း။
- ကောဇာစနေဂြိုဟ်မှ မူလရာဟုဂြိုဟ်ကို ၁၀ တန့်အထူးမြင်ထားခြင်း (ကောဇာစနေဂြိုဟ်သည် ဓနုရာသီ ၂၉ အံ့သာတွင်ရပ်၍ မူလရာဟုသည် တူရာသီ ၁ အံ့သာတွင်ရပ်နေပါသည်။)
- ကောဇာရာဟုသည် လဂ်သွင်အင်္ဂါဂြိုဟ်ကို ၉ တန့် အထူးမြင်ထားခြင်း။
- လဂ်၊ စန်း၊ မူလကြာသပတေးဂြိုဟ်နှင့် မူလရာဟုတို့ကိုလည်း ကောဇာရာဟုမှကိန်း အမြင်များဖြင့် မြင်ထားခြင်းတို့သည် ဤအချိန်ကာလအတွင်း ဇာတာရှင်အား ခရီးဝေးနှင့် နိုင်ငံရပ်ခြားသို့ သွားရောက်ရခြင်းကို ဖြစ်ပေါ်စေပါသည်။

အချုပ်အားဖြင့်ဆိုသော် ဇာတာရှင်တစ်ယောက်သည် နိုင်ငံရပ်ခြားသို့တိုင် သွားရောက်၍ ဆေးကုသမှုခံယူရခြင်းကို ဖြစ်ပေါ်စေသည့်

http://swanbros.blogspot.com



အဓိကကျသော ဗေဒင်ပညာရပ်ပိုင်းဆိုင်ရာ အချက်အလက်များမှာ -

(က) မူလဇာတာအရ ဇာတာရှင်သည် လဂ်၊ စန်း၊ သွင်ဂြိုဟ်နှင့် စန်းသွင်ဂြိုဟ်များသည် ၇ တန့်၊ ၉ တန့်၊ ၁၁ တန့် ၁၂ တန့် ဘာဝများနှင့်လည်းကောင်း၊ ဘာဝသွင်ဂြိုဟ်များနှင့် ၎င်းအားကောင်းစွာဖြင့် သမ္ဗန္ဓပြုထားခြင်း။

(ခ) အထူးသဖြင့် ၆ တန့်၊ ၈ တန့်ဘာဝနှင့် ဘာဝသွင်ဂြိုဟ်များသည် ၇ တန့်၊ ၉ တန့်၊ ၁၁ တန့်ဘာဝများနှင့်၎င်း၊ ဘာဝသွင်ဂြိုဟ်များနှင့်လည်းကောင်း၊ ဆက်သွယ်မှုရှိနေခြင်း။

(ဂ) ၎င်းပြင် ဇာတာရှင်သည် နိုင်ငံရပ်ခြားသို့ အလွယ်တကူသွားရောက်နိုင်ရန်အတွက် လဂ်၊ စန်း၊ လဂ်သွင်၊ စန်းသွင်ဂြိုဟ်တို့သည် အတန့်ကောင်းများတွင် အားကောင်းစွာဖြင့် ရပ်တည်ပြီး စရရာသီများနှင့် ဆက်စပ်မှုရှိနေခြင်း။

(ဃ) အားရှိသော လဂ်သွင်၊ စန်း၊ စန်းသွင်ဂြိုဟ်၊ ၇ တန့်၊ ၉ တန့်၊ ၁၁ တန့် ၁၂ တန့်ဘာဝသွင်ဂြိုဟ်များ ဒသာစားခိုက်နှင့် ကြုံကြိုက်နေခြင်း (သို့) ၎င်းအတန့်ဘာဝသွင်ဂြိုဟ်များနှင့် ဆက်သွယ်လျက်ရှိသော ၆ တန့် ၈ တန့် ဘာဝသွင်ဂြိုဟ်များ၊ မာရကဂြိုဟ်များ ဒသာစားခိုက်နှင့် ကြုံကြိုက်နေခြင်း။

(င) တစ်ခါတစ်ရံ ကောင်းသောကြာသပတေးဂြိုဟ် စနေဂြိုဟ်၊ ရာဟုတို့နှင့် ဆက်သွယ်လျက်ရှိသည့် ဒုဋ္ဌာနဘာဝသွင်ဂြိုဟ်များ ဒသာစားခိုက်တွင်လည်း နိုင်ငံရပ်ခြားသို့ သွားရောက်ဆေးကုသခံရခြင်း။

(စ) နိုင်ငံရပ်ခြားခရီးသွားခြင်းကို အဓိကဖြစ်ပေါ်စေသော ကောဇာ

http://swanbros.blogspot.com




ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုနှင့်ကိတ်တို့သည် ကောင်းသောအမြင် အယှဉ်များဖြင့်လဂ်၊ စန်း၊ လဂ်သွင်ဂြိုဟ် မူလ ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုနှင့်ကိတ်တို့ကို စီးနင်းထားခြင်း (သို့) အထူးအမြင်များ သမသတ်အမြင်များ ဖြင့် မြင်ယှဉ်ထားခြင်းတို့ ဖြစ်ပါသည်။

၎င်းပြင် နိုင်ငံရပ်ခြားသို့ သွားရောက်၍ ဆေးကုသမှုခံယူခဲ့ကြသော ဇာတာရှင်များအနက်မှ ဇာတာ ၂ ခုအားလည်း ဝေဒသုတေသီများ လေ့လာနိုင်ရန်အတွက် အောက်တွင်ဖော်ပြပေးလိုက်ပါသည်။

## ဥပမာဇာတာ (၂၉)

၁၂၉၇ ခု၊ နယုန်လွန်း (၁၄) ရက် (၁၄. ၆. ၁၉၃၅) သောကြာနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီ ၁၅ မိနစ်၌ ရန်ကုန်မြို့တွင် မွေးဖွားသည်။



**စောင့်ရင်းဒသာ -** ကြာသပတေးဂြိုဟ်-၆ နှစ်၊ ၂ လ၊ ၂ ရက်


ဇာတာရှင်သည် ၎င်းခံစားနေရသော အူမကြီးကင်ဆာရောဂါကို ဆေးကုသမှုခံယူနိုင်ရန်အတွက် အမေရိကန်နိုင်ငံသို့ ၂. ၉. ၂၀၀၀ နေ့တွင် ထွက်ခွာသွားခဲ့သူဖြစ်ပါသည်။

http://swanbros.blogspot.com



## ဥပမာဇာတာ (၃၀)

၁၃၂၂ ခု၊ ဝါဆိုလပြည့်ကျော် (၁၄) ရက် (၂၁. ၇. ၁၉၆၀) ကြာသပတေးနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီတိတိ၌ တောင်ကြီးမြို့တွင် မွေးဖွားသည်။



**စောင့်ရင်းဒသာ -** ရာဟုဂြိုဟ် - ၁၄ နှစ်၊ ၁၁ လ၊ ၁၉ ရက်

ဇာတာရှင်သည် ငင်းခံစားနေရသော သားအိမ်ကင်ဆာရောဂါကို ဆေးကုသမှုခံယူနိုင်ရန်အတွက် စင်ကာပူနိုင်ငံသို့ ၈. ၄. ၂၀၀၀ နေ့တွင် ထွက်ခွာသွားခဲ့သူ ဖြစ်ပါသည်။

\+ \+ \+

http://swanbros.blogspot.com





## သံတမန်အဖြစ်နိုင်ငံရပ်ခြားတွင် သွားရောက်တာဝန်ထမ်းဆောင်ခြင်း

နိုင်ငံရပ်ခြားခရီးနှင့် ဗေဒင်ပညာဆောင်းပါးများကို ဝေဒမဂ္ဂဇင်းတွင် လစဉ်နီးပါး ဆက်တိုက်ဖော်ပြခဲ့ရာ ယခုလတွင် နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို သံတမန်များအခန်းကဏ္ဍမှနေ၍ နိုင်ငံရပ်ခြားတွင် သွားရောက်တာဝန်ထမ်းဆောင်ခဲ့ကြသော ဇာတာရှင်များအကြောင်းကို ဥပမာ ဇာတာများနှင့်တကွ ဗေဒင်ပညာရပ်ပိုင်းဆိုင်ရာ သုံးသပ်ချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

**<u>ဥပမာဇာတာ (၃၁)</u>**

၁၂၈၇ ခု၊ နတ်တော်လပြည့်ကျော် (၅) ရက် (၄. ၁၂. ၁၉၂၅) သောကြာနေ့ မြန်မာစံတော်ချိန် နံနက် ၈ နာရီ ၂၄ မိနစ်အချိန်၌ တောင်ကြီးမြို့တွင် မွေးဖွားသည်။






သ မီး ဇော ထိ က ဆဝေ

http://swanbros.blogspot.com





စောင့်ရင်းဒသာ - ကြာသပတေး
ဂြိုဟ် ၃ နှစ်၊ ၂ လ၊ ၀ ရက်



(၁၈. ၃. ၁၉၆၉) နိုင်ငံခြားသို့
စတင်ထွက်ခွာသောနေ့ရှိ ကောဇာဂြိုဟ်ခွင်

ဇာတာရှင်သည် ၁၈. ၃. ၁၉၆၉ ခုနှစ်မှ ၄. ၂. ၁၉၇၂ ခုနှစ်အထိ ယူဂိုဆလားဗီးယားနိုင်ငံတွင် နိုင်ငံတော်၏ တာဝန်များကို စစ်သံမှူးအဖြစ် သွားရောက်တာဝန်ဖမ်းဆောင်ခဲ့ပြီး နောက်ပိုင်းတွင်လည်း အမိမြန်မာနိုင်ငံ၏ ကြီးလေးသော နိုင်ငံတာဝန်များကို ထမ်းရွက်ခဲ့သည့် လူကြီးတစ်ယောက်လည်း ဖြစ်ပါသည်။ ဇာတာရှင်သည် နိုင်ငံရပ်ခြားသို့တိုင် သွားရောက်၍ နိုင်ငံ၏ တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်း အကြောင်းတရားများကို ဗေဒင်ပညာရှုထောင့်မှ လေ့လာသုံးသပ်ကြည့်ပါက -

ဇာတာရှင်သည် ခနေလဂ်ပိုင်ရှင်ဖြစ်သဖြင့် မူလကတည်းက သံခင်းတမန်ခင်း လမ်းများနှင့်ပတ်သက်၍ မင်းနေပြည်တော်နှင့် ဆက်စပ်ကျွမ်းဝင်နိုင်သော သူတစ်ယောက်ဖြစ်ပါသည်။ လဂ်သည် သိဟ်ရာသီ တနင်္ဂနွေနဝင်းစီးနင်းပြီး လဂ်ကို ၇ တန့်နှင့် ၁၀ တန့်ဘာဝသခွင် ဗုဒ္ဓဟူးဂြိုဟ်မှပူးယှဉ်ထားခြင်း၊ ၎င်းဗုဒ္ဓဟူးဂြိုဟ်အား လဂ်၏ ၁၁ တန့်ဘာဝတွင် ဉစ်မူလျှက်ရပ်တည်နေသော စနေဂြိုဟ်မှ ၃ တန့် အထူးမြင်ထားခြင်း၊ ဗုဒ္ဓဟူးဂြိုဟ်ရော စနေဂြိုဟ်ပါ မိတ်နဝင်းများကို စီးနင်းထားခြင်း၊ ၁၁ တန့်ဘာဝတွင်

http://swanbros.blogspot.com



စနေဂြိုဟ်နှင့် ပူးယှဉ်နေသော အင်္ဂါဂြိုဟ်သည်လည်း ကသစ်နဝင်းစီးနင်းထားခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက စေလွှတ်သော စစ်သံမှူးအဖြစ် နိုင်ငံရပ်ခြားတွင် သွားရောက်တာဝန်ထမ်းဆောင်ခဲ့ခြင်းကို ဖြစ်ပေါ်စေပါသည်။

လဂ်သွင်ကြာသပတေးဂြိုဟ်နှင့် ၁၁ တန့်သွင် သောကြာဂြိုဟ်တို့သည် စရရာသီဖြစ်သော စနေဂြိုဟ်ပိုင် မကာရရာသီတွင်ပူး ယှဉ်နေကြခြင်း၊ ၎င်းပြင် ၁၁ တန့်သွင် သောကြာဂြိုဟ်သည် ၂ တန့်နှင့် ၃ တန့်သွင် စနေဂြိုဟ်နှင့် ပရိဝတ္တနသမ္ဗန္ဓပြုထားခြင်းတို့က ဇာတာရှင်အား နိုင်ငံရပ်ခြားတိုင်းပြည်များနှင့် ဆက်သွယ်လုပ်ကိုင်ရရုံမျှမက နိုင်ငံရပ်ခြားတွင် မိသားစုနှင့်အတူတကွ သွားရောက်နေထိုင်ကာ စီးပွားဥစ္စာတို့ကိုပါ တိုးတက်ရရှိစေခဲ့ပါသည်။

၎င်းပြင် ၂ တန့်သွင် စနေဂြိုဟ်နှင့် ၁၁ တန့်သွင် သောကြာဂြိုဟ်တို့သည် အားရှိစွာဖြင့် ပရိဝတ္တနသမ္ဗန္ဓဖြစ်နေခြင်း၊ ၇ တန့်နှင့် ၁၀ တန့်သွင် ဗုဒ္ဓဟူးဂြိုဟ်သည်လည်း ၁၁ တန့်ရှိ ဉစ်စနေဂြိုဟ်မှ မြင်ခြင်းခံရကာ လဂ်ကို အားရှိစွာဖြင့် ပူးယှဉ်ထားခြင်း၊ သံတမန်ဆက်ဆံရေးတွင် အဓိကကျသော ဗုဒ္ဓဟူးဂြိုဟ်ကိုယ်တိုင်ကလည်း ၁ တန့်ဘာဝတွင် လဂ်ကိုအားရှိစွာဖြင့် ပူးယှဉ်နေခြင်း၊ လူမျိုးခြား၊ ဘာသာခြား၊ နိုင်ငံရပ်ခြားတို့နှင့် အဓိကသက်ဆိုင်သော စနေဂြိုဟ်ကြီးကလည်း ဉစ်မူ၍ ၁၁ တန့်ဘာဝတွင်ရပ်ကာ ဗုဒ္ဓဟူးဂြိုဟ်ပိုင် မေထုန်ရာသီနဝင်း မိတ်နဝင်းကို စီးနင်းထားခြင်းတို့ကြောင့် ဇာတာရှင်သည် သံတမန်အခန်းကဏ္ဍမှနေ၍ နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ပါသည်။

ဇာတာရှင်သည် စစ်သံမှူးအဖြစ် နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန်အတွက် နိုင်ငံရပ်ခြားသို့ သွားရောက်ခဲ့သော ကာလအပိုင်းအခြားကို ဝိသောတ္တရီဒသာစနစ်ဖြင့် တွက်ချက်စစ်ဆေးကြည့်ပါက -

http://swanbros.blogspot.com



- ထူလဒသာသွင်ဂြိုဟ်သည် စရရာသီဖြစ်သော စနေဂြိုဟ်ပိုင် မကာရရာသီတွင် ရပ်တည်လျက်ရှိသော ကိတ်ဒသာအတွင်းကျရောက်နေခြင်း။
- ၎င်းကိတ်ဂြိုဟ်သည် ၁၁ တန့်ဘာဝတွင် ရပ်တည်လျက်ရှိသော ဥစ်မူနေသဖြင့် စနေဂြိုဟ်နှင့် ကိန်းကျနေခြင်း။
- ၎င်းပြင် လဂ်သွင်ကြာသပတေးဂြိုဟ်နှင့်၎င်း၊ ၁၁ တန့်သွင်သောကြာဂြိုဟ်နှင့်၎င်း စနေဂြိုဟ်ပိုင် မကာရရာသီတွင်ပင် ပူးယှဉ်နေကြခြင်း။
- ၎င်းကိတ်ဂြိုဟ်သည် စန်းကိုလည်း သမသတ်မြင်ထားခြင်း။
- အန္တရဒသာသွင်ဂြိုဟ်သည် လဂ်သွင်ဂြိုဟ်လည်းဖြစ် စရရာသီဖြစ်သော မကာရရာသီတွင်ပင် ရပ်တည်လျက်ရှိသော ကြာသပတေးဂြိုဟ်၏ ဒသာအတွင်းကျရောက်နေခြင်း။
- ၎င်းကြာသပတေးဂြိုဟ်သည် နိစ္စဘင်ရာဇယုဂ်နှင့် ဂဇကေသရီယုဂ်ကို ရရှိထားပြီး ဝဂ္ဂုတ္တမနဝင်စီးထားခြင်း။
- ၎င်းပြင် ၁၁ တန့်သခင် သောကြာဂြိုဟ်နှင့် ပူးယှဉ်နေသည်ကို ၁၁ တန့်ဘာဝတွင် ရပ်တည်လျက်ရှိသော ဥစ်စနေဂြိုဟ်မှ မြင်ထားခြင်း။
- ပြတျန္တရဒသာသွင်ဂြိုဟ်သည် ၁၁ တန့်ဘာဝတွင် ရပ်တည်လျက်ရှိသော ဥစ်မူနေသည် စနေဂြိုဟ်ဒသာအတွင်း ကျရောက်နေခြင်း။
- ၎င်းစနေဂြိုဟ်သည် ထူလဒသာသွင်ဂြိုဟ် ကိတ်နှင့် ၎င်းအန္တရဒသာသွင်ဂြိုဟ် ကြာသပတေးနှင့်၎င်း အပြန်အလှန် ကိန်းကျ

http://swanbros.blogspot.com



နေခြင်း၊

- ၁၁ တန့်သွင် သောကြာဂြိုဟ်နှင့် ပရိဝတ္တနသမ္ဗန္ဓဖြစ်နေခြင်း
- လဂ်နှင့်လဂ်သွင် ကြာသပတေးဂြိုဟ်ကို ၃ တန့် အထူးမြင်ထားခြင်း။
- စန်းကို ၁၀ တန့် အထူးမြင်ထားခြင်းတို့ကြောင့် ဤအချိန်ကာလမှစတင်၍ အမိနိုင်ငံ၏ တာဝန်ဝတ္တရားများကိုထမ်းဆောင်ရန် စစ်သံမှူးအဖြစ် နိုင်ငံရပ်ခြားသို့ စတင်သွားရောက်ခဲ့ရပါတော့သည်။

ကောဇာဂြိုဟ်စီး၊ ဂြိုဟ်နင်းနှင့် အမြင်အယှဉ်များကို ကြည့်ရှုစစ်ဆေးသုံးသပ်ကြည့်ပါကလည်း ဇာတာရှင်နိုင်ငံခြားသို့ ထွက်ခွာမည့်နေ့တွင် -

- ကောဇာကြာသပတေးဂြိုဟ်သည် လဂ်၏ ၁၀ တန့်ဘာဝတွင် ရပ်တည်လျက် လဂ်သွင်ဖြစ်သော မူလကြာသပတေးဂြိုဟ်ကို ၅ တန့် အထူးမြင်ထားခြင်း။
- ၇ တန့်နှင့် ၁၀ တန့်သွင် ဗုဒ္ဓဟူးဂြိုဟ်နှင့် လဂ်ကိုကိန်းအမြင်ဖြင့်မြင်ထားခြင်း။
- ကောဇာစနေဂြိုဟ်သည် လဂ်၏ ၅ တန့်ဘာဝတွင်ရပ်တည်လျက် ၁၁ တန့်ဘာဝတွင် ရပ်တည်နေသော ဥစ်မူနေသည့် မူလစနေဂြိုဟ်ကို သမသတ်မြင်ထားခြင်း။
- လဂ်သွင် မူလကြာသပတေးဂြိုဟ်ကို ၁၀ တန့်အထူးမြင်ထားခြင်း။
- စန်းနှင့် မူလရာဟုတို့ကို ကိန်းအမြင်များဖြင့် မြင်ထားခြင်း။
- ကောဇာရာဟုသည် စန်းနှင့်မူလရာဟုတို့ကို ၉ တန့် အထူးမြင်

http://swanbros.blogspot.com



ထားခြင်းတို့သည် ဤအချိန်ကာလအတွင်း ဇာတာရှင်အား ခရီးဝေးနှင့် နိုင်ငံရပ်ခြားသို့ သွားရောက်ရခြင်းကို ဖြစ်ပေါ်စေပါသည်။

အချုပ်အားဖြင့် ဆိုရသော် ဇာတာရှင်တစ်ယောက်သည် အမိနိုင်ငံ၏ တာဝန်ဝတ္တရားများကို သံတမန်တစ်ယောက်အနေဖြင့် နိုင်ငံရပ်ခြားတွင် သွားရောက်အမှု ထမ်းဆောင်နိုင်ရန်အတွက် အဓိကအရေးကြီးသည့် ဗေဒင်ပညာရပ်ပိုင်းဆိုင်ရာ အချက်အလက်များမှာ -

(က) မူလဇာတာအရ ဇာတာရှင်သည် နိုင်ငံတာဝန်များကို ထမ်းဆောင်နိုင်မည့် သံတမန်တစ်ယောက်ဖြစ်ရန်အတွက် အားရှိသောလဂ်၊ စန်း၊ လဂ်သခင်ဂြိုဟ်၊ စန်းသခင်ဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်တို့သည် ၂ တန့်၊ ၇ တန့်၊ ၁၀ တန့်၊ ၁၁ တန့် ဘာဝများနှင့်၎င်း၊ ဘာဝသခင်ဂြိုဟ်များနှင့်၎င်း ဆက်သွယ်မှုရှိနေခြင်း။

(ခ) ၎င်းပြင် ဇာတာရှင်သည် နိုင်ငံရပ်ခြားသို့ အလွယ်တကူ သွားရောက်နိုင်ရန်အတွက် လဂ်၊ စန်း၊ လဂ်သခင်ဂြိုဟ်၊ စန်းသခင်ဂြိုဟ်တို့သည် အတန့်ကောင်းများတွင် အားကောင်းစွာဖြင့် ရပ်တည်ပြီး စရရာသီများနှင့် ဆက်စပ်မှုရှိနေခြင်း (သို့) ၇ တန့်၊ ၉ တ န့်၊ ၁၁ တန့် ဘာဝတို့နှင့် ၎င်းဘာဝသခင် ဂြိုဟ်များနှင့်၎င်း သမ္ဗန္ဓပြုထားခြင်း။

(ဂ) အားရှိသော လဂ်သခင်၊ စန်း၊ စန်းသခင်ဂြိုဟ်၊ ၇ တန့်၊ ၉ တန့်၊ ၁၀ တန့်၊ ၁၁ တန့် ဘာဝသခင်ဂြိုဟ်များ ဒသာစားခိုက်နှင့် ကြုံကြိုက်ခြင်း (သို့) ၎င်းအတန့်ဘာဝများတွင် ရပ်တည်လျက်ရှိသော အားကောင်းသည့် ဂြိုဟ်များ ဒသာစားခိုက်နှင့် ကြုံကြိုက်ခြင်း။

(ဃ) တစ်ခါတစ်ရံ အားကောင်းသည့် ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်

http://swanbros.blogspot.com



ရာဟုဂြိုဟ်များဒသာ စားခိုက်တွင်လည်း နိုင်ငံရပ်ခြားသို့ သွားရောက်ရတတ်ခြင်း။

(င) နိုင်ငံရပ်ခြား ခရီးသွားခြင်းကို အဓိကဖြစ်ပေါ်စေသော ကောဇာကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုနှင့်ကိတ်တို့သည် ကောင်းသောအမြင်အယှဉ်များဖြင့် လဂ်၊ စန်း၊ လဂ်သွင်ဂြိုဟ်၊ စန်းသွင်ဂြိုဟ် မူလကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုနှင့်ကိတ်တို့ကို စီးနင်းထားခြင်း (သို့) အထူးအမြင်များ၊ သမသတ်အမြင်များဖြင့် မြင်ယှဉ်ထားခြင်းတို့ ဖြစ်ပါသည်။

၎င်းအပြင် နိုင်ငံရပ်ခြားတွင် သံတမန်များအဖြစ် နိုင်ငံတာဝန်များကို သွားရောက်တာဝန် ထမ်းဆောင်ခဲ့ကြသူများအနက်မှ ဇာတာ ၂ ခုအားလည်း ဝေဒသုတေသီများ လေ့လာနိုင်ရန်အတွက် အောက်တွင်ဖော်ပြပေးလိုက်ပါသည်။

## ဥပမာဇာတာ (၃၂)

၁၃၂၆ ခု၊ တပို့တွဲလဆန်း (၂) ရက်၊ (၂. ၂. ၁၉၆၅) အင်္ဂါ နေ့၊ မြန်မာစံတော်ချိန် နံနက် ၂ နာရီ ၃၀ မိနစ်တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။



**စောင့်ရင်းဒသာ** - တနင်္လာဂြိုဟ် - ၁ နှစ်၊ ၈ လ၊ ၂၂ ရက်


http://swanbros.blogspot.com



ဇာတာရှင်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ရှိ အရာထမ်း အမျိုးသမီးတစ်ယောက်ဖြစ်ပြီး ၃. ၁၂. ၁၉၉၃ မှ ၁၈. ၇. ၁၉၉၇ အထိ တတိယအတွင်းဝန် အနေဖြင့် ဂျာမဏီနိုင်ငံတွင် သွားရောက်တာဝန်ထမ်း ဆောင်ခဲ့သူဖြစ်ပါသည်။

## ဥပမာဇာတာ (၃၃)

၁၃၂၇ ခု၊ နှောင်းတန်ခူးလပြည့်ကျော် (၁) ရက် (၆. ၄. ၁၉၆၆) ဗုဒ္ဓဟူးနေ့၊ မြန်မာစံတော်ချိန် ၀၀ နာရီ ၃၀ မိနစ်တွင် ရန်ကုန်မြို့၌ မွေးဖွား သည်။



**စောင့်ရင်းဒသာ** - အင်္ဂါဂြိုဟ် - ၅ နှစ်၊ ၆ လ၊ ၂၆ ရက်

ဇာတာရှင်သည် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ အရာထမ်းတစ်ဦးဖြစ်ပြီး ၂. ၃. ၁၉၉၃ မှ ၂၉. ၉. ၉၇ အထိ ဟောင်ကောင်နိုင်ငံတွင် တတိယ အတွင်းဝန်အဖြစ်၎င်း၊ ၁. ၆. ၂၀၀၁ မှ ယနေ့အထိ အစ္စရေးနိုင်ငံတွင် ပထမအတွင်းဝန်အဖြစ်၎င်း နိုင်ငံတော်တာဝန်များကို ဆက်လက်ထမ်းဆောင် လျက်ရှိပါသည်။

http://swanbros.blogspot.com



# နိုင်ငံရပ်ခြားသို့နှင့် သက်ဆိုင်သော ဗေဒင်ပညာရပ်ပိုင်းဆိုင်ရာ အရေးကြီးသော အချက်အလက်များ

## (က) မူလဇာတာနှင့် သက်ဆိုင်သော အချက်အလက်များ

ဇာတာရှင်တစ်ယောက်သည် နိုင်ငံရပ်ခြားသို့ သွားရောက်နိုင်ရန် အတွက်

(၁) လဂ်၊ လဂ်သခင်၊ စန်း၊ စန်းသခင်ဂြိုဟ်တို့သည် ခရီးဝေးသွားခြင်း အပါအဝင် နိုင်ငံရပ်ခြားနှင့်သက်ဆိုင်သည့် အတန့်ဘာဝများဖြစ်သော ၇ တန့်၊ ၉ တန့်၊ ၁၁ တန့်၊ ၁၂ တန့် ဘာဝများနှင့်၎င်း၊ ဘာဝသခင်ဂြိုဟ်များနှင့်၎င်း၊ အားကောင်းစွာဖြင့် ဆက်သွယ်ကာ သမ္ဗန္ဓပြုထားခြင်း။

(၂) ၎င်းပြင် နိုင်ငံရပ်ခြားသို့ အဆင်ပြေချောမွေ့စွာ အလွယ်တကူ သွားရောက်နိုင်ရန်အတွက် လဂ်၊ လဂ်သခင်၊ စန်း၊ စန်းသခင်ဂြိုဟ်များသည် စရရာသီများတွင် ရပ်တည်နေခြင်း (သို့) စရရာသီနဝင်းများကိုသာ စီးနင်းထားခြင်း။

http://swanbros.blogspot.com



(၃) လဂ်၊ လဂ်သွင်၊ စန်း၊ စန်းသွင်ဂြိုဟ်များသည် အားရှိပြီး အတန့်ကောင်းများတွင်ရပ်တည်လျက်ရှိသော မူလကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုဂြိုဟ်တို့နှင့် ဆက်သွယ်မှုရှိနေခြင်း။

(၄) နိုင်ငံရပ်ခြားသွားရောက်ရခြင်း၏ အဓိကအကြောင်းရင်းနှင့် သက်ဆိုင်သော အတန့်သွင်ဂြိုဟ်များသည် ၂ တန့်၊ ၇ တန့်၊ ၉ တန့်၊ ၁၁ တန့်၊ ၁၂ တန့်ဘာဝများနှင့်၎င်း၊ ဘာဝသွင်ဂြိုဟ်များနှင့်လည်းကောင်း ဆက်သွယ်မှုရှိနေကြခြင်း။

(၅) သက်ဆိုင်ရာ အတန့်သွင်ဂြိုဟ်များမှာ -

- ပညာရေးနှင့်ပတ်သက်၍ သွားရောက်ရပါက ၅ တန့်ဘာဝသွင်ဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ ကြာသပတေးဂြိုဟ်တို့နှင့်၎င်း။
- သင်္ဘောသားအဖြစ် သွားရောက်ရပါက ၁၀ တန့်သွင်ဂြိုဟ်၊ တနင်္လာဂြိုဟ်၊ အာပေါရာသီများနှင့် အာပေါရာသီသွင်ဂြိုဟ်တို့နှင့် လည်းကောင်း။
- ကုမ္ပဏီကိစ္စ၊ စီးပွားကိစ္စတို့ဖြင့် သွားရောက်ရပါက ၂ တန့်သွင်၊ ၄ တန့်သွင်ဂြိုဟ်၊ ၁၀ တန့်သွင်ဂြိုဟ်တို့နှင့်၎င်း။
- ပညာရှင်အဖြစ် နိုင်ငံရပ်ခြားတွင် သွားရောက်လုပ်ကိုင်ရပါက ၂ တန့်သွင်ဂြိုဟ်၊ ၅ တန့်သွင်ဂြိုဟ်၊ ၁၀ တန့်သွင်ဂြိုဟ်တို့နှင့်လည်းကောင်း
- ဘုရားဖူးရန် (သို့) ဘာသာရေးကိစ္စများနှင့် စပ်လျဉ်း၍ သွားရောက်ရပါက ၃ တန့်သွင်ဂြိုဟ်၊ ၉ တန့်သွင်ဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်များနှင့် လောကုတ္တရာ၊ ရာသီများဖြစ်သော ဓနု၊ မကာရ၊ ကုမ်၊ မိန်ရာသီတို့နှင့်လည်းကောင်း။

---

http://swanbros.blogspot.com



- အားကစားနှင့်ပတ်သတ်၍ သွားရောက်ရပါက ၃ တန့်သွင်ဂြိုဟ်၊ တနင်္ဂနွေဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ စနေဂြိုဟ်တို့နှင့်လည်းကောင်း။
- အနုပညာ၊ ယဉ်ကျေးမှုတို့ကို အကြောင်းပြု၍ သွားရောက်ရပါက ၃ တန့်သွင်ဂြိုဟ်၊ ၄ တန့်သွင်ဂြိုဟ်၊ တနင်္လာဂြိုဟ်၊ သောကြာဂြိုဟ်၊ စနေဂြိုဟ်တို့နှင့်လည်းကောင်း
- နိုင်ငံရပ်ခြားတွင် အခြေချနေထိုင်လိုပါက ၄ တန့်သွင်ဂြိုဟ်၊ ၁၀ တန့်သွင်ဂြိုဟ်၊ ၁၂ တန့်သွင်ဂြိုဟ်၊ စနေဂြိုဟ်တို့နှင့်လည်းကောင်း။
- ကျန်းမာရေးအတွက် သွားရောက်ရပါက ဒုဋ္ဌာနများဖြစ်သော ၆ တန့်သွင်ဂြိုဟ်၊ ၈ တန့်သွင်ဂြိုဟ်၊ ၁၂ တန့်သွင်ဂြိုဟ်၊ အင်္ဂါဂြိုဟ်တို့နှင့်လည်းကောင်း။
- သံတမန်အဖြစ် သွားရောက်ရပါက ၂ တန့်သွင်ဂြိုဟ်၊ ၇ တန့်သွင်ဂြိုဟ်၊ ၁၀ တန့်သွင်ဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ သောကြာဂြိုဟ်၊ စနေဂြိုဟ်တို့နှင့်၎င်း အသီးသီးဆက်သွယ်မှုရှိနေခြင်း။

(ခ) ဒသာအပိုင်းအခြားနှင့် သက်ဆိုင်သော အချက်အလက်များ

(၁) အားကောင်းသော ၂ တန့်၊ ၇ တန့်၊ ၉ တန့်၊ ၁၁ တန့်၊ ၁၂ တန့် ဘာဝသွင်ဂြိုဟ်များ ဒသာစားစဉ်တွင်၎င်း။

(၂) ၂ တန့်၊ ၇ တန့်၊ ၉ တန့်၊ ၁၁ တန့်၊ ၁၂ တန့် ဘာဝများတွင် ရပ်တည်လျက်ရှိသော အားကောင်းသည့်ဂြိုဟ်များ ဒသာစားစဉ်တွင်၎င်း။

---

**သမီး ဇော တိ က ဆလေ**

http://swanbros.blogspot.com



(၃) ၂ တန့်၊ ၇ တန့်၊ ၉ တန့်၊ ၁၁ တန့်၊ ၁၂ တန့် ဘာဝများနှင့် ဆက်သွယ်လျက်ရှိသည့် သက်ဆိုင်ရာ အကြောင်းအရာများနှင့် အဓိက ပတ်သက်လျက်ရှိသော အတန့်သွင်ဂြိုဟ်များ ဒသာစားစဉ်တွင်လည်းကောင်း။

(၄) မူလဇာတာတွင် အားကောင်းသည့် ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုနှင့်ကိတ်များ ဒသာစားစဉ်တွင်လည်းကောင်း။

## (ဂ) ကောဇာဂြိုဟ်စီးဂြိုဟ်နင်းနှင့် သက်ဆိုင်သောအချက်အလက်များ

(၁) ကောဇာကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုတို့သည် လဂ်၊ စန်း၊ လဂ်သွင်ဂြိုဟ်၊ စန်းသွင်ဂြိုဟ်တို့ကို ကောင်းသောအမြင်အယှဉ်၊ အစီးအနင်းများဖြင့် ပူးယှဉ်ထားခြင်း။

(၂) မူလကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုနှင့်ကိတ်တို့ကိုလည်း ကောဇာကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ရာဟုဂြိုဟ်များမှ ကောင်းသော အမြင်အယှဉ်များဖြင့် စီးနင်းထားခြင်း (သို့) အထူးအမြင်များ၊ သမသတ်အမြင်များဖြင့် မြင်ယှဉ်ထားခြင်းတို့ဖြစ်ပါသည်။

http://swanbros.blogspot.com



# နိဂုံး

နိုင်ငံရပ်ခြားခရီးသွားခြင်းသည် ယနေ့ခေတ်လူငယ်တို့၏ မျှော်မှန်းချက်များထဲမှ အိပ်မက်တစ်ခုဖြစ်သည်။ နိုင်ငံရပ်ခြားတွင် အတွေ့အကြုံသစ်၊ နေရာသစ်၊ မိတ်ဆွေသစ်၊ ပတ်ဝန်းကျင်အသစ်များနှင့် တွေ့ကြုံရမည်ကမလွဲပေ။ လူသားတို့သည် ဘဝကို ရုန်းကန်လှုပ်ရှား တိုက်ပွဲဝင်ရင်း အောင်မြင်သည်လည်းရှိ၊ ကျရှုံးသည်လည်းရှိ၊ ကံဇာတ်ဆရာ၏ အလိုတော်ကျ သရုပ်ဆောင်နေကြရသည်သာဖြစ်သည်။ ထို့ကြောင့် လူသားသည် နေရာတိုင်းတွင် အောင်ပွဲခံနိုင်ရန်အတွက် ခေတ်သစ်သိပ္ပံပညာရပ်များအပါအဝင် အခြားရနိုင်သမျှသော နည်းစနစ်တို့ဖြင့် ကြံဆတီထွင် တွေးခေါ် လုပ်ဆောင်ခဲ့ကြပေသည်။ ဤနည်းစနစ်များထဲတွင် ရှေ့ဖြစ်ကံကြမ္မာကို ကြိုတင်သိရှိဆင်ခြင်နိုင်သော သိပ္ပံနည်းကျနက္ခတ္တဗေဒပညာရပ်လည်းပါဝင်ပေရာ မိမိ၏ ရန်မှန်းချက်များ ပေါက်ရောက်အောင်မြင်နိုင်ရန်အတွက် မိမိ၏ ကံကြမ္မာကို ညွှန်ပြပေးနိုင်သည့်ဇာတာအား တတ်သိနားလည် ကျွမ်းကျင်သောနက္ခတ်

http://swanbros.blogspot.com



ဗေဒင်ပညာရှင်များထံ ပြသမေးမြန်းပြီး အကြံဉာဏ်များရယူသင့်ကြပေသည်။ သို့မှသာ ဆောင်ရန်၊ ရှောင်ရန်တို့ကို ကြိုတင်သိရှိပြင်ဆင်နိုင်ပြီး အခက်အခဲ အနှောင့်အယှက်အတားအဆီးများကို ကျော်ဖြတ်၍ အောင်မြင်မှုသရဖူကို ရယူနိုင်ကြမည်ဖြစ်ပါသည်။ သို့ပါ၍ ဤ **"နိုင်ငံရပ်ခြားခရီးနှင့် ဗေဒင်ပညာ"** သုတေသနကျမ်းသည် နက္ခတ်ဗေဒင် ဝါသနာရှင်များနှင့် ဝေဒသုတေသီတို့ အတွက်လည်းကောင်း၊ လူငယ်များအနေဖြင့် အမှောင်ထဲတွင် စမ်းတဝါးဝါးနှင့် အရဲစွန့် လျှောက်လှမ်းကြမည့်အစား သင်ခန်းစာများယူ၍ တတ်သိနားလည်သော ပညာရှင်များထံ ချဉ်းကပ်မေးမြန်းပြီး လမ်းညွှန်မှုများ ခံယူနိုင်ရန် အတွက်လည်းကောင်း၊ လမ်းပြမီးအိမ်ငယ်လေးသဖွယ် အသုံးတည့်မည်ဆိုပါက ကျွန်ုပ်အနေဖြင့် တိုင်းထက်အလွန် ဝမ်းမြောက်ပီတိဖြစ်မိမည်သာ ဖြစ်ပေတော့သည်။

**သိန်းပိုင် (M.Engg. Geol)**

၂၀-၉-၂၀၀၂၊ ည ၁၀ နာရီ ၂၀ မိနစ်

နမောဝိမုတ္တိယာ၊ နမောဝိမုတ္တိနံ။

\+ + +

http://swanbros.blogspot.com

# ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီအားပေးခဲ့ကြသော -

၁။ ဇောတိသဝေဒမဂ္ဂဇင်းတွင် ဗေဒင်ပညာဆောင်းပါးများ စတင် ရေးသားရန် တိုက်တွန်းအားပေး၍ ကိုယ်တိုင်ကိုယ်ကျ ကူညီခဲ့ကြသော မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့မှ ဆရာမများဖြစ်ကြသော၊ ဒေါ်မြတ်မြတ်အေး၊ ဒေါ်ထက်နွယ်လင်းနှင့် ဒေါ်ကြည်ကြည်စိန်တို့အားလည်းကောင်း၊

၂။ နိုင်ငံရပ်ခြားခရီးနှင့် ဗေဒင်ပညာဆောင်းပါးများမှသည် ကျမ်းစာအုပ် တစ်အုပ်ဖြစ်လာသည့်အထိ ရေးသားနိုင်ရန် အမိက တွန်းအားပေးခဲ့သော ဇောတိသဝေဒမဂ္ဂဇင်းစာတည်းချုပ် ဆရာဒဂုန်အားလည်းကောင်း

၃။ ဆောင်းပါးများတွင် ပါဝင်သော ကာယကံရှင်၊ ဇာတာရှင်များ အားလုံး အားလည်းကောင်း။

၄။ ဆောင်းပါးများ ရေးသားနိုင်ရန်အတွက် ကာယကံရှင်၊ ဇာတာရှင် များနှင့် ဆက်သွယ်ကူညီပေးခဲ့ကြသော ဆရာမော်ခိုင်လင်း (၆ မိုင်ခွဲ)၊

---

သ မီး ဇော တိ က ဆဝေ

ဒေါ်လှဲလှဲအောင် (မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း)၊ ဒေါ်ခင်လေးငယ် (မြန်မာ့စီးပွားရေးဘဏ်ခွဲ ၃)၊ ရွှေပန်းချီ ကိုကျော်ကျော်လင်း (အနုပညာ ဦးစီးဌာန) တို့အား လည်းကောင်း။

၅။ ဆောင်းပါးတိုင်း စိတ်ရှည်လက်ရှည်ဖြင့် ကွန်ပျူတာစာစီ စာရိုက်ပေးသော ကိုငွေစိုးလေး (ပန်းသုဘူမိဗေဒလုပ်ငန်းများ ဆောင်ရွက်မှု သမဝါယမအသင်းလီမီတက်) အားလည်းကောင်း။

၆။ ဝေဒပညာရပ်များကို သင်ကြားပေးခဲ့သော မြန်မာနိုင်ငံဝေဒ သုတေသန အဖွဲ့မှ ဆရာ/ဆရာမများအပါအဝင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအ အပေါင်းတို့အားလည်းကောင်း အထူးထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**သိန်းဝိုင်း (M.Engg. Geol)**

http://swanbros.blogspot.com

